
SAMPLE BOOK



# သင့်လူ

## နူးညံ့စိတ်ထား နှလုံးသား

**Jan-Philipp Sendker**

# A Well-Tempered Heart



mgyoe.com SAMPLE BOOK

# သင့်လူ

နူးညံ့စိတ်ထား နှလုံးသား

Jan-Philipp Sendker

A Well-Tempered Heart

K0237

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဩဂုတ်လ၊ ၂၀၁၆ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)
အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - ဘငွေးကြည်
တန်ဖိုး - ၄၆၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# နူးညံ့စိတ်ထား နှလုံးသား

## သင့်လူ

## A Well-Tempered Heart

## Jan-Philipp Sendker

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဓေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၈၆၁၀၇၄၄၊ ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com
www.facebook.com/KantKawWutYeePublishing

http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ပထမပိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁ )

ကျွန်မဘဝ လားရာလမ်းကြောင်း ပြောင်းသွားခဲ့သည့်နေ့…၊ ထိုနေ့မနက်က ကောင်းကင်သည် ပြစ်မျိုးမှုံ့မထင်အောင် ကြည်လင် ပြာလဲ့နေခဲ့သည်။ ကျေးဇူးတော်နေ့ မတိုင်မီ တစ်ပတ်အလို လတ်ဆတ်အေးမြသည့် သောကြာနေ့။ ဒါကို ကြိုမမြင်ရကောင်းလားဟု ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြမိသည်။ ကျွန်မ ဘယ်လိုများ မသိခဲ့ရပါလိမ့်။ ဒီလောက် သိသာလှသည့် ဖြစ်ရပ်ကြီးကို ဘာကြောင့်များ သတိမထားမိခဲ့ပါလိမ့်။ အံ့သြမှင်တက်ရမှာကို မုန်းလှသည့် ကျွန်မ၊ အစည်းအဝေးတိုင်း၊ အပျော်ခရီး အပါအဝင် ခရီးစဉ်တိုင်း၊ သူငယ်ချင်းများနှင့် ညစာစားသည့်ကိစ္စပါမကျန် အသေးစိတ် ပြင်ဆင်စီမံတတ်သည့် ကျွန်မ၊ ဘယ်သူ့ကိုမှ ဘာအခွင့်အရေးမှ မပေးတတ်သည့် ကျွန်မသည် မမျှော်လင့်တာကို ကြုံရသည့်ကိစ္စကို သည်းမခံနိုင်ဆုံး ဖြစ်သည်။ ရုတ်တရက် ချက်ချင်း ဖြုန်းခနဲ ဒိုင်းခနဲ ဆိုသည့် ကိစ္စမျိုးက ကျွန်မကို ဘယ်လိုမှ မဆွဲဆောင်နိုင်ခဲ့။

အမေကတော့ ဒီကိစ္စမှာ တခြားကိစ္စတွေလိုပင် ရှေ့ပြေးနိမိတ်လက္ခဏာတွေ ရှိကိုရှိရမည်ဟု ငြင်းသည်။ အင်း- ဟုတ်ချင်လည်း ဟုတ်မပေါ့လေ။ ကျွန်မတို့က နိစ္စဓူဝ နေ့စဉ်ဘဝထဲ ရာသက်ပန် အကျဉ်းစံနေရသူတွေ ဆိုတော့ ဒီနိမိတ်လက္ခဏာတွေကို ကြည့်ရကောင်းမှန်း မသိ၊ မေ့မေ့လျော့လျော့ ဖြစ်နေပုံပင်။

mgyoe.com

mgyoe.com

သူ့အလိုအရတော့ ကျွန်မတို့ တစ်ဦးချင်းစီမှာ ကိုယ်ပိုင်ပြဿနာ၊ ကိုယ်ပိုင် လျှို့ဝှက်ချက်ကလေးတွေ ကိုယ်စီရှိကြပြီး ထိုကိစ္စများကို ဖြေရှင်းနေခြင်းသည် ကျွန်မတို့၏ ဘဝပေးတာဝန်သာတဲ့။ အမြဲ အောင်မြင်နိုင်သူ မရှိပေမယ့် ဘယ်လောက် ရှည်မှန်း မသိ၊ ဘယ်ကို ဦးတည်မှန်း မသိသည့် ဒီလမ်းကြောင်းကိုတော့ ကိုယ်စီ ကိုယ်င လိုက်ကြရတာပါပဲတဲ့။

ကျွန်မကတော့ သံသယနွံထဲ နစ်နေခဲ့သည်။ အေမှိယုံကြည်ချက်နှင့် ကျွန်မ ယုံကြည်ချက်က မတူ ကွဲပြားသည်ကိုး။ ဒီလို ပြောသည့်အတွက် ဤ ကိစ္စမှာ သူ့ဆိုလိုရင်းကို ကျွန်မ မမြင်တာ မဟုတ်ပါ။ အတိုင်းအတာတစ်ခုအထိ သူဆိုလိုချင်သည်ကို သိပါ၏။ သို့သော်လည်း လွန်ခဲ့သည့်လတွေတုန်းက ခုလို ကိစ္စမျိုးတွေ ဖြစ်တော့မည် ဆိုလျှင် ကျွန်မ အမြဲလိုလို တင်ကြိုသိနိုင်ခဲ့သည်။ အင်းလေ– အတွင်းစိတ်သန္တာန်ကို အမြဲ အာရုံစိုက် ကြည့်နေနိုင်ဖို့ ဘယ်လောက် အချိန်ပေးနိုင်မှာလဲ။ အတိတ်နိမိတ် အရိပ်လက္ခဏာတွေကို အမြဲ ဘယ်သိနိုင် ပါ့မလဲလေ။

ခန္ဓာကိုယ်မှာ တစ်ခုခု ချွတ်ချော် ပြောင်းလဲခြင်းဟာ စိတ်အာရုံ ဟန်ချက် တိမ်းစောင်းလွဲမှားမှုရဲ့ ရောဂါလက္ခဏာလို့ ယူဆကြသူတွေထဲမှာ ကျွန်မ မပါ။ ဘယ်တုန်းကမှ မပါခဲ့။ လည်ပင်းမှာ အနီစက်လေးတွေ ပေါ်လာခဲ့ဖူးသည်။ ထိုအစက်ကလေးတွေက ရက်ပိုင်းအတွင်း ကြီးထွားလာပြီး နာကျင် ပူလောင်နေ ခဲ့သည်။ ဘယ်ဆရာဝန်ကမှ အဆိုပါ အစက်များ၏ သရုပ်သကန်ကို မခွဲခြား နိုင်ခဲ့ကြ။ သုံး လေးပတ် နေတော့ ထိုအစက်များသည် ပေါ်လာတုန်းကလိုပင် ရုတ်တရက် ပြန်လည်ပျောက်ကွယ်သွားခဲ့သည်။ ဒါ ဘာကြောင့်လဲ၊ ဘာ အကြောင်းကြောင့်မဆို ဖြစ်နိုင်တာပဲ မဟုတ်လား၊ တစ်ခါတလေ နားရွက်တွေ နီရဲနေတတ်သည်။ တစ်ခါတလေ ညဘက် အိပ်မပျော်။ ဘာကြောင့်မဆို ဖြစ်နိုင် တာပါပဲလေ။

စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ စိတ်မရှည်ခြင်းတို့သည် အဆန်းတော့ မဟုတ်၊ အလုပ်ထဲမှာ အမြဲ ကြုံရတတ်သည့် အရာတွေသာပါ။ ဒီလိုနေရာမျိုးမှာ ဒီလောက်တော့ ပေးဆပ်ရမည် ဖြစ်သဖြင့် အထူးတလည် ညည်းညူနေ၍လည်း အကျိုးမထူး။

စာက ကျွန်မ စားပွဲပေါ်မှာ။ ခုခေတ် ဘယ်သူမှ မသုံးတော့သည့် တွန့်တွန့်ကြေကြေ လေယာဉ်စာအိတ် မိုးပြာရောင်လေးထဲက စာ။ သူ့လက်ရေး ကို မြင်တာနှင့် ကျွန်မ မှတ်မိပါသည်။ ဒီလို စာလုံးတွေကို သပ်ရပ်သေချာစွာ

mgyoe.com

mgyoe.com SAMPLE BOOK


ရေးသူ ဘယ်သူမှ မရှိ။ စာတစ်လုံးချင်းကို အနုပညာပစ္စည်းတစ်ခု ဖန်တီးသလို သူ ရေးသည်။ လိုင်းအဆွဲအင်ငင်တွေကို တရုတ်လက်ရေးလှသမားတွေလောက် ကို သူ အားထုတ်သည်။ ထို့ကြောင့်လည်း စာတစ်လုံးချင်းစီက လက်ဆောင် ပစ္စည်းတစ်ခုလိုပင်။ စာလုံး စိပ်စိပ်ကလေးတွေနှင့် နှစ်မျက်နှာပြည့် ရေး ထားသည့် စာထဲက စာလုံးတိုင်း၊ စာကြောင်းတိုင်း၊ စာပိုဒ်တိုင်းဟာ မေတ္တာဖြင့် စီခြယ်ထားသည် ဖြစ်သောကြောင့် စာရှင်၏ သဝဏ်လွှာပါးခံရသူ ကာယကံရှင် အဖို့ တန်ဖိုးမဖြတ်နိုင်သည့် ရတနာ စီခြယ်ထားသည့် စာ။

စာအိတ်ပေါ်မှာတော့ အမေရိကန် စာတိုက်တံဆိပ်ခေါင်း ကပ်လျက်။ သူ တိုးရစ်တစ်ယောက်ယောက်ကို ယုံယုံကြည်ကြည် ပါးလိုက်ပုံပေါ်သည်။ အမြန်ဆုံးနှင့် စိတ်အချရဆုံး စာပါးနည်းပေါ့။ နာရီကို ကြည့်လိုက်သည်။ နောက် နှစ်မိနစ်ဆို နောက်ထပ် အစည်းအဝေး စရတော့မည်။ သို့သော် စာကို ဖတ်ချင် လိုက်တာမှ ထိန်းမနိုင် သိမ်းမရအောင် ဖြစ်နေသည်။ စာရွက်ကို ဖြန့်ကာ ဖတ်မည် ကြံတုန်းမှာ တံခါးခေါက်သံကျယ်ကြီးကြောင့် ခေါင်းထောင်ကြည့် လိုက်ရသည်။ တံခါးဝမှာ မူလီဂမ် ရပ်နေသည်။ ထွားကျိုင်းသန်စွမ်းလှသည့် မူလီဂမ်သည် တံခါးမှာ နေရာအပြည့် ယူထားသည်။ မြန်မာပြည်က အစ်ကိုကြီး ထံမှ စာရသည့်အတွက် သူ့ကို ခဏလေးစောင့်ဖို့ ပြောရန် စိတ်ကူးနေတုန်း သူက ပြုံးတုံးတုံးနှင့် သူ့လက်ပတ်နာရီကို လက်ထိပ်နှင့် တဲတောက်တောက် ခေါက်ပြနေလေပြီ။ မတတ်နိုင်၊ ခေါင်းညိတ်ပြလိုက်ရသည်။ ဆိုင်မွန်နှင့် ကွန်းစ် ရှေ့နေ့ရုံးမှာ မူလီဂမ်က အထက်မြက်ဆုံးရှေ့နေ ဖြစ်သည်။ သို့သော် လက်ရေး က ဖတ်မရအောင် ဆိုးရွားလှသဖြင့် အင်မတန် လက်ရေးလှသည့် စာတစ်စောင် အပေါ် နားလည်နိုင်စရာ အကြောင်းတစ်စက်မျှ မရှိ။

ဟုတ်တော့လည်း ဟုတ်သည်။ အစည်းဝေးခန်းက လူစုံနေပြီ။ ကျွန်မ ကို စောင့်နေကြခြင်း ဖြစ်သည်။ ကော်ဖီနံ့တွေ ကြိုင်လှိုင်နေသည့် အစည်းအဝေး ခန်းသည် အသီးသီး နေရာယူပြီးကြသည့်အခါ တိတ်ဆိတ်ခြင်းက ကြီးစိုးသွားခဲ့ သည်။ နောက်လာမည့် အပတ်များမှာ ကျွန်မတို့ ရှေ့နေရုံးအတွက် အရေးအကြီး ဆုံး အမှုသည်၏ အမှုအတွက် ပြင်ကြ ဆင်ကြရတော့မည်။ အမှုကတော့ သပွတ်အူထက် ရှုပ်သည်။ မူပိုင်ခွင့်ကိစ္စတွေ၊ အမေရိကနှင့် တရုတ်က တရားမဝင် ပစ္စည်းအတုတွေ၊ လူသန်းရာပေါင်းများစွာ၏ နစ်နာဆုံးရှုံးမှုတွေ၊ ဒီအမှုကြီး အတွက် အချိန်က အဓိက ဖြစ်သည်။

mgyoe.com

mgyoe.com

မူလီဂမ်က ခပ်တိုးတိုး ပြောသော်လည်း သူ့နက်ကျောကျော အသံက တစ်ခန်းလုံး လွှမ်းနေသည်။ သူ့စကား သုံး လေးခွန်း နားထောင်အပြီး ကျွန်မ အာရုံလွင့်သွားသည်။ သူ့စကားလုံးတွေကို အာရုံစိုက်ဖို့ ကြိုးစားပေမယ့် တစ်စုံတစ်ရာက ကျွန်မ စိတ်ကို အခန်းတွင်းမှ တွန်းထုတ်နေသည်။ တရားစွဲခြင်း၊ တန်ပြန်တရားစွဲခြင်းတွေနှင့် ပြည့်နက်နေသည့် ဤလောကနှင့် ဝေးရာ ဝေးရာ ဆီသို့။

စိတ်က မြန်မာပြည်မှ အစ်ကိုကြီးဆီ ရောက်သွားသည်။ ချက်ချင်းပဲ သူ ကျွန်မရှေ့မှာ ဘွားခနဲ ပေါ်လာသည်။ ကလောက ခနော်ခနဲ့ လက်ဖက်ရည်ဆိုင်လေးထဲ သူနှင့် ကျွန်မ ပထမဆုံးအကြိမ် တွေ့ခဲ့ပုံကို ပြန်သတိရသည်။ ကျွန်မကို ငေးကြည့်နေပြီး ဆိုင်းမဆင့်ဗုံမပါ အနားရောက်လာပုံ၊ အဝါဘက် လုနေသည့် သူ့ရှပ်ဖြူ၊ အကွက်မပေါ်သည့် ပုဆိုးနှင့် နွမ်းဖပ်ဖပ် ရော်ဘာဖိနပ်တွေ။ သူ ရှိနေလိမ့်မည်ဟု တစ်ကြိမ် တစ်ခါမျှ သံသယပင် မဖြစ်ခဲ့ဖူးသော်လည်း အမှန်တကယ် တည်ရှိနေခဲ့သည့် ကျွန်မ၏ အဖေတူ အမေကွဲ အစ်ကိုကြီးလေ။

စစချင်းမှာ ကျွန်မ သူ့ကို တူးတူးခါးခါး ဖြစ်မိသည်။ ဖုန်းတောင်းစားယာစကာတစ်ယောက်လို ဆက်ဆံခဲ့မိသည်။

ကျွန်မ စားပွဲမှာ လာထိုင်ပြီး ကျွန်မကို မေးလိုက်သည့် 'မင်း အချစ်ကို ယုံကြည်လား ဂျူလီယာ' ဆိုသည့် သူ့အသံကို ကနေ့ထိ ကျွန်မ မှတ်မိနေသေးသည်။ ထိုမေးခွန်းကို ဖြေဆိုဖို့ အချိန်သည် ရပ်တန့်ပေးနေသလိုလို။ ကျွန်မ၏ သံသယအပြည့်ဖြင့် ပြက်ရယ်ပြုမှုတွေကို သူ မဖြုံခဲ့။ အစ်ကိုကြီးသည် သည်းခံ လွန်းလှသည်ပင်။

အသိဉာဏ်ပညာမူပိုင်ခွင့် တန်ဖိုးအကြောင်း မူလီဂမ် ပြောနေချိန်မှာ ကျွန်မ အစ်ကိုကြီး၏ စကားတွေကို တစ်လုံးချင်း ပြန်အမှတ်ရနေခဲ့သည်။ ကျွန်မ ရယ်ပွဲဖွဲ့တာတွေကို လျစ်လျူရှုရင်း 'ကျုပ် အတည်ပြောနေတာ' အစချီ၍ သူ ဒီလို ပြောခဲ့သေးသည်ကော။

'အင်း- ခု ကျုပ်ပြောတဲ့ အချစ်ဆိုတာ ဆန္ဒရမ္မက် မိုးလောက်တက်ပြီး စိတ်ဇောအဟုန် သိမ့်သိမ့်တုန်လို့ ချစ်သူကို လက်ဝယ်ပိုင်ပိုင် မရရင်ဖြင့် ကြက်နာကြီး လည်လိမ်သလို ပူဆွေးသောက ဗျာပါဒတွေနဲ့ ရစ်သိုင်း မှိုင်းညို့နေတဲ့ အချစ်မျိုးတော့ မဟုတ်ဘူး၊ ကျုပ် ပြောတဲ့ အချစ်က မျက်စိနှစ်ကွင်း အလင်းမရသူကို အမြင်အာရုံ ပြန်လည်ဆောင်ယူပေးနိုင်တဲ့၊ အကြောက်တရား

mgyoe.com

mgyoe.com  SAMPLE BOOK 

ထက် အဆမတန် ပိုမို အားကောင်းပြင်းထန်တဲ့၊ ဘဝအဓိပ္ပာယ်ကို ဝင်သက်နဲ့ အတူ သယ်ဆောင်လာတဲ့၊ ဖြစ်ပြီးရင် ပျက်စမြဲဆိုတဲ့ လောကနိယာမကို စိန်ခေါ် ဖီဆန်တဲ့၊ အနားသတ်ရယ်လို့ မည်မည်ရရ မရှိတဲ့ အတ္တစိတ်နဲ့ သေခြင်းတရား ကို ကျော်လွှားအောင်နိုင်လောက်အောင် မြင့်မြတ်လှပ တင့်တယ်လှတဲ့ ချစ်ခြင်း တရားပါ'

ဟင့်အင်း- ကျွန်မ ချက်ချင်းပဲ ပြန်ဖြေခဲ့မိသည်။ ဒီလိုအချစ်မျိုးကို ယုံလည်း မယုံ၊ သိလည်း မသိချင်၊ ရှိရှိ မရှိရှိ စိတ်မဝင်စား ဟူ၍ပေါ့။

ကျွန်မ အမှားကြီး မှားခဲ့ကြောင်း ရက်အနည်းငယ်အတွင်း အစ်ကိုကြီး ဦးဘက ကျွန်မကို ထင်ထင်လင်းလင်း ပြသွားခဲ့သည်။ ခု ဆယ်နှစ် ကြာပြီး သည့် အချိန်မှာရော။ မျက်စိနှစ်ကွင်း အလင်းမရသူ ရှင်းရှင်းကြီး မြင်လာအောင် အလင်းဆောင်ပေးနိုင်သည့် အချစ်ကို ခုရော ကျွန်မ ယုံနိုင်ခဲ့ပြီလား။ ကိုယ်ကျိုး အတ္တကို အောင်မြင်စွာ စွန့်ပယ်သတ်နိုင်ခဲ့သည့် လူပုဂ္ဂိုလ်တစ်ယောက် အကြောင်း ကို ဒီရုံးကလူတွေ ယုံအောင် ကျွန်မ ပြောနိုင်မည်လား။ သူတို့ ရယ်ရလွန်း သဖြင့် သေကုန်ကြလိမ့်မည်။

"ဒီနှစ်အတွက် အရေးအကြီးဆုံးအမှု ဖြစ်တဲ့အတွက် ကျွန်တော်တို့ အနေနဲ့..."

မူလီဂမ်က အာပေါင်အာရင်းသန်သန် ပြောနေတုန်း။ ကျွန်မ တတ်စွမ်း သရွေ့ အာရုံစိုက်ထားပေမယ့် အတွေးတွေက လှိုင်းပုတ်ခံရသော သစ်တိုသစ်စ တွေလို ဦးတည်ရာမရှိ ရှေ့တိုးနောက်ငင် လွင့်မျော။

"ဂျူလီယာ"

မူလီဂမ့်အသံက ကျွန်မကို မန်ဟက်တန်သို့ အတင်းပြန်ဆွဲခေါ် နေသည်။

"ကဲ- ခင်ဗျားအလှည့်ပဲ"

ခေါင်းညိတ်ပြလိုက်သည်။ မှတ်စုတွေကို ငုံ့ကြည့်လိုက်သည်။ လုပ်ရိုး လုပ်စဉ် အဖွင့်စကားလေး ပြောဖို့ ကြံစည်နေတုန်း အသံဖျော့ဖျော့လေးတစ်ခုက ကျွန်မကို ရိုက်ခတ်လာခဲ့သည်။ ကျွန်မ အတော်ပင် စိတ်အနှောင့်အယှက် ဖြစ်သွားသည်။

*'နင် ဘယ် သူ လဲ...'*

တိုးတိုးမျှင်မျှင်ကလေးပေမယ့် ဒါ စကားသံ ဆိုတာ မမှားနိုင်။

*'နင် ဘယ် သူ လဲ...'*

mgyoe.com

mgyoe.com

SAMPLE BOOK


တိုးပေမယ့် ပီသလှသည့် အဝေးတစ်နေရာမှ လွင့်မျောလာသော အမျိုးသမီးတစ်ယောက်အသံ။ ဒီလိုအချိန်ကောင်းမှာ ဘယ်သူက လာနှောင့်ယှက်နေတာလဲ။ ကျွန်မ ညာဘက် လှည့်ကြည့်မိသည်။ ဘယ်သူမှမတွေ့၊ ဒါဆို ဒီအသံ ဘယ်က ထွက်လာသလဲ။ ဟော–

*'နင် ဘယ် သူ လဲ...'*

ဘယ်ဘက် လှည့်ကြည့်ပြန်သည်။ ဘာဆို ဘာမျှမတွေ့၊ ဘယ်ကမှန်း မသိသည့် တီးတိုးသံ။

*'ဒီ လူ တွေ နင့် ဆီ က ဘာ လို ချင် နေ တာ လဲ...'*

တစ်ခန်းလုံး တိတ်ဆိတ်လျက်။ အသက်ကို ပြင်းစွာရှူသွင်းရင်း ဖြည်းဖြည်းချင်း ရှူထုတ်လိုက်သည်။ ရက်စိတ်ကြောင့် မျက်နှာ ရဲနေပြီဆိုတာ သိသည်။ သို့သော် အာစေးထည့်ခံထားရသလို ဖြစ်နေသည်။ မျက်လုံးတွေက အောက်စိုက်လျက်။ တစ်ယောက်ယောက်က ချောင်းဟန့်လိုက်သံ ကြားရသည်။

*'ယုံ ကြည် ရာ အ တိုင်း နိုင် နိုင် မာ မာ ရပ် တည် ပါ...'*

''ဂျူလီယာ''

စကားတစ်လုံးမျှ မပြောနိုင်သေး။ ဘယ်သူမျှလည်း မရှိ။ ကျွန်မ အသက်ရှုကျပ်လာပြီ။ ဒါ ဘယ်သူလဲ၊ ဘယ်သူ လာပြောနေတာလဲ၊ သူ ကျွန်မဆီက ဘာလိုချင်တာလဲ၊ တစ်သက်လုံး လုပ်လာတဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ကျွန်မ ဘာလို့ ကြောက်နေတာလဲ။

''ပြောစရာရှိတာ လွတ်လွတ်လပ်လပ် ပြောချလိုက်ပါ ဂျူလီယာ၊ ကျွန်တော်တို့အားလုံး နားထောင်နေပါတယ်''

မူလီကမ့်အသံက စိတ်သိပ်မရှည်တော့ဟန်ပေါက်နေသည်။ စိတ်အနှောင့်အယှက်ဖြစ်ခြင်းကို ဖော်ပြသည့် ချောင်းဟန့်သံတွေ ဟိုက ဒီက ထွက်လာခဲ့သည်။

*'သ တိ ထား၊ အ ပြော အ ဆို ဆင် ခြင်၊ သ တိ ထား...'*

ခေါင်းထောင်ရင်း တစ်ခန်းလုံးကို ဝေ့ကြည့်လိုက်သည်။ လူတွေက မျက်စိထဲမှာ တရိပ်ရိပ် ဖြစ်နေသည်။ မာ့ခ်၏ ပူပင်သော အကြည့်ကို တွေ့ရသည်။ သူ ကျွန်မ ခုလို ဖြစ်နေတာကို သိနေလား၊ ခံစားမိလား၊ ဖရန့်ခ်၏ မျက်နှာပြဲကြီးပေါ်မှာ လှောင်ပြုံးတစ်စ။ တစ်နေ့နေ့ ကျွန်မ ဒီလို မရှုနိုင် မကယ်နိုင် ဖြစ်မှာကို သူ သိနေသည့်အလား။

*'သူ တို့ ဘာ ပြော ပြော သူ တို့ ကို နင် မ ယုံ နဲ့...'*

mgyoe.com

mgyoe.com SAMPLE BOOK


ထိုအသံက ကျွန်မလည်မျိုကို နင်းချလိုက်သလို။ ကျွန်မ တစ်ကိုယ်လုံး မလှုပ်နိုင်သလို ဖြစ်နေသည်။ မျက်စိထဲမှာ သူတို့မျက်နှာတွေ ရောယှက်ပြေးလွှား နေသည်။ လက်ဖဝါးတွေ ချွေးစေးပြန်လာသည်။ နှလုံးက တဒိန်းဒိန်း ခုန်လာ သည်။

"ဂျူလီယာ ခင်ဗျား အဆင်ပြေရဲ့လား"

*'နှင့် ကို ဘယ် သူ မှ မ ကူ ညီ နိုင် ဘူး...'*

"ဟို- ကျွန်မ..."

တစ်ခန်းလုံး တိတ်သွားသဖြင့် အသံက လိုအပ်သည်ထက် ပိုကျယ် သွားသည်။ လူတွေ အာရုံစိုက်စေဖို့ ခြေဆင်းစကား ပြောတာနဲ့ မတူဘဲ ငိုသံ ပေါက်နေသည်။ သူတို့အားလုံး ကျွန်မကို ငေးနေကြသည်။ တိတ်နေကြသည်။ ခေါင်းတွေ တရိပ်ရိပ် မူးလာသည်။ လဲကျတော့မလို ဖြစ်လာသည်။

"ရေလေး သောက်လိုက်ပါလား"

ရိုးရိုးသားသား အကြံပေးတာလား၊ ကျွန်မ ထင်ယောင်ထင်မှားတွေ ဖြစ်နေတာလား၊ ယုံကြည်ရာကို ခိုင်ခိုင်မာမာ ရပ်တည် ဆိုပါလား။

*'တစ် လုံး မှ မ ပြော နဲ့၊ ပါး စပ် ပိတ် ထား...'*

မျက်စိရှေ့မှာ အက်ကြောင်းကြီး ပေါ်လာသည်။ စက္ကန့်ပိုင်းအတွင်း ကျယ်လာခဲ့သည်။ ကျွန်မ ဘယ်သူမှ မမြင်အောင် ပုန်းနေလိုက်ချင်သည်။ ဘယ်လို ဖြစ်နေတာလဲ၊ နေ့ခင်းကြောင်တောင် ဘယ်ကမှန်းမသိတဲ့ အသံကို ကြားနေရသည်။ လူစိမ်းတစ်ယောက် ခန္ဓာကိုယ်ထဲ ဝင်နေသလို။ တစ်ကိုယ်လုံး သေးသွား၊ ကျုံ့သွားသလို ခံစားနေရသည်။ ဘာဆိုဘာမျှ မရှိတော့သလို ခံစား နေရသည်။ ဒီအသံမပျောက်မချင်း ကျွန်မ စကားတစ်လုံးမျှ ပြောနိုင်တော့မှာ မဟုတ်။ နားတွေကို လက်နှစ်ဖက်ဖြင့် ပိတ်ချည် ဖွင့်ချည်လုပ်သည်။ အသက် ပြင်းပြင်း ရှူသည်။ ဟင့်အင်း- အလကားပါပဲ။

*'သူ တို့ နင့် ကို ကောင်း ကျိုး မ ပေး ဘူး၊ အ ပြုံး တု နဲ့ လူ တွေ၊ အ န္တ ရာယ် ကောင် တွေ...'*

သူ့ကို ကျွန်မ အသံကုန်အော်ပစ်လိုက်ချင်သည်။

**'တော် ပါ တော့၊ မ ပြော ပါ နဲ့ တော့၊ ကျွန် မ ဘာသာ နေ ပါ ရ စေ'**

သို့သော် စကားသံက တစ်လုံးမျှ ထွက်မလာခဲ့။

မူလီဂမ်နှင့် ကျွန်မ အကြည့်ချင်းဆုံသည်။ ခု ဘယ်သူမျှ မကယ်နိုင် တော့တာ အသေအချာ သိရပြီ။ ကျွန်မ ထွက်သွားမှ ဖြစ်မည်။ ခု ချက်ချင်း

mgyoe.com

mgyoe.com
SAMPLE BOOK


ထွက်မှ၊ အိမ်သာထဲ၊ ရုံးခန်းထဲ၊ တိုက်ခန်းထဲ၊ ဘယ်ဖြစ်ဖြစ် အရေးမကြီး၊ ဒီနေရာနဲ့ ဝေးရင်ပြီးရော။ ကျွန်မဆီက အကြံဉာဏ် လိုချင်သူများကို အကြွေး တင်မိပြီ၊ တောင်းပန်ရမည်။ သူတို့ကို ဘာအကြံမျှ မပေးနိုင်တော့။ အင်အားရယ် လို့ တစ်စက်ကယ်မျှ မရှိလေတော့။ ဘာမျှလည်း မပြောနိုင်တော့။ ခဏတာ ချိတုံ့ချတုံ့ ဖြစ်နေပြီး ကျွန်မ ဖြည်းဖြည်းချင်း ထရပ်လိုက်သည်။ ခြေထောက် တွေက တုန်နေသည်။

*'နင် ဘာ လုပ် နေ တာ လဲ...'*

''ဟေ့- ဂျူလီယာ၊ ဘာဖြစ်နေတာလဲ''

ကျွန်မ စာရွက်တွေ သိမ်းပြီး တံခါးဆီ ဦးတည်လိုက်သည်။ မူလီဂမ် က နောက်ကနေ လှမ်းအော်နေသည်။ သူ ဘာပြောနေမှန်း ကျွန်မ နားမလည် တော့။ တံခါးဖွင့်၊ အပြင်ထွက်၊ တံခါးကို အသံမမြည်အောင် ပြန်ပိတ်။

*'ခု ဘာ လုပ် မှာ လဲ...'*

ကျွန်မ ရုံးခန်းထဲ ဒရောသောပါး လျှောက်လာခဲ့သည်။ စာရွက်စာတမ်း တွေကို စားပွဲပေါ်ပစ်ချ၊ ကုတ်အင်္ကျီကိုယူ၊ ဦးဘ၏ စာကို လက်ပွေ့အိတ်ထဲ ထည့်ပြီး စကားတစ်ခွန်း ချန်မထားဘဲ ရုံးက ထွက်လာခဲ့သည်။

ကျွန်မ ခရီးဘယ်ကစလို့ ဘယ်မှာ ဆုံးမည်ကို မသိ။ တကယ့်ကို ရှိုးရှိုးသားသား မသိ။ ကျေးဇူးတော်နေ့မတိုင်ခင် တစ်ပတ်အလို ကြည်လင် အေးမြ၊ ထိုနေ့ကပေါ့။

■ ■ ■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၂ )

ကလော

၉-နိုဝင်ဘာ-၂၀၀၆

ချစ်စရာကောင်းတဲ့ နှမလေးရေ။

ဒီစာ နှမလေးဆီ ချောချောမောမော ကောင်းကောင်းမွန်မွန် ရောက်မယ်လို့ အစ်ကိုကြီး မျှော်လင့်တယ်ကွယ်။ အကြာကြီး နှုတ်ဆိတ်နေမိတာ အစ်ကိုကြီးကို ခွင့်လွှတ်တော့ နှမရေ။ နောက်ဆုံး ဘယ်တုန်းက နှမဆီ စာရေးမိမှန်းတောင် မမှတ်မိတော့ဘူး။ နွေတုန်းကလား၊ မိုးအဝင်မှာလား မသိ။

နှမလေး လာပြီးကတည်းက ခုထိ ကမ္ဘာအသချေ်လောက် ကြာခဲ့ပြီ ထင်ရပေမယ့် ကလောရော၊ အစ်ကိုကြီးရော ဘာမှ သိပ်မပြောင်းလဲလှပါဘူး။ ဗေဒင်ဆရာ့မိန်းမက နေကောင်းဖြစ်နေပြီး မကြာခင် သေတော့မယ်။ တို့ ပထမဆုံး စတွေ့တဲ့ လက်ဖက်ရည်ဆိုင်ရှင်သမီးက ခု သားလေးတစ်ယောက်တောင် ရပြီ။ ကမ္ဘာကြီးကတော့ ဒီလိုမျိုး ဟုတ်မယ် မထင်ပါဘူး။ အစ်ကိုကြီးတို့ ဘဝနဲ့ နှမတို့ဘဝက စည်းချက်မှ မတူဘဲလေ။ နှမလေးတို့ဆီမှာ ဘာတွေ ပြောင်းလဲနေသလဲ ဆိုတာတော့ အစ်ကိုကြီး မှန်းကြည့်ဖို့တောင် မလွယ်လှဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK


အစ်ကိုကြီးကတော့ အရင်လိုပါပဲ။ စာအုပ်ဟောင်းလေးတွေ ပြုပြင်နေတုန်းပေါ့။ ဒါပေမဲ့ ဒီအလုပ်ဟာ အချိန်ကြာလာတာနဲ့အမျှ တဖြည်းဖြည်း ပိုခက်ခက်လာတယ်။ မျက်လုံးကလည်း မကောင်းတော့ဘဲကိုး၊ တစ်နေ့ထက်တစ်နေ့ ပိုပိုမှုံလာတယ်လေ။ အင်း- အစ်ကိုကြီးလည်း မီးစာကုန်ဆီခန်း အရွယ်ရောက်လာခဲ့ပြီ။ ညာဘက်လက်ကလည်း မသိမသာလေး တုန်ချင်နေတယ်။ ဆိုတော့ စာအုပ်ပိုးပေါက်တွေကို ပြုပြင်ရတာ ပိုပိုခက်လာတာပေါ့။ ပြီးခဲ့တဲ့သုံးလအတွင်း စာတစ်အုပ်ပဲ ပြင်ပြီးတယ်။ ထူတဲ့ စာအုပ်ဆို ခုဆို ခြောက်လလောက် အချိန်ယူရတော့မယ်။ ဒါတွေ လုပ်တာ ဘာကောင်းလို့လဲလို့ ကိုယ့်ကိုယ်ကိုယ်မေးခဲ့ဖူးပါတယ်။ ဒါပေမဲ့ အစ်ကိုကြီးရဲ့ တစ်ခုတည်းသော ပိုင်ဆိုင်မှုက အချိန်ပဲလေ။ အစ်ကိုကြီးက အချိန်တွေ ပေါလွန်းတဲ့ အချိန်သူဌေးကြီးပေါ့အေ။ တောရေးတောင်ရေးတွေ ကလောင်ဦးတည့်ရာ လျှောက်ရေးနေလို့ သူငယ်ပြန်နေပြီလို့ထင်မနေနဲ့ဦးအေ့။ ညဲ့ည်း အစ်ကိုကြီး ဘာမှ မဖြစ်သေးပါဘူး။ ခု နယူးယောက်မှာ ဆောင်းဦး ဖြစ်မယ် ထင်တယ်။ စာအုပ်တစ်အုပ်ထဲ ဖတ်ဖူးတာတော့ နယူးယောက်ဟာ ဆောင်းဦးမှာ အလှဆုံး ဆိုပဲ။ တကယ်လား နှမရေ။ ပြော်-တို့ဟာ မောင်နှမသာ ဆိုတယ်၊ အစ်ကိုကြီးဟာ နှမ ဘဝအကြောင်း ဘာမှနားမလည်ပါလားနော်။

အစ်ကိုကြီးတို့ဆီမှာတော့ မိုးကုန်တော့မယ်။ ကောင်းကင်က ကြည်ကြည်လင်လင်၊ ရာသီဥတုက ခြောက်ခြောက်သွေ့သွေ့ ဖြစ်လာခဲ့ပြီ။ တဖြည်းဖြည်းအေးလာပြီ။ မကြာခင် အိမ်ရှေ့ဥယျာဉ်လေးထဲက မြက်ဖျားတွေမှာ နှင်းသီးလေးတွေ တွေ့ရတော့မယ်။ အဲဒီမြင်ကွင်းကို အစ်ကိုကြီးအနေနဲ့ တန်ဖိုးမဖြတ်နိုင်အောင်ကို ခံစားရတာ။

မနေ့ကတော့ ထူးထူးခြားခြား ကိစ္စတစ်ခု ဖြစ်ခဲ့တယ်ကွဲ့။ လမ်းလေးခွဆုံက ညောင်ပင်ကြီးအောက်မှာ မိန်းမတစ်ယောက် ထူးထူးဆန်းဆန်း ဆုံးပါးသွားခဲ့တယ်။ ဒီကိစ္စကို သူကိုယ်တိုင် မြင်ခဲ့တယ်ဆိုတဲ့ အိမ်နီးချင်းရဲ့ အပြောအရတော့ အဲဒီမိန်းမဟာ အော်ကြီးဟစ်ကျယ်နဲ့ ငိုလိုက် ညည်းလိုက် လုပ်နေခဲ့သတဲ့။ သူ့ညီမနဲ့အတူ ဈေးကိုသွားရင်း ညောင်ပင်အောက်မှာ ခွေလဲကျသွားတယ်တဲ့။ သူ့ညီမကို တွဲထားရင်း အဲဒီမိန်းမဟာ သူ့ကို ခွင့်လွှတ်ဖို့ အကြိမ်ပေါင်းများစွာ ပြောရင်း မျက်ရည်ပေါက်ကြီးတွေ ကျလာလိုက်တာ တစ်ပေါက်တစ်ပေါက် မြေပဲဆန်လောက်ကို ကြီးတယ်ဆိုပဲ။ ဒီကလူတွေ ပိုတတ်တာကဲတတ်တာ နှမလေး သိတဲ့အတိုင်းပဲလေ။ ခဏနေတော့ သူဟာ တစ်မြို့လုံးက မကြားဖူးတဲ့ နာမည်တစ်ခုကို အော်ခေါ်ရင်း လမ်းမှာ တွေ့တဲ့ လူငယ်တစ်ယောက်

mgyoe.com

mgyoe.com SAMPLE BOOK


နောက်ကို ဖွတ်အတင်းလိုက်မယ် တကဲကဲ လုပ်နေတယ်တဲ့။ အဲဒီလူငယ်က တအံ့တသြနဲ့ သူ့ကို လှည့်ကြည့်လိုက်တယ်၊ မျက်လုံးချင်းအဆုံမှာ အဲဒီမိန်းမဟာ ကျောက်ရုပ်တစ်ရုပ်လို တောင့်တင်းသွားပြီး ရုတ်တရက် လဲကျ သေဆုံးသွားခဲ့တယ်တဲ့လေ။ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလိုမျိုးတဲ့။ သူ ဘယ်လိုဖြစ်လို့ သေသွားတာလဲ ဆိုတာကို ဘယ်သူမှ မပြောနိုင်ဘူး။ သူ့ညီမကတော့ ဖြစ်ရလေ အစ်မရယ်လို့ ပြောပြီး အော်အော်ငိုသတဲ့။ သူတို့ညီအစ်မဟာ မြို့စွန်မှာ နှစ်ယောက်တည်း နေကြတာတဲ့၊ မိတ်ဆွေအပေါင်းအသင်းလည်း မရှိကြဘူးတဲ့၊ သူတို့အကြောင်းလည်း ဘယ်သူမှ ရေရေရာရာ မသိကြဘူး။ ဒါပေမဲ့ ထူးဆန်းတာက သူတို့ဟာ အားလုံးကို သိနေသလိုပဲတဲ့။ အဲဒီကိစ္စကို ခုထိ တစ်မြို့လုံး ကျွက်ကျွက်ညံအောင် ပြောနေကြတုန်းပဲ။ အဲဒီမိန်းမ ပြေးလိုက်သွားတဲ့ လူငယ်ဟာ မှော်ဆရာတဲ့၊ သူ့အကြည့်တစ်ချက်နဲ့ အဲဒီမိန်းမကို သေအောင် ပြုစားလိုက်တာတဲ့။ ကောင်လေးခမျာလည်း သနားပါတယ်။ မဟုတ်ပါဘူးလို့ တွင်တွင်ငြင်းရင်း သူ့အဒေါ်ရှိတဲ့ တောင်ကြီးကို ပြေးပါလေရော။

ညည်းရော ဘယ်လိုတုံးကွဲ့၊ နောက်ဆုံးစာထဲမှာ ရေးထားခဲ့တဲ့ မစ္စတာမိုက်ကယ်နဲ့ မင်္ဂလာပွဲ အထမြောက်သွားပြီလား။ ကြည့်ရတာ လက်ထပ်ပြီးသွားလို့တောင် ကြာနေပြီ ထင်တယ်။ စာအဆက်အသွယ် မရှိတာလည်း ကြာမှကိုးကွဲ့။ အင်းလေ- လက်ထပ်ပြီးပြီဆိုရင် ညည်းတို့လင်မယားအတွက် အစ်ကိုကြီး လှိုက်လှိုက်လှဲလှဲ ဝမ်းသာပါတယ်။ အကောင်းဆုံးတွေ ဖြစ်ပါစေလို့ နှလုံးသားထဲက ဆုတောင်းပေးပါတယ်။ အင်း- အမျိုးသမီး မဆုံးခင်တုန်းက အိမ်ထောင်သည်ဘဝရဲ့ ပျော်ရွှင်ချမ်းမြေ့မှုကို အစ်ကိုကြီးလည်း နှစ်နည်းနည်းလောက်တော့ ခံစားခဲ့ရဖူးပါတယ်ကွယ်။

ကဲ- ဂျူလီယာလေးရေ၊ စာလည်း ရှည်သွားပြီ။ အသက်ကြီးတော့ ရောက်တတ်ရာရာတွေ ပြောရင်း ညည်းအချိန်တွေ ကုန်မှာလည်း စိုးလှတယ်။ ခု တော်ဦးမယ်နော်၊ ကလောက မီးမမှန်ဘူး၊ မီးအားကျတယ်။ ခုကို မီးလုံးက မှိတ်တုတ် မှိတ်တုတ်နဲ့ လျှို့ဝှက်သင်္ကေတ အချက်ပြနေသလိုပဲ။ တကယ်တော့ မီးအား ကျလိုက် တက်လိုက် ဖြစ်နေတာလေ။

ဂျူလီယာလေး၊ အစ်ကိုကြီး အချစ်ဆုံး နှမလေး... ဘဝမှာ အစစအရာရာ ကံကောင်းခြင်းလက်ဆောင်တွေပဲ ရပါစေကွယ်။ အစ်ကိုကြီး ညည်းကို သိပ်လွမ်းတာပဲ။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နော်။

ချစ်တဲ့ အစ်ကိုကြီး
ဦးဘ

mgyoe.com

mgyoe.com


စာကို ဘေးချထားလိုက်သည်။ တိတ်နေသည့် အသံ ပြန့်ပေါ်လာမှာကို ကျွန်မ ကြောက်နေမိသည်။ သို့သော် ခု လောလောဆယ်တော့ အစ်ကိုကြီး စာကြောင့် သွေးရင်းသားချင်းအပေါ် ချစ်ခင်စိတ်တွေ၊ သတိရစိတ်တွေ၊ လွမ်းစိတ်တွေ၊ ဝမ်းနည်းစိတ်တွေသာ တဖွားဖွား ပေါ်နေခဲ့သည်။ အစ်ကိုကြီးကို လူကိုယ်တိုင် အရှင်လတ်လတ် တွေ့ချင်လိုက်တာ သေမတတ်ပင်။ သူ့အသံ၊ သူ့ဟန်၊ အရာရာကို မလိုအပ်ဘဲ အားနာနေတာ၊ တောင်းပန်နေတာတွေ၊ ယဉ်ကျေးလွန်းလှတာတွေ၊ နှိမ့်ချလွန်းလှတာတွေ တရိပ်ရိပ် မြင်ယောင်လာခဲ့သည်။ သူ့ကျွန်းအိမ်အိုမည်းကလေးက မျက်စိရှေ့မှာ တရိပ်ရိပ် ပေါ်လာခဲ့သည်။ အိမ်အောက်က ရွှံ့ထဲ လူးနေသည့်ဝက်၊ ဟောင်းနွမ်းလှသည့် ပက်လက်ကုလားထိုင်တွေ၊ ကျွန်မ အိပ်ခဲ့သော ဆိုဖာခုံကြီး၊ သူနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နေသည့် ပျားတွေ၊ သူနှင့် မဆိုင်သဖြင့် တစ်စက်မျှ မတို့မထိခဲ့သော ပျားရည်အပြည့်နှင့် ပျားအုံကြီး။

အစ်ကိုကြီးသည် စာအုပ်ဟောင်းတွေ ပြည့်နေသည့် သူ့စားပွဲပေါ်မှာ ကုန်းကုန်းကြီး ထိုင်ရင်း စာအုပ်ပြင်နေသည်။ အခန်းထဲက စာအုပ်ပုံကြီးက မျက်နှာကြက်ထိလုမတတ်။ စားပွဲပေါ်မှာ ကတ်ကြေးတွေ၊ ဓာဂနာတွေ၊ ကော်ဘူးတွေ၊ စာရွက်ပိုင်းလေးတွေ။ ထိုပစ္စည်းကိရိယာများကို သုံး၍ ပိုးပေါက်တွေ ဖြစ်နေသည့် စာအုပ်ဟောင်းတွေကို သူ စိတ်ရှည်လက်ရှည် ပြုပြင်နေသည်ကို ကျွန်မ နာရီပေါင်းများစွာထိုင်ကြည့်ခဲ့ဖူးသည်။ ဤနည်းဖြင့် နှစ်ပေါင်း များစွာ အတွင်း စာအုပ်ဒါဇင်ပေါင်းများစွာကို သူ ပြုပြင်ခဲ့သည်။

ဩော်- ကျွန်မဘဝနဲ့ ကွာလွန်းလှတဲ့ အစ်ကိုကြီးရဲ့ ငြိးငွေ့ဖွယ် ကောင်းလှတဲ့ဘဝလေ၊ ကျွန်မ နှလုံးသားကို လက်ဖြင့် ဆုပ်နယ် ဖျစ်ညှစ်လိုက်သလို ခံစားရသည်ပင်။

မြန်မာပြည်မှအပြန် အမှတ်တရ လက်ဆောင်တွေ တင်ထားသည့် စင်လေးဆီ အကြည့်က ရောက်သွားသည်။ စာအုပ်တွေ၊ သတင်းစာတွေ၊ အစ်ကိုကြီး ပေးလိုက်သည့် သစ်သားဗုဒ္ဓရုပ်ပွားတော် တစ်ဆူ၊ ဖုန်တက်နေသည့် သစ်စေးသား သေတ္တာလေးထဲက ဆင်ရုပ်တွေ၊ မျောက်ရုပ်တွေနှင့် ကလောက မပြန်ခင် အစ်ကိုကြီးနှင့် ကျွန်မ ရိုက်ခဲ့သည့် ဓာတ်ပုံ။ ကျွန်မက အစ်ကိုကြီးထက် ခေါင်းတစ်လုံး ပိုမြင့်နေသည်။ အစ်ကိုကြီးက အစိမ်းနှင့် အနက်စင်း လုံချည်အသစ်ကို ဝတ်ထားသည်။ ခေါင်းမှာ ရှမ်းကြီးတွေလို ပန်းရောင် ခေါင်းပေါင်း ပေါင်းထားပြီး ကင်မရာကို လေးလေးနက်နက် ကြေကြေကွဲကွဲ စိုက်ကြည့်နေခဲ့သည်။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ဓာတ်ပုံထဲမှ ကျွန်မကတော့ တစ်သက်တာလုံးမှာ အပျော်ဆုံး အချိန်မို့လား မသိ၊ ကိုယ့်ကိုယ်ကိုယ်ပင် မမှတ်မိလောက်အောင် ရွှင်ပြုံးချိုမြနေခဲ့သည်။ တစ်ခါမျှ မသိခဲ့ဖူးသည့် ကျွန်မ ဖေဖေ၏ အင်မတန် လှပသည့် အချစ်ဓာတ်လမ်းကြောင့် ပေါ့ပါးရွှင်လန်းနေပုံက ဓာတ်ပုံထဲမှာ အထင်းသား။ ထိုပုံကို သူငယ်ချင်းတွေ မြင်တော့ သူတို့က ကျွန်မပုံ ဆိုတာတောင် မယုံနိုင်ပေါင်တဲ့။ မိုက်ကယ်ကလည်း ဒီပုံကို မြင်စက အိန္ဒိယက ဆရာသခင် ဂုရုကြီးတစ်ပါးနှင့်အတူ ပျော်ရွှင်စွာ ရိုက်ထားသည့်ပုံလို့ ထင်နေခဲ့သည်တဲ့။ နောက်ပိုင်းကျတော့ သူသေချာကြည့်ရင်း ဒီလောက် မြူးလှတာ တန်တော့ မြန်မာပြည်က ဘိန်းပြောင်းကို ရှူပြီး ရိုက်ထားတာနေမှာတဲ့လေ။

ခု ဆယ်နှစ်တောင် ကြာသွားခဲ့ပြီ။ ဒီဆယ်နှစ်အတွင်း ဖေဖေ့ အုတ်ဂူဆီ၊ အစ်ကိုကြီး ဦးဘဆီ ပြန်သွားဖို့ အကြိမ်ကြိမ် စဉ်းစားခဲ့ဖူးသည်။ ကြိုးစားခဲ့ဖူးသည်။ လေယာဉ်လက်မှတ် မှာပြီး နောက်ဆုံးမိနစ်ကျမှ အရေးပေါ်ကိစ္စတွေကြောင့် ခရီးစဉ် ဖျက်လိုက်ရတာ နှစ်ကြိမ် နှစ်ခါ။ ထိုအရေးပေါ်ကိစ္စတွေ၊ နိစ္စဓူဝ ကိစ္စတွေက ဖိစီးနှိပ်စက်လွန်းလာသည့်အခါ မှတ်ဉာဏ်တို့သည် မှေးမှိန်၍လာ၏။ ဆန္ဒတို့သည် ယုတ်လျော့၍လာ၏။ တစ်နေ့နေ့ပေါ့ ဆိုသည့် ခပ်ပေါ့ပေါ့စိတ်တွေ ဝင်လာခဲ့၏။

အစ်ကိုကြီးဆီ နောက်ဆုံး ဘယ်တုန်းက စာရေးခဲ့မိသည်ကို မမှတ်မိတော့။ ကြာလွန်းလှပြီ။ ဒါတောင် အစ်ကိုကြီးက သူ အကြာကြီး နှုတ်ဆိတ်နေမိသဖြင့် ခွင့်လွှတ်ဖို့ တောင်းပန်နေသေးသည်။ တကယ် တောင်းပန်ရမည်က သူ့စာကို မပြန်နိုင်ခဲ့သည့် ကျွန်မကသာ ဖြစ်သည်။ အဲဒီရှေ့က စာကိုလည်း ကျွန်မ မပြန်ခဲ့မိဘူး ထင်တာပါပဲ။ သေချာမမှတ်မိ။ ကလောက ပြန်လာလာချင်းတုန်းကတော့ ကျွန်မတို့ မောင်နှမ စာမှန်မှန် ရေးခဲ့ကြသည်။ ကြာလာလေလေ စာသွားစာလာ အကြိမ်ရေက လျော့ကျလာလေ။ အစ်ကိုကြီးက သူပြုပြင်ထားသည့် စာအုပ်တွေ ကျွန်မဆီ တစ်နှစ် တစ်အုပ် မှန်မှန်ပို့ပေးခဲ့သည်။ သို့သော်လည်း စာအုပ်တွေက ဟောင်းလှ နွမ်းလှသဖြင့် ကျွန်မ စိတ်မသန့်ချင်၊ ကိုင်ပြီးတာနှင့် လက်တန်းဆေးပစ်ရသည်။ အစ်ကိုကြီး လက်ရာတွေမို့ အစကတော့ ခုတင်ဘေးမှာ အမြတ်တနိုး ထားခဲ့သည်။ နောက်တော့လည်း တဖြည်းဖြည်း အခန်းထောင့်တွေကို ရောက်ရှိ ပျောက်ကွယ်။

အစ်ကိုကြီးဆီ နှစ်ခါလောက် ရန်ကုန် အမေရိကန်သံရုံးမှတစ်ဆင့် ကျွန်မ ငွေပို့ခဲ့ဖူးသည်။ အားလုံးပေါင်း ဒေါ်လာတစ်သောင်းလောက်။ လက်ခံ

m g y o e . c o m

mgyoe.com

SAMPLE BOOK


ရရှိကြောင်း စာပြန်သည်ကလွဲ၍ မြန်မာပြည် အနေအထားအရ အတော်လေး များသည့် ထိုင္ဒေတွေအကြောင်း သူ တစ်လုံးမျှ မပြောခဲ့။ အစ်ကိုကြီး ကြိုက်ဟန် မတူသည့်အတွက် ကျွန်မလည်း နောက်ထပ်မပို့ဖြစ်တော့။ နယူးယောက်ကို လာခဲ့ဖို့၊ လာမည်ဆိုလျှင် အစစအရာရာ စီစဉ်ပေးမည် ဖြစ်ကြောင်းလည်း အကြိမ်ကြိမ် ပြောခဲ့ဖူးသည်။ အစ်ကိုကြီးကတော့ အကြိမ်တိုင်းမှာ ယဉ်ယဉ် ကျေးကျေး ညင်ညင်သာသာပေမယ့် ခိုင်ခိုင်မာမာကို ငြင်းခဲ့သည်။

မြန်မာပြည်က ပြန်လာတော့ မကြာခင် ပြန်လာခဲ့ဦးမည်ဟု အခိုင်အမာ ကတိပေးခဲ့ပြီး ခု ဆယ်နှစ်ကြာချိန်အထိ အစ်ကိုကြီးနှင့် မတွေ့ဖြစ်တာကို တွေ့အောင် မစီမံနိုင်တာတွေကို ကျွန်မ စဉ်းစားနေမိသည်။ ဘာကြောင့်များ ကျွန်မ ဘဝထဲက သူ့ကို ပျောက်ကွယ်ခွင့် ထပ်ပေးလိုက်မိပါလိမ့်။ ဘာတွေများ အရေးကြီးနေလို့လဲ၊ ကျွန်မမှာ အဖြေမရှိ။ သူ့ဆီ စာရှည်ကြီးတစ်စောင် ရေးဦးမှ။

မြန်မာပြည်အကြောင်း စဉ်းစားလိုက်မိတော့ ကျွန်မ နည်းနည်း တည်ငြိမ် လာခဲ့သည်။ အပြန်မှာ တက္ကစီပေါ်ကနေ မူလီဂမ့်ဆီ အီးမေးလ် ပို့လိုက်သည်။ နေမကောင်း၍ အိမ်ပြန်သွားကြောင်း၊ ဖြစ်ကြောင်းရယ်ကုန်စင်ကို တနင်္လာနေ့မှာ ရှင်းပြမည် ဖြစ်ကြောင်း ကတိပေးလိုက်သည်။ အင်း- အခန်းရှင်းဦးမှ။ အခန်းက ပွစိတက်နေသည်။ သန့်ရှင်းရေး တာဝန်ကျ အမျိုးသမီး နေမကောင်း၍ ခွင့်ယူ ထားတာ နှစ်ပတ်ရှိပြီမို့ ဖုန်အလိမ်းလိမ်း တက်နေသည်။ အိပ်ခန်းထဲမှာ မဖွင့်ရ သေးသည့် ပုံးတွေ၊ သေတ္တာတွေ၊ မချိတ်ရသေးသည့် ပန်းချီကားတွေနှင့် စိတ်ရှုပ် စရာ။ သြော်- မိုက်ကယ်နှင့် လမ်းခွဲပြီး ကျွန်မ အခန်းဟောင်းလေးမှာ တစ်ယောက် တည်း ပြန်နေတာ လေးလတောင် ကျော်ခဲ့ပြီပဲ။ သူငယ်ချင်း အေမီကတော့ အခန်းကို ကြည့်ရင်း ဒါ မိုက်ကယ်နဲ့ လမ်းခွဲရတာကို စိတ်က ငြင်းဆန်နေတဲ့ အမှတ်သညာဟု ဆိုခဲ့သည်။ အဓိပ္ပာယ်မရှိလိုက်တာ။ ပစ္စည်းတွေနေသားတကျ မချရသေးသည်ကတော့ ၂၈ နှစ်အရွယ်က တစ်ယောက်တည်း နေခဲ့ရသည့် တိုက်ခန်းကို ခု ၃၈ နှစ်မှာ တစ်ကျော့ပြန် ခြေချရခြင်းကို ဆုတ်ယုတ်ခြင်းဟု ခံစားရ၍သာ။ လွန်ခဲ့သည့် လေးနှစ်က မိုက်ကယ်နှင့် နှစ်ယောက်အတူ၊ ခုများ တော့ တစ်ယောက်တည်း။ သူနှင့် ကိစ္စအားလုံး ပြီးဆုံးခဲ့ပြီ ဆိုတာကို တိုက်ခန်း က ကျွန်မကို သတိပေးနေသယောင်။

*'နင် ဘာ လို့ တစ် ယောက် တည်း နေ နေ တာ လဲ...'*

အမယ်လေး...။

mgyoe.com

mgyoe.com
SAMPLE BOOK


ဟိုအသံ ထွက်လာပြန်ပြီ။ အသံတိုးပေမယ့် လေသံလေးနဲ့ ပြောနေသည့် တီးတိုးသံ မဟုတ်တော့ အသံက ကျွန်မခန္ဓာကိုယ်ထဲ ပဲ့တင်ထပ်သွားသည်။ တစ်ကိုယ်လုံး တုန်လာသည်။

*'နင် ဘာ လို့ တစ် ယောက် တည်း နေ နေ တာ လဲ...'*

အသံက ပိုကျယ်လာသည်။ တစ်ယောက်ယောက် ကျွန်မ နားကပ်လာရင်း ပြောနေသလို အင်မတန် ပီပြင်ထင်ရှားလာသည်။

*'နင် ငါ မေး တာ ဘာ လို့ မ ဖြေ တာ လဲ...'*

တစ်ကိုယ်လုံး ပူလောင်လာသည်။ ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။ လက်ဖဝါးမှာ ချွေးစေးပြန်လာသည်။ မနက်ကလို ကျွန်မ ဖြစ်ပြန်ပြီ။ ထိုင်မနေရဲသဖြင့် ညေ့ခန်းထဲမှာ ပတ်ပြီး လမ်းလျှောက်နေမိသည်။

*'နင် ဘာ လို့ တ ယောက် တည်း ဖြစ် နေ တာ လဲ...'*

'ကျွန်မ တစ် ယောက် တည်း လို့ ရှင့် ကို ဘယ် သူ ပြောလဲ...'

အင်း- သူ မေးတာကို ပြန်ဖြေလိုက်လျှင် သူ ကျွန်မကို အေးအေးဆေးဆေး နေခွင့်လေးများ ပေးလေမလား။

*'တ ခြား လူ တွေ ဘယ် မ လဲ...'*

'ဘယ် က တ ခြား လူ တွေ လဲ...'

*'နင့် ယော ကျ်ား လေ...'*

'ကျွန် မ လက် မ ထပ် ရ သေး ဘူး...'

*'က လေး မ ရှိ ဘူး လား...'*

'ဟင့် အင်း...'

*'သြော်...'*

'သြော် ဆို တာ ဘာလဲ၊ ဘာ သြော် တာ လဲ'

*'ဘာ မှ မ ဟုတ် ပါ ဘူး၊ က လေး မ ရှိ ဘူး ဆို တော့ စိတ် မ ကောင်း စ ရာ ပဲ...'*

'ဟင့်အင်း ဘာမှ မဖြစ်ပါဘူး...'

*'နင့် အ ဖေ ရော...*

'သေ ပြီ...'

*'နင့် အ မေ ရော...'*

'ဆန် ဖ ရန် စ စ္စ ကို မှာ...'

*'နင့် မှာ မောင် နှ မ သား ချင်း မ ရှိ ဘူး လား...'*

mgyoe.com

mgyoe.com


'အစ် ကို တစ် ယောက် ရှိ တယ်…'

*'သူ က ဒီ မှာ မ နေ ဘူး လား…'*

'သူ လည်း ဆန် ဖ ရန့် စ စ္စ ကို မှာ ပဲ…'

*'ဦး လေး တွေ အ ဒေါ် တွေ နဲ့ နေ ပေါ့ ဒါ ဆို လည်း…'*

'ကျွန် မ မှာ ဦး လေး တွေ အ ဒေါ် တွေ မ ရှိ ပါ ဘူး…'

*'သြော် ဟုတ် လား…'*

'ဟုတ် တယ်…'

*'မိ သား စု နဲ့ ဘာ လို့ တူ တူ မ နေ တာ လဲ…'*

'တူ တူ မ နေ ရ တာ ဆိုး တဲ့ ကိ စ္စ မ ဟုတ်ပါဘူး…'

*'ဒါ ဖြင့် နင် တစ် ယောက် တည်း ပေါ့…'*

'ကျွန် မ တစ် ယောက် တည်း နေ တာ ပါ။ တစ် ယောက် တည်း တစ် ကောင် ကြွက် မ ဟုတ် ပါ ဘူး'

*'ဘာ ဖြစ် လို့ လဲ…'*

'ဘာ ကို ဘာ ဖြစ် လို့ ရ မှာ လဲ… ဒီ လို နေ ရ တာ ကျွန် မ သ ဘော ကျ လို့ ပေါ့'

*'ဘာ ဖြစ် လို့ လဲ..'*

'သြော် ဘာ လို့ ဒါ ချည်း မေး နေ တာ လဲ…

*'ဘာ ဖြစ် လို့ တစ် ယောက် တည်း နေ တာ လဲ…'*

'ဘာ ဖြစ် လို့ လဲ ဆို တော့ ယော ကျာ်း တစ် ယောက် နဲ့ တူ တူ မ နေ ချင် လို့ ပေါ့။ ည ည သူ့ ဟောက် သံ ကို ကြား လို့ လန့် နိုး ရ တာ ကို မုန်း တယ်။ မ နက် ခင်း သ တင်း စာ ကို တိတ် တိတ် ဆိတ် ဆိတ် နဲ့ စိတ် အေး လက် အေး ဖတ် ချင် တယ်၊ အင် တုံ ထဲ နှုတ် ခမ်း မွေး မုတ် ဆိတ် မွေး အ စ အ န တွေ တွေ့ ရ တာ ကို မုန်း တယ်။ ည သန်း ခေါင် မှ အ လုပ် က ပြန် လာ တာ ကို ဆူ မယ့် လူ ရှိ နေ တာ ကို မုန်း တယ်။ တ ခြား လူ တစ် ယောက် ကို ရှင်း ပြ နေ ရ တာ ကို မုန်းတယ်၊ ရှင် နား လည် လား'

ဘာသံမှ မကြား…

'ဟယ် လို- ရှင် နား လည် လား…'

အသံဗလံအားလုံး ငြိမ်…

'ဟယ် လို- ဘာ လို့ စ ကား မ ပြော တော့ တာ လဲ…'

mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်မ မတ်တတ်ရပ်ရက် စောင့်နေမိသည်။ ရေခဲသေတ္တာစက်လည်သံ၊ အပြင်ဘက်က တံခါးပိတ်သံ။

*'ရှင် ဘယ် ရောက် သွား တာ လဲ...'*

ရုတ်တရက် ဖုန်းမြည်လာသည်။ ကိုင်လိုက်တော့ အေမီ။ ကျွန်မအသံကြားသည်နှင့် တစ်ခုခု ဖြစ်နေတာကို သူ တန်းသိသည်။

"ဟဲ့ နင် နေမကောင်းဘူးလား"

"အမှန်ပဲ"

*'နင် ဘာ လို့ လိမ် နေ ပြန် တာ လဲ...'*

အလိုလေး... နောက်မှ ထွက်လာသော အသံက လက်သီးနှင့် ထိုးလိုက်သလို။ ကျွန်မ ခွေကျမတတ် ဖြစ်သွားသည်။

"ဟို- ဟို....."

ကျွန်မအမြင်တွေ ဝေဝါးလာပြီ၊ စိတ်တွေ ရှုပ်လာခဲ့ပြီ။

"ဂျူလီယာ၊ နင် ဖြစ်ရဲ့လား၊ ငါ လာခဲ့ရမလား"

ဟင့်အင်း၊ ဟင့်အင်း၊ ဒီအခန်းထဲက ထွက်မှကို ဖြစ်တော့မယ်။

"နေ... နေ... ငါ လာခဲ့မယ်၊ ဘယ်အချိန် လာခဲ့ရမလဲ"

"ကြိုက်တဲ့အချိန်လာ"

"ဒါဆို တစ်နာရီအတွင်း ရောက်အောင် လာမယ်"

■ ■ ■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၃ )

အရှေ့ဖျားက အောက်ပိုင်းရပ်ကွက်တစ်ခုထဲရှိ သုံးထပ် အဆောက်အအုံ အပေါ်ဆုံးမှ မျက်နှာချင်းဆိုင် စတူဒီယိုနှစ်ခုမှာ အေမီလီး တစ်ယောက်တည်း နေ၏။ တစ်ခုက သူ့အိမ်၊ နောက်တစ်ခုက သူ့ပန်းချီခန်းပေါ့။ ကျွန်မအတွက် ဒီနေရာထက်ပိုပြီး နွေးထွေးသော၊ အရေးပေးခံရသော၊ ဂရုစိုက် ကြင်နာယုယခံရသောနေရာ မရှိ။ နှစ်ပေါင်းများစွာ ကြာသော်လည်း ဒါကတော့ မပြောင်းလဲခဲ့။ ပိတ်ရက်ဆို အေမီ၏ ဧရာမ ဆိုဖာဆက်တီကြီးပေါ် ထိုင်ရင်း 'လိင်မှုတဏှာနဲ့ မြို့တော်' ဇာတ်ကားကို ကြည့်ကြ၊ ရေခဲမုန့်စားကြ၊ ဝိုင်နီ သောက်ကြ၊ ယောကျ်ားတွေအကြောင်း ရယ်ပွဲဖွဲ့ကြ၊ ရင်နာစရာတွေအတွက် တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် နှစ်သိမ့်ကြရင်းပေါ့။

ကိုလံဘီယာဥပဒေသင်ကျောင်းမှာ ကော်ပိုရိတ် ဥပဒေအထူးပြုကျောင်းသူတွေအဖြစ် အေမီနှင့် ကျွန်မ တွေ့ခဲ့ကြသည်။ ပုံစံတွေ ဖြည့်ကြရင်း သူနဲ့ ကျွန်မသည် မွေးသည့်နေ့တူသော ဖွားဖက်တော်များမှန်း သိခဲ့ကြသည်။ သူက ဟောင်ကောင်မှာ၊ ကျွန်မက နယူးယောက်မှာ။ သူ့မိဘတွေ အမေရိကာသို့ ကျောင်းတက်ဖို့ မပို့ခင် အသက် ၁၉ နှစ်ထိ ဟောင်ကောင်မှာ မွေးဖွားကြီးပြင်းခဲ့သည့် အေမီက သူ့မွေးရပ်မြေမှ ဗေဒင်ဆရာ၏ ဟောကိန်းကို ပြောပြခဲ့သည်။ ကျောင်းသွား

mgyoe.com

mgyoe.com SAMPLE BOOK


တက်လျှင် မွေးရက်တူ ကျောင်းနေဖက် တွေ့မည်။ ကိုယ်ရင့်တတူ မိတ်ဆွေ သူငယ်ချင်း ဖြစ်လာလိမ့်မည်တဲ့။ ထို့ကြောင့်လည်း ထိုအချိန်မှစ၍ ကျွန်မတို့ အမြဲမခွဲ တတွဲတွဲ သူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။

အဲဒီအချိန်က ဗေဒင်တွေ ဟောကိန်းတွေ ကျွန်မ မယုံပေမယ့် အေမီ ကိုတော့ မြင်မြင်ချင်း သဘောကျခဲ့တာပါပဲ။ သူနှင့် ကျွန်မသည် တစ်ယောက် လိုအပ်ချက်ကို တစ်ယောက် ဖြည့်ဆည်းပေးနိုင်သော ရင်ဘတ်မိတ်ဆွေ၊ မောင်နှမ ထက်ပင် ပိုချစ်သည့် သူငယ်ချင်း အရင်းအချာသာ။

အေမီက အရာအတော်များများမှာ ကျွန်မနှင့် ဆန့်ကျင်ဘက်၊ သူက တုတ်တုတ်တိုတိုလေး။ သူ့ဆံပင်နက်တွေကို အရောင်ကြောင်ကျား ဆိုးထား တတ်သည်။ ဘာစီမံကိန်းမျှ ကြိုတင်မချ။ အံ့အားသင့်ရသည်ကို သဘောခွေ့ သည်။ လမ်းလျှောက်တာ အင်မတန်မြန်ပြီး စိတ်ဆိုးခဲလှသည့် ကလေးမပင်။ ဗုဒ္ဓဘာသာ ကိုးကွယ်သည်။ မကြာခဏ တရားစခန်းဝင်သည်၊ တရားထိုင်သည်။ ဗေဒင်ဆရာဆီ ပုံမှန်သွားသည်။ အယူသီးသည်။ တစ်ခါတလေ သည်းမခံနိုင် လောက်အောင်ပင်။ အဝတ်အစားမှာ အမြဲ အနီရောင် တစ်မျိုးမျိုး ပါတတ်သည်။ ကိုးထပ်မှာ ဘယ်တော့မှ ခတ်လှေကားထဲက မထွက်။ လိုင်စင် နံပါတ်ပြား ထဲက ဂဏန်းတွေ ပေါင်းခြင်း ၇ ကျနေသည့် တက္ကစီဆို ဘယ်တော့မှ မစီး။

ဖေဖေ့ဇာတ်လမ်းကို ဖြစ်ကြောင်းရယ်ကုန်စင် မခြွင်းမချန် ပြောပြ ဖြစ်ခဲ့သည့် တစ်ဦးတည်းသောသူမှာ အေမီပင် ဖြစ်သည်။ သူကလည်း ကျွန်မ စကားလုံးတိုင်းကို မေးခွန်း ပြန်မထုတ်ဘဲ လုံးဝဥဿုံ ယုံကြည်ခဲ့သည်။ တခြား သူတွေ၏ ရင်ခုန်သံကို ကြားနိုင်စွမ်းသည် သဘာဝအတိုင်း ဖြစ်ဘိသကဲ့သို့ပင်။

မေမေနှင့် အစ်ကိုတို့ကတော့ ကျွန်မခရီးစဉ်ကို အမှောင်တိုက်ထဲမှာ သာ ချန်ရစ်ထားစေချင်သူတွေ ဖြစ်သည်။ ဖေဖေ အသက်ရှင်သလား ဆိုတာက လွဲ၍ ကျန်တာ သူတို့ မသိချင်ကြ။ ဖေဖေ ဆုံးပါးသွားပြီ ဖြစ်ကြောင်းနှင့် ဖေဖေ ဘာ့အတွက်ကြောင့် မွေးရပ်မြေမှာ ခေါင်းချဖို့ ပြန်သွားရသလဲ ဆိုသည့် ဇာတ်ကြောင်း ကိုတော့ သူတို့ သိလည်း မသိချင်၊ နားလည်း မထောင်ကြ။ ဒီမှာပဲ ကျွန်မတို့ မိသားစု သဘောထား ကွဲပြားမှု စတင်ခဲ့သည်။ ဖေဖေ့ရှာပုံတော်ခရီးက မိသားစု ကို နှစ်ပိုင်း ကွဲသွားစေခဲ့သည်။ မေမေနှင့် အစ်ကိုက တစ်ဖက်၊ ကျွန်မနှင့် ဖေဖေက တစ်ဖက်ပေါ့။ အေမီကတော့ ပြောသည်။ အဲဒီ အကွဲအပြဲက နင်တို့ မိသားစုကြားမှာ တစ်ချိန်လုံး ရှိနေခဲ့တာ၊ နင် သတိမထားမိတာ၊ ဒါမှမဟုတ် သတိမထားမိဘူးလို့ မျက်စိမှိတ် ငြင်းနေတာပဲတဲ့။ သူ ပြောတာ မှန်လောက်

mgyoe.com

mgyoe.com


ပါသည်။ လွန်ခဲ့သည့် ငါးနှစ်က မေမေက အစ်ကိုရှိရာ ဆန်ဖရန်စစ္စကိုသို့ ပြောင်းရွှေ့သွားခဲ့သည်။ အဲဒီအချိန်မှစ၍ သူတို့နှင့်ကျွန်မ တစ်နှစ်ကို တစ်ခေါက်၊ အလွန်ဆုံး နှစ်ခေါက်ထက် ပိုမတွေ့ဖြစ်ကြတော့။

အေမီကတော့ ကျွန်မ ဇာတ်လမ်းကို အမြဲ ဆတ်တငံ့ငံ့ မျှော်လင့်နေတတ်သည်။ အစ်ကိုကြီးဆီ ဘယ်တော့ သွားလည်မလဲလို့ အမြဲ မေးသည်။ ဖေဖေ့အမွေဖြစ်သည့် အချစ်၏ မှော်ဝင်စွမ်းအင်အပေါ် သက်ဝင်ယုံကြည်မှုတွေ နယူးယောက်မှာ ကျွန်မ လျော့ကျ ပျောက်ဆုံးသွားမှာကို သူ စိုးရိမ်လှသည်။ အဲဒီအတွက် ကျွန်မမှာ အဖြေ မရှိ။ ဒါကြောင့်လည်း အေမီ့ကို ခဏ ခဏ ဒီကိစ္စ မေးစေဖို့ တွန်းအားပေး လှုံ့ဆော်သလို ဖြစ်နေသည်။

အေမီက ကျွန်မလို ဥပဒေပညာကို စိတ်ဝင်စားသူ မဟုတ်၊ နည်းနည်းမျှ စိတ်မဝင်စား၊ သူ ပန်းချီပဲ ဆွဲချင်သည်။ မိဘတွေ၏ တွန်းအားပေးမှုကြောင့်၊ ချစ်ရသည့် မိဘတွေကို မလွန်ဆန်ချင်သည့်အတွက်ကြောင့်သာ သူ ဥပဒေကျောင်း တက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် သူက အတန်းထဲမှာ အတော်ဆုံး ဖြစ်ခဲ့သည်သာ။ ဒါပေမဲ့ နောက်ဆုံး စာမေးပွဲကြီးမတိုင်ခင် တစ်လလောက်မှာ သူ့အဖေ လေယာဉ်ပျက်ကျပြီး ဆုံးပါးခဲ့သည်။ အေမီ ဟောင်ကောင်ကို ချက်ချင်း ပြန်သွားသည်။ နှစ်လလောက် ကြာတော့ သူ ပြန်ရောက်လာသည်။ နယူးယောက်ကို ပြန်ရောက်ရောက်ချင်း သူနှင့် ဥပဒေပညာ ရှင်ခန်းပြတ်ပြီ ဟု ဝံ့ဝံ့စားစား ကြေညာခဲ့သည်။ တက္ကသိုလ်မှာ တစ်ရက်တလေပင် နောက်ထပ် အချိန်မဖြုန်းလိုတော့။ ဘဝက လမ်းခွဲလမ်းမြှောင်တွေကို လမ်းကြုံဝင်ဖို့ တိုလွန်းလှသည်။ အိပ်မက်တစ်ခုသာ ရှိခဲ့ပါလျှင် ထိုအိပ်မက်ထဲမှာပင် နေသင့်သည် မဟုတ်လား။

ထိုအချိန်မှစ၍ အေမီသည် ဘရော့ဝေးလမ်းပေါ်က လွတ်လပ်သည့် ပန်းချီသမားဘဝကို စတင်ခဲ့သည်။ သူ့လက်ရာတွေကို ဘယ်ပြခန်းမှ မတင်၊ ဘယ်အရောင်းသမားလက်ထဲမျှ အရောက်မခံ။ သူ ဒါတွေ စိတ်မဝင်စား၊ သူက မဆွဲရ မနေနိုင်၍၊ သူ စိတ်ကျေနပ်စေဖို့၊ သူ့အတွက်သူ ပန်းချီဆွဲနေခြင်း ဖြစ်သည်။ တွေ့ဖူးသမျှထဲမှာ အလွတ်လပ်ဆုံး လူက အေမီပင်။

သူ့စတူဒီယိုတံခါးက ဟာဟာလေး ပွင့်နေသည်။ တံခါးပိတ်ခြင်း၊ သော့ခ်ချခြင်း၊ သော့ခတ်ခြင်းက ကိုယ့်ကိုယ်ကိုယ် အကျဉ်းချခြင်း ဖြစ်သည်ဆိုသည့် အယူအဆ လက်ကိုင်ထားသည့် အေမီက တံခါးကို ဘယ်တော့မှ မပိတ်။ စက်ဘီးကို ဘယ်တော့မှ သော့မခတ်။ တိုက်ဆိုင်တာလား၊ သူ မှန်တာလားတော့ မသိ၊ စက်ဘီးအခိုးမခံရသူ ဆို၍ ကျွန်မ သိသမျှ သူတစ်ယောက်တည်းသာ ရှိသည်။

mgyoe.com

m g y o e . c o m

SAMPLE BOOK


ဘောင်ကြက်ထားသည့် ကင်းဗတ်စရှေ့မှာ နောက်မှီ လက်တင်မပါသည့် ဆုံလည်ခုံကလေးပေါ် ထိုင်ရင်း ကင်းဗတ်စပေါ်မှာ လိမ္မော်ရောင် ရင့်ရင့်ကြီးတွေ သူ ခြယ်သနေသည်။ မြင်းမြီးဆံပင်က ရဲပတောင်းခတ်နေအောင် အနီရောင်ဆိုးထားသည်။ သူ့အလုပ်ဝတ်စုံဖြစ်သော မီးခိုးရောင် အားကစားဘောင်းဘီနှင့် ဆေးစက်တွေ ပေပွနေသည့် ဧရာမ တီရှပ်ဖြူကြီး ဝတ်ထားသည်။ တစ်ခန်းလုံး ပန်းချီဆေးနံ့တွေ မွှန်၊ ကြမ်းပြင်နံရံတို့ကလည်း ဆေးစက်ဆေးပြောက်တွေ ပြည့်လျက်။ ဆေးအရောင်တွေကတော့ အေမီ့အကြိုက် အနီမျိုးနွယ်တွေသာ။ အမေရိကန် ဒြပ်မဲ့ပန်းချီအကျော်အမော် ဘားနက် နယူးမန်းကို အရူးအမူးကိုးကွယ်သည့် အေမီ။ စုတ်ချက်တွေမှာတော့ လိုင်းတွေအစား သူက အဝိုင်းတွေ ဆွဲသည်။ သူ့အဝိုင်း၊ သူ့ဘောလုံးတွေ မပေါက်ထွက်မချင်းပေါ့။ ဘားနက်နယူးမန်းအသေးလေး အေမီလို့တောင် ခေါ်ရမည်လား မသိ။ သူ့စတူဒီယိုပေါက်စလေးထဲမှာ ဂျက်ဂျွန်ဆင်၏ ဂီတသံက ပျံ့လွင့်လျက်။

ကျွန်မခြေသံ ကြားတော့ သူ လှည့်ကြည့်လိုက်သည်။ သူ့ အနက်ဘက်သန်းသည့် အညိုရင့်ရင့်မျက်ဝန်းတွေ အံ့အားသင့်ခြင်းကြောင့် ပြူးကျယ်လာခဲ့သည်။

"ဟယ်– နင် ဘယ်လိုပုံ ဖြစ်နေတာလဲ"

နီးရာ ကုလားထိုင်ဟောင်းတစ်လုံးပေါ် ကျွန်မ ခွေကျသွားခဲ့သည်။ လက်တွေက ရေခဲတုံးလို အေးစက်နေသည်။ မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လာသည်။ တစ်နေ့လုံး ခံစားနေရသည့် ဖိအားတွေ စက္ကန့်ပိုင်းအတွင်း ပျောက်ကွယ်သွားသလို ခံစားလိုက်ရသည်။ သူ ပန်းချီဆွဲထိုင်ခုံပေါ်မှ နေ၍ ကျွန်မနား ချက်ချင်း ရောက်လာသည်။ သူ တကယ် စိုးရိမ်နေသည်။

"နင် ဘာဖြစ်လာတာလဲ ဂျူလီယာ"

ကူကယ်ရာမဲ့ ပခုံး တွန့်ပြမိသည်။

"နေစမ်းပါဦး၊ နင့်ကို မူလီဂမ်က ကန်လွှတ်လိုက်လို့လား"

ခေါင်းကို ခါသည်ဆိုရုံ ခါပြခဲ့သည်။

"နင့်အမေ ဆုံးလို့လား"

မျက်ရည်ထပ်မကျအောင် မနည်းထိန်းသိမ်းနေရသည်။

အေမီက သက်ပြင်းမောကြီး ချလိုက်သည်။

"အင်း– နင် တကယ် ဆိုးဆိုးဝါးဝါး ဖြစ်လာတာကိုး"

mgyoe.com

mgyoe.com SAMPLE BOOK


ဒါ ကျွန်မ သူ့ကို အသည်းစွဲဖြစ်ရသည့် သူ့ ဟာသဉာဏ် ဖြစ်မလား မသိ။

''ကဲ- ဘာဖြစ်လာတာလဲလို့''

''ငါက ဘာဖြစ်နေတဲ့ပုံပေါက်လို့လဲ''

ကျွန်မ သူ့ကို အားယူပြီး ပြန်မေးလိုက်သည်။

''နင်ကလား၊ ကြောက်ပြီး ရူးနေတဲ့ ကြက်နာမကြီးနဲ့ တူတယ်ဟဲ့''

ကျွန်မ ငြိမ်နေလိုက်သည်။ အေမီက ကျွန်မအဖြေကို ငံ့လင့်နေသည်။ ကျွန်မကို ခြောက်လှန့်နေခဲ့သည့် ကိစ္စကို ပြောရမှာ ခက်နေသည်။

''ငါ ငါ ရူးနေပြီလား မသိဘူးဟယ်''

အေမီက ကျွန်မကို ငေးရင်း-

''အေး- ဘာဖြစ်တာလဲ ပြောလေ၊ ဘာလို့ ကြောက်နေတာလဲ ပြောမှ ပေါ့''

''တစ်ယောက်ယောက် ငါ့နောက် လိုက်နေသလိုပဲ''

''ဟင်- ဘဲလား၊ ဘယ်လိုနေလဲ၊ ကြည့်ကောင်းလား''

''ဘာမှ မဘဲဘူး၊ ငါ အသံတွေ ကြားနေတယ်''

ကြက်သီးတွေ ထလာပြန်သည်။ အေမီ့ကို ပြောပြနေရသည်ကိုပင် ကျွန်မ နောက်ကျော မလုံချင်။

''ဩော်- ဘယ်အချိန်က စတာလဲ''

အေမီ့ လေသံနှင့် ဟန်က အံ့သြပုံ မပေါက်တော့။ အလေးအနက် ဖြစ်လာခဲ့သည်။

''ဒီနေ့ မနက်ကတည်းက''

အေမီ့ကို ကျွန်မ ဖြစ်ကြောင်းရယ်ကုန်စင် ပြောပြလိုက်တော့သည်။

အေမီက ကျွန်မ ပြောနေတာကို မလှုပ်မယှက် နားထောင်သည်။ တစ်ခါတလေ သူ ခေါင်းတညိတ်ညိတ်၊ ကျွန်မ ပြောတာကို သူ သိနေသလိုလို။ သူ ထရပ်သည်။ စုတ်တံကို ချလိုက်သည်။ သူ့ပန်းချီကားတွေကြားမှာ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်။ အပြင်းအထန် စဉ်းစားတိုင်း သူ ဒီလို အမြဲ လုပ်နေကျ။

''ဒီလို ဖြစ်တာ ဒါ ပထမဆုံးအကြိမ်လား''

သူက အကြာကြီး စဉ်းစားရင်း ကျွန်မကို မေးသည်။

''အင်း''

mgyoe.com

mgyoe.com SAMPLE BOOK


"အဲဒီအသံက ဘယ်သူ့အသံလဲ"

"မိန်းမတစ်ယောက်အသံပဲ"

"သူက နင့်ကို ခြိမ်းခြောက်တာလား"

"ဟင့်အင်း၊ ဘာလို့ ခြိမ်းခြောက်ရမှာလဲ"

"နင့်ကို စော်ကားမော်ကား ပြောသလား"

"ဘယ်လို စော်ကားတာမျိုးလဲ"

"စောက်သုံးမကျတဲ့ကောင်မ၊ စောက်တလွဲရှေ့နေမ၊ တော့ုးမ၊ ဖျင်းမ၊ နင် ဖျင်းတာ မကြာခင် တစ်လောကလုံး သိစေရမယ်ဟေ့-ဒီလိုမျိုးပေါ့"

ကျွန်မ စိတ်ရှုပ်စွာဖြင့် ခေါင်းခါပြလိုက်သည်။

"ဟင့်အင်း၊ အဲလို မဟုတ်ပါဘူး"

"ဒါဆို သူ နင့်ကို ဟိုဟာလုပ်စမ်း၊ ဒီဟာလုပ်စမ်းနဲ့ အမိန့်တွေ ပေးလား"

အေမီ ဘာတွေ ပြောနေတာလဲ၊ ကျွန်မ နားမလည်။

"မူလီဂမ့် မျက်ခွက်ကို ကော်ဖီနဲ့ ပက်လိုက်စမ်း၊ ပြတင်းပေါက်က ခုန်ချလိုက်စမ်း အစရှိသဖြင့်ပေါ့"

"ဟင့်အင်း- အဲလိုလည်း မဟုတ်ဘူး၊ နင် ဘာလို့ အဓိပ္ပာယ်မရှိ တာတွေ ပြောနေတာလဲ"

"ဒါဆို အဲဒီ မိန်းမသံက နင့်ကို ဘာပြောလဲ"

"ဘာမှတော့ ထွေထွေထူးထူး မဟုတ်ဘူး၊ ရုံးမှာတုန်းက သူက ငါ့ကို လုပ်ဖော်ကိုင်ဖက်တွေနဲ့ ပတ်သက်ပြီး သတိပေးတယ်၊ ကျန်တာကတော့ ငါ့ကို မေးခွန်းတွေ မေးတာပဲ"

"ဘယ်လို မေးခွန်းတွေလဲ"

"နင် ဘယ်သူလဲ၊ ဘာလို့ နင်တစ်ယောက်တည်း နေတာလဲ၊ နင့်မှာ ကလေး မရှိဘူးလား၊ အဲလိုမျိုးတွေ"

အေမီ့မျက်နှာပေါ်မှာ အင်မတန် စိတ်သက်သာရာရသွားဟန် အပြုံးလေး တစ်ပွင့် ပေါ်လာခဲ့သည်။

"အင်း- စိတ်ဝင်စားစရာပဲ"

"ဘာလို့တုံး"

"ငါ့အပြင် နင့်ကို ဂရုစိုက်ပေးမယ့် တခြားတစ်ယောက် ရှိနေတာ စိတ်ဝင်စားစရာပဲ၊ ဒါနဲ့ ငါ့အသံနဲ့ သူ့အသံ တူလားအေ့"

mgyoe.com

mgyoe.com


"အေမီ မပြောင်စမ်းနဲ့"

စိတ်တိုတိုနှင့် သူ့ကို ငေါက်မိသည်။ သူ့ဆီ အားကိုးတကြီး လာပါတယ် ဆိုမှ။

အေမီက ကျွန်မနားမှာ ဝင်ထိုင်၊ ကျွန်မ ဆံပင်တွေကို သပ်ပေးနေရင်း-

"မပြောင်ပါဘူးဟယ်၊ ဒီမေးခွန်းတွေလောက်က ကြောက်စရာ မရှိဘူး ဂျူလီယာရဲ့၊ ငါက ဒီထက် ပိုဆိုးတာတွေ ထင်လို့ စိုးရိမ်တာ"

"ဘာလို့တုံး"

"တခြား ဘယ်သူမှ မကြားတဲ့ အသံတွေကို ကြားတယ် ဆိုတာ စိတ်ရောဂါပြဿနာတစ်ခုပဲ၊ စိတ်ကစဉ့်ကလျား ဖြစ်ခြင်းဆိုတဲ့ ရောဂါရဲ့ စံလက္ခဏာပေါ့ ဂျူလီယာ၊ အဲဒီရောဂါသည်ဟာ ကြည့်လိုက်ရင် အမြဲ ညစ်ပတ်စုတ်ပြတ်ပြီး ဖိုးရိုးဖားရားနဲ့၊ လွယ်လွယ်ကုလို့လည်း မပျောက်တတ်ဘူး၊ ဒါပေမဲ့ စိတ်ကစဉ့်ကလျားသမားတွေ ကြားရတဲ့ အသံတွေဟာ သူတို့ကို တစ်နည်းနည်းနဲ့ ခြိမ်းခြောက်တာ၊ ခေါင်မိုးပေါ်က ခုန်ချလိုက်စမ်း၊ အိမ်နီးနားချင်းကို ဓားနဲ့ ထိုးလိုက်စမ်း စသဖြင့်၊ တချို့ကျတော့ စော်ကားခံရတာ၊ ရှုတ်ချခံရတာ၊ နင့်မှာ ဒါမျိုးတွေ မဖြစ်ဘူး"

"ဟင်- နင် ဘာလို့ ဒါတွေ သိနေတာလဲ"

"ငါ့အဖေလည်း အသံတွေ ကြားတတ်တဲ့လူ ဆိုတာ ငါ နင့်ကို ပြောဖူးလား"

ကျွန်မ သူ့ကို အံ့သြဘနန်း ကြည့်မိသည်။

"ဟင့်အင်း မပြောဖူးပါဘူး"

"အဖေ ဆုံးသွားမှ အမေက ငါ့ကို ဒီအကြောင်း ပြောပြတာ၊ အဲဒီနောက်ပိုင်း ငါ ဒီအကြောင်း လေ့လာဖြစ်တယ်"

"ဒါဆို နင့်အဖေလည်း စိတ်ကစဉ့်ကလျားရောဂါသည်လား"

"မဟုတ်ဘူး၊ သူ ကြားတဲ့အသံက သူ့ကို အန္တရာယ်မပေးဘူး"

"ဒါနဲ့ သူ ဘာလုပ်သတဲ့လဲ"

"ဘာမှ မလုပ်ဘူး"

"ဟင်- ဟုတ်လား"

"အင်း- သူ ကြားရတဲ့အသံက ဘယ်လို ပြောရမလဲ၊ သူ့ကို အချိန်နဲ့အမျှ လမ်းညွှန်ပဲ့ကိုင်ပေးနေတာလို့ သူက ယူဆသတဲ့"

အေမီက ခဏငြိမ်နေပြီး ဆက်ပြောသည်။

mgyoe.com

"ဒါပေမဲ့ အသံက လမ်းညွှန်တာကို သူ အမြဲမနာခံခဲ့ဘူးလေ"

"ဘယ်လို"

"လေယာဉ်ပျက်ကျတဲ့နေ့ မနက်က အသံက သူ့ကို ပြန်လှည့်ဖို့ လေယာဉ် မစီးဖို့ ပြောခဲ့တယ်တဲ့၊ သူ နားမထောင်ဘူး၊ လေဆိပ်ကနေ ဖုန်းဆက်ပြီး အမေ့ ကိုတောင် ဒီအကြောင်း သူ ပြောပြလိုက်သေးတယ်"

"ဟယ်- သူက ဘာလို့ နားမထောင်ရတာလဲ"

ကျွန်မ သံသယစိတ်အပြည့်ဖြင့် မေးလိုက်သည်။

"အင်း- ငါ့အထင်တော့ အဖေဟာ သူ့ဘဝကို ကြီးစိုးလွှမ်းမိုးနေတဲ့ ဒီအသံကို အာခံချင်တယ် ထင်တယ်၊ ဘယ်လေယာဉ်ကို စီး၊ ဘယ်လေယာဉ် ကို မစီးနဲ့၊ ဘာလုပ်၊ ဘာမလုပ်နဲ့လို့ လိုက်ပြောနေတဲ့ အသံရဲ့ လမ်းညွှန်မှုကို ကျေနပ်နေတဲ့လူ ရှိပါ့မလား"

"နင် ဘာလို့ ငါ့ကို ဒီအကြောင်းတွေ မပြောပြခဲ့တာလဲ အေမီ"

"ပြောမလို့ပါပဲ၊ နင် မယုံမှာစိုးလို့"

ခုလည်း သူ ပြောတာ ယုံ၊ မယုံ ကျွန်မ ကိုယ့်ကိုယ်ကိုယ် သေချာ မသိ။ မြန်မာပြည်က အစ်ကိုကြီး ဦးဘကို ရုတ်တရက် သတိရမိသည်။

'အမှန်တရား အားလုံးဟာ ထပ်ကျော့ပြန်ဖြစ်တာမျိုး မရှိဘူး ဂျူလီယာ၊ ထပ်ကျော့ ပြန်ဖြစ်တတ်တဲ့အရာ အားလုံးဟာလည်း အမှန်တရားလို့တော့ မဆို နိုင်ပါဘူးကွယ်'

အစ်ကိုကြီး ကျွန်မကို ပြောခဲ့သည့်စကား၊ ကလောမှာတုန်းကတော့ သူ့စကားကို အတိုင်းအတာတစ်ခုထိ ကျွန်မ နားလည်သလို ခံစားရသည်။ အတိတ်တွေ နိမိတ်တွေ၊ တဘောင်တွေ၊ ကျိန်စာတွေနှင့် အယူသီးလှသော သူ့ကမ္ဘာမှာ ဒီစကားက ကျွန်မအတွက် အဓိပ္ပာယ်ရှိသည်။

သို့သော် နယူးယောက် ပြန်ရောက်ပြီး အချိန်တွေ ကြာလာတော့ ဒီစကားအပေါ် သံသယတွေ ပွားလာခဲ့သည်။ အမှန်တရားဆိုတာ ဘယ်အချိန် ဘယ်နေရာမှာ ဖြစ်ဖြစ် မှန်ရမည်သာ။ ဒါကြောင့် အမှန်တရားသည် ထပ်ကာ တလဲလဲ ဖြစ်ပေါ်နိုင်ရမည်ပဲ။ ကလောမှာတော့ ဒီလို ဟုတ်ချင်မှ ဟုတ်မည်ပေါ့။

"နင် ငါ ပြောတာကို မယုံဘူး မဟုတ်လား"

သံသယဖြင့် ငေးငိုင်နေသည့် ကျွန်မကို အကဲခတ်နေသည့် အေမီက မေးလိုက်သည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

"ဟင့်အင်း၊ အင်း– ထားပါတော့၊ အသံတွေ နင့်အဖေ ကြားတယ် ဆိုတာထိ ယုံတယ်၊ ဒါပေမဲ့ အဲဒီအသံက သူ့ကို ပျက်ကျမယ့် လေယာဉ်ပေါ် မတက်ဖို့ သတိပေးခဲ့တယ် ဆိုတာကိုတော့ မယုံဘူး"

"ဘာလို့ မယုံတာတုံး"

"နင် သိတဲ့အတိုင်း ငါက ဒီလို ကြောင်းကျိုးဆက်စပ်မှုနည်းတဲ့ ကိစ္စတွေမှာ မယုံတတ်ဘူးလေ"

"ဒါဖြင့် နင့်အဖေ ရင်ခုန်သံပေါင်းစုံကို ကြားရတာ၊ တောင်ပံခတ်သံ ကြားတာနဲ့ လိပ်ပြာ အမျိုးအမည် ခွဲတတ်တာတွေကျတော့ ဘယ်လို ကြောင်းကျိုး ဆက်စပ် ရှင်းပြမတုံး"

"အင်း– ဒါတွေအတွက် ရှင်းပြစရာ အဖြေမရှိဘူး ဆိုတာ ငါ သိပါတယ်၊ ဒါပေမဲ့ ဒီလိုကိစ္စမျိုးအားလုံးကို မျက်စိမှိတ် ယုံတာတော့ မဟုတ်ဘူး လေ၊ ဒီလိုမျိုး..."

အေမ့်ကို စော်ကားသလို မဖြစ်အောင် စကားလုံးကို အသေအချာ ရွေးချယ်နေတုန်း–

"မှော်လိုလို နတ်လိုလို အဓိပ္ပာယ်မဲ့တာတွေပေါ့"

ဟု သူက ကျွန်မစကားကို အဆုံးသတ်ပေးလိုက်သည်။

"အင်း... ဟိ ဟိ ဟိ"

ကျွန်မ မရယ်ဘဲ မနေနိုင်တော့။

"ထားပါတော့၊ ခု နင် အသံတွေ ကြားနေရပြီ၊ ဒါကို ရှင်းပြနိုင် လား"

"နိုင်ဘူး"

ရှက်ရှက်နဲ့ ကျွန်မ ပြောလိုက်ရသည်။

နှစ်ယောက်လုံး ပြောစရာစကား မရှိတော့သလို ငြိမ်နေကြသည်။ ခဏနေတော့ အေမီက ထရပ်လိုက်ရင်း–

"ကဲ– ထ တစ်ခုခု သွားသောက်ကြစို့"

ဟု ပြောလိုက်သည်။

"ဟင့်အင်း သွားဘူး၊ လူတွေနဲ့ တွေ့ချင်ဘူး"

"ဒါဆိုလည်း ဒီမှာပဲနေ၊ ကော်ဖီ သောက်မလား"

"ဝိုင်သောက်မယ်"

"ပိုကောင်းတာပေါ့"

mgyoe.com

ဝိုင်နီတစ်လုံး သူ ဖောက်ပြီး ဖန်ခွက်၊ ချောကလက်၊ သစ်စေ့ အမြည်းများနှင့် ပြန်ရောက်လာသည်။ ဖန်ခွက် နှစ်ခွက်ထဲ ဝိုင်နီထည့်၊ ဖယောင်းတိုင်နှစ်တိုင်ထွန်း၊ ခေါင်းအုံးတွေ ချရင်း ကြမ်းပေါ် ထိုင်လိုက်ကြသည်။ ဒီလို အနေအထားကို နှစ်ယောက်လုံး သဘောခွေ့ကြသည်လေ။ အေမီ ရှိနေသည့်အတွက် တိတ်ဆိတ် ချောက်ချားခြင်း အလျှင်း မရှိ။

"နင် အခု သူ့အသံ ကြားသေးလား"

ကျွန်မ နားစွင့်ကြည့်သည်။ ဘာသံမှ မကြား။ ခေါင်းခါပြလိုက်သည်။

"ဆိုးတာပဲ၊ ငါ သူနဲ့ စကားပြောချင်တာ"

ဝိုင်ခွက်ပေါ်မှ ကျော်ကြည့်လိုက်သည်။

"သူက ဘာမှ မပြောဘူး၊ မေးချည်း မေးနေတာ"

"အဲဒီအသံမှာ ရည်ရွယ်ချက် တစ်ခုခု ရှိလိမ့်မယ်လို့ ငါ ထင်တယ်"

'ငါ ထင်တယ်' တဲ့။ ဒါ အေမီ့ မူပိုင်လက်သုံးစကား ဖြစ်သည်။ အမှန်တော့ သူ ထင်တာ မဟုတ်။ ဒါ သူ့အမြင်ကို ခိုင်ခိုင်မာမာ ပြောခြင်းသာ။ 'ဂျူလီယာ၊ ဒီအသံမှာ ရည်ရွယ်ချက်ရှိတယ်' လို့ သူ ပြောခြင်းသာ ဖြစ်ကြောင်း ပေါင်းလာတာ ကြာလှပြီ ဖြစ်သဖြင့် ကျွန်မက သိသည်။

"ဘယ်လို ရည်ရွယ်ချက်မျိုးလဲ"

"ငါ့အဖေ ကြားရတဲ့အသံ ဆိုပါစို့၊ သူက ဒီအသံကို ကြောက်စရာလန့်စရာလို့ ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ဘူး၊ သူ့ဘဝရဲ့ ရေရှည် လက်တွဲဖော် မိတ်ဆွေကြီးလို့ပဲ သတ်မှတ်ပုံရတယ်"

ဟင့်အင်း- ဟင့်အင်း။

ဒါမျိုး ကြားချင်တာ မဟုတ်ဘူး။ ခေါင်းကို ခါယမ်းလိုက်သည်။ တပ်ကွေးမိနေသည့်အလား 'ဘာမှမဖြစ်ဘူး၊ နည်းနည်း အနားယူလိုက် မကြာခင် ကောင်းသွားလိမ့်မယ်' ဆိုသည့် စကားမျိုးကိုသာ ကျွန်မ မျှော်လင့်နေခဲ့သည်ပဲ။

"ရေရှည်လက်တွဲဖော်လည်း မလိုချင်ဘူး၊ မိတ်ဆွေလည်း မလိုချင်ဘူး၊ ကိုင်လို့ ထိလို့ မြင်လို့မရတဲ့ နာနာဘာဝ လက်တွဲဖော် မိတ်ဆွေဆို သာတောင် မလိုချင်သေး"

အေမီက ဝိုင်ကို တစိမ့်စိမ့် သောက်ရင်း စဉ်းစားနေသည်။

"သူ့မေးခွန်းတွေကို နင် ဖြေကြည့်ပါလား"

"ဘာလို့ ဖြေရမှာလဲ"

mgyoe.com

"ဖြေလိုက်ရင် ကျေနပ်သွားပြီး ထပ်ပေါ်မလာတော့ဘဲ နေချင်နေမှာပေါ့"

"ငါ ဖြေကြည့်သေးတယ်၊ နောက်ထပ်မေးခွန်းတွေ ပိုပိုတိုးလာတယ်ဟဲ့"

အေမီက ခေါင်းကလေးကို သွက်သွက်ခါအောင် ယမ်းလိုက်ရင်း ကျွန်မကို အကြာကြီး စိုက်ကြည့်နေခဲ့သည်။

"နင် ဘာလို့ ဒီအသံကို ကြောက်နေတာလဲ"

"အင်း- ဒီအသံကို ငါ မထိန်းချုပ်နိုင်ဘူး"

"ဘယ်လောက်တောင် ဆိုးလို့လဲ"

"အင်မတန် အရေးကြီးတဲ့ အလုပ်အစည်းအဝေးမှာ စကားတစ်လုံးမှ မပြောနိုင်ဘဲ ထထွက်လာရတဲ့အထိ ဆိုးတယ်"

"အိုး- မူလီဂမ်တော့ ဖွတ်မေ့ ပုတတ်မေ့ ဖြစ်ကျန်ခဲ့မှာပေါ့"

"နောက်တစ်ခါ ထပ်မဖြစ်ချင်ဘူး၊ ငါတို့ နောက်အပတ်တွေက စပြီး အလုပ်ရှုပ်တော့မှာ၊ အမှုက ကြီးတော့ အကြီးအကျယ် ပြင်ဆင်ရမှာ၊ ငါ ပြောရမယ့် အချိန်တည့်တည့်ရောက်မှ အသံက ချက်ချင်းပေါ်လာတာ၊ တမင်များ စောင့်နေသလား အောက်မေ့ရတယ်"

"စိတ်အေးအေးထားပြီး သူ့ကို ခဏစောင့်ပါဦးလို့ ပြောပါလားဟဲ့"

"သူက နားမှ မထောင်တာဟဲ့"

"ဒါဆိုလည်း ထားလိုက်ပေါ့ဟဲ့"

"အေမီ နော်"

သူ ကျွန်မကို ဘာလို့ နားမလည်တာလဲ။

"ငါ ဒီလို ထပ်အဖြစ်မခံနိုင်ဘူး၊ ငါ အလုပ်ထဲမှာ စိတ်နှစ်ထားချင်တယ်၊ ငါ့အလုပ်က နင့်ပန်းချီလို ဆွဲချင်တဲ့အချိန် ထဆွဲလို့ရတာ မဟုတ်ဘူး၊ အချိန်နဲ့ လုပ်ရတာ"

"တို့အားလုံးမှာ ရွေးချယ်စရာတွေ ရှိပါတယ်အေ"

အေမီနဲ့ ကျွန်မ ဒီကိစ္စတွေမှာ သဘောညီစရာ အကြောင်းမမြင်။ အေမီ ဆိုသော မိန်းမက ပြင်ပဖိအားဒဏ်ကြောင့် မလုပ်ချင်တာ လုပ်လိုက်ရတယ် ဆိုတာမျိုး ဘယ်တုန်းကမှ မရှိခဲ့သူ။ သူ့အတွက်တော့ မိမိသာလျှင် မိမိကြမ္မာ၏ ဖန်တီးရှင်ပါပဲတဲ့။ ရာသီလာတာ အပါအဝင်ပေါ့။ ကိုယ်လုပ်ခဲ့သမျှ ကိစ္စတွေကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်တွေကို ကိုယ်ပဲ ခံစားရ

mgyoe.com

mgyoe.com


မည်၊ မခံစားချင် မလုပ်နဲ့တဲ့ ရွေးချယ်စရာက ဒီနေရာမှာ ဖြစ်သည်။ လုပ်မှာလား၊ မလုပ်ဘူးလား။

ဘ၀က တိုလွန်းသည်။ မှော်ရုံတောမှာ လမ်းပျောက်မခံနိုင်။ ယုံကြည်ရာ အိပ်မက်ထဲမှာပဲနေ။

ဝိုင်ခွက်ကို လက်စသတ်ပြီး နောက်တစ်ခွက် ထပ်ဖြည့်သည်။

"အဲဒီအသံ ဘယ်က လာသလဲ၊ ဘယ်လို ပျောက်အောင် လုပ်ရမလဲဆိုတာ ငါ အမြန်ဆုံးသိမှ ဖြစ်မယ်"

"ဒါဆိုလည်း စိတ်ကုဆရာဝန် တစ်ယောက်ယောက်နဲ့ ပြ၊ ဆေးသောက်၊ ဒါဆို သက်သာသွားမယ် ထင်တယ်"

သူ့မျက်လုံး၊ သူ့နှုတ်ခမ်းတွေက ဒီစကားကို ရွဲ့ပြောနေမှန်း သိသာလှသည်။

"အေမီ... နင် ငါ့ကို ဘာလုပ်စေချင်တာလဲ"

"ဒီအသံမှာ ရည်ရွယ်ချက် တစ်ခုခု ရှိကို ရှိတယ်"

"ဘယ်လို ရည်ရွယ်ချက်မျိုးလဲကွ၊ ပြောစမ်းပါ"

ကျွန်မ၏ သရော်တော်တော် အသံကြောင့် ကျွန်မ မယုံမှန်း သူသိမည်မှာ အသေအချာ။

"နင် ပြီးခဲ့တဲ့နှစ်အတွင်း ဖြစ်ပျက်ခဲ့တာတွေ၊ ဆုံးရှုံးခဲ့တာတွေ အများကြီး..."

သူ စကားကို တမင် ရပ်ပစ်လိုက်သည်။

ကျွန်မ ဒီအကြောင်းတွေကို ဘယ်သူနဲ့မှ မပြောချင်။ အေမီနှင့်တောင် မပြောချင်။

"အေမီရယ်၊ နင် ပြောချင်တာ ငါ သိပါတယ်၊ ဒါပေမဲ့ ဧွေဦးတုန်းက ဖြစ်ခဲ့တာတွေနဲ့ ဒီအသံနဲ့ ဘာမှ မပတ်သက်ပါဘူး"

"သေချာလို့လား"

"အင်း- နင် ဘာလို့ ဒီလို တွေးတာလဲ"

အေမီက ပခုံးတွန့်ပြလိုက်သည်။

"ဒီလိုပဲ တွေးကြည့်တာပါ"

ဝိုင်သောက်၊ သစ်စေ့စားရင်း အကြာကြီး ငြိမ်နေကြသည်။

"နင် အလုပ်ပင်ပန်းလွန်းလို့များလား"

"အလုပ်ကတော့ အားလုံး လုပ်ကြရတာပဲ"

mgyoe.com

"မဟုတ်ဘူး၊ နင်က အလုပ်ကြမ်းပိုး၊ နင် နားရက်မယူတာ ဘယ်လောက်ကြာပြီလဲ"

"ဟဲ့- ဒီနွေတုန်းကပဲ နင်နဲ့ ငါ လောင်းအိုင်လန် သွားကြသေးတယ်လေ"

"အဲဒါက နှစ်ရက်တည်းလေ၊ ပြီးတော့ မူလီဂမ် ခေါ်တယ်ဆိုတော့ နင်ပဲ တန်းနေအောင် ပြန်ပြေးတာလေ၊ မိုက်ကယ်နဲ့ ကွဲပြီးကတည်းက နင် အခန်းထဲက ချပ်ထူပုံးတွေပေါ် ထိုင်ပြီး နေ့မီး ညမီး ဆက် အလုပ်ချည်း ခွလုပ်နေတာ မဟုတ်လား"

"ဒါကတော့ အလုပ်က အရေးကြီးတာကိုးဟဲ့"

ပျော့တီးပျော့ဖပ် ငြင်းချက် ထုတ်မိသည်။

"ဂျူလီယာ၊ နင်ဟာ လေးနှစ်လောက် အတူတူနေခဲ့တဲ့ ရည်းစားနဲ့ လောလောလတ်လတ် ပြတ်ထားတာနော်၊ နင်တို့ရုံးမှာ နင် တစ်ယောက်တည်း ရှေ့နေရှိတာ မဟုတ်ဘူး"

ခေါင်းခါပြလိုက်သည်။

"ဒီအသံဟာ လက္ခဏာတစ်ခုဖြစ်..."

"အေမီ... နင် ဒီအသံကို ငါ နှစ်ရှည်လများ ဥပေက္ခာပြုထားတဲ့ ငါ့အတွင်းကနေ ပေါ်ထွက်လာတဲ့ အသံလို့ ထင်နေတာ မဟုတ်လား၊ ငါ ကိုယ့်ကိုယ်ကိုယ် ပြန့်စကားပြောနေတာ မဟုတ်ဘူး၊ သေချာတယ်၊ ဒီအသံက ငါ့အသံ မဟုတ်ဘူး၊ ငါ ကြားနေရတဲ့ အသံ"

"ဒါဆို သူ့အသံက ဘယ်လိုမျိုးလဲ"

"ငါ့ထက် အသက်ကြီးလိမ့်မယ်၊ အသံက ဝမ်းနည်းနေတဲ့ အသံနက်မျိုး၊ မိန်းမသံအနေနဲ့ အတော်လေး နက်ကျောကျောနိုင်တယ်"

တိတ်ဆိတ်ခြင်းကိုသာ သူ့အဖြေအဖြစ် ကျွန်မ ကြားလိုက်ရသည်။

"ငါ ကြောက်တယ်ဟယ်"

ကျွန်မ တိုးတိတ်ညင်သာစွာ ပြောလိုက်တော့ သူ ခေါင်းညိတ်ပြသည်။ သူ့မျက်လုံးတွေက နံရံပေါ်က ရောမပန်းချီကားကြီး တစ်ချပ်ဆီ ရောက်သွားသည်။ ကြက်သွေးရောင် နောက်ခံမှာ အနီရဲရဲ လက်ဝါးကပ်တိုင်တစ်ခု၊ အဲဒီပေါ်မှာ အနီရောင်ဆိုးထားသည့် ကြက်မွေးတွေကို လိုက်ကပ်ထားသည်။ ပန်းချီကားနာမည်က 'ကြက်ခြံထဲက ဗုဒ္ဓ'တဲ့။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ငါ နောက်တစ်ပတ်ကျော်ကျရင် မြို့ထဲမှာ ရှိမှာ မဟုတ်ဘူး၊ နင် ငါနဲ့ လိုက်ခဲ့မလား"

ခေါင်းခါပြလိုက်သည်။ အေမီ မြို့ပြင်က ဗုဒ္ဓဘာသာ သာသနာ့ရိပ်သာမှာ တရားသွားသွားထိုင်တတ်သည်လေ။ အရင်ကလည်း ကျွန်မကို ခေါ်ဖူးသည်။ ကျွန်မကလည်း အကြိမ်တိုင်း ငြင်းတတ်သည်။ ဘာမျှ မတွေးဘဲ တစ်နာရီလောက် ငြိမ်ငြိမ်လေး ထိုင်နိုင်သည်မှာ အံ့သြကုန်နိုင်ဖွယ်ပင်။ ယောဂသင်တန်းတွေမှာ ကျွန်မ ထိုသို့ ထိုင်ကြည့်ဖူးသည်။

အောင်မယ်လေး၊ ဝင်လာလိုက်သည့် အတွေးတွေ၊ ပုံရိပ်တွေ၊ ခေါင်းကြီးပင် ပေါက်ထွက်သွားတော့မည့်အလား၊ မိနစ်ပိုင်းလောက်အတွင်းမှာ ပြန်ထလိုက်ရသည်။ အေမီကတော့ ကမ္မဋ္ဌာန်းဆရာရဲ့ နည်းလမ်းပြသမှု ရှိရမည်ဟု ပြောသည်။ ကျွန်မကတော့ သံသယအပြည့်ဖြင့် တွေဝေနေဆဲ။

ဝိုင်က ဝေဝေရီရီ ဖြစ်လာစေသည်။ ကျွန်မ ပင်ပန်းလှပြီ။

"ကဲ- အေမီ၊ ငါ ပြန်တော့မယ်"

"ဟဲ့- ဒီမှာ နေချင် နေလေ"

"နေပါစေ၊ ကျေးဇူးပါပဲ၊ ငါ လုပ်စရာတွေ အများကြီး၊ မနက်ဖြန် စောစော စလုပ်ချင်တယ်"

အေမီက ပြုံး၍ ကျွန်မလက်မောင်းကို ကိုင်ထားသည်။ သူ့ အထိအတွေ့က စိတ်သက်သာစေသည်။ တကယ်ပဲ ဒီမှာ နေချင်ပါသည်။

ရီဗင်တန်လမ်းတစ်လျှောက် တစ်ပြခန့် လျှောက်ပြီးနောက် သူ့အသံကို ကျွန်မ ပြန်ကြားရပြန်တော့သည်။

*'နင် ဘယ် သူ လဲ...'*

■ ■ ■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၄ )

ကျွန်မတို့နှင့် ရှးသွပ်ခြင်းကြား ခြားထားသည့်နံရံက ဘယ်လောက် ပါးလွှာသလဲ။ ဒီနံရံကို ဘာနဲ့ လုပ်ထားသလဲ။ ဘယ်လောက် ဖိအားထိ ခံနိုင်သလဲ ဆိုတာကို နံရံကျိုးပျက်သွားချိန်အထိ ဘယ်သူမှ သေချာ မသိ။

ကျွန်မတို့အားလုံးသည် နံရံတစ်ဖက်စွန်းမှာ စုဝေးနေထိုင်ကြပြီး ခြေတစ်လှမ်း ကျွံလိုက်လျှင်ပင် တစ်ဖက်သို့ လုံးလုံးလျားလျား ရောက်သွားတော့မည်ကို တချို့က ခံစားနိုင်သော်လည်း အများစုကတော့ မေ့မေ့လျော့လျော့ပင်။

စနေ လုပ်နေကျအလုပ်တွေကို အစီအစဉ်အတိုင်း လုပ်ရင်း ကျွန်မ အိပ်ရာဝင် နောက်ကျခဲ့သည်။ မနက်စာကို စိမ်ပြေနပြေ စား၊ သတင်းစာ ဖိမ်ဆွဲဖတ်၊ သူငယ်ချင်းတွေဆီ အီးမေးလ်ပို့၊ အဝတ်လျှော်။ အချိန်နဲ့အမျှ စိုးရိမ်ပူပန်မှုတွေကလည်း မြင့်တက်လာခဲ့သည်။ ဘာသံမှ မကြားရခြင်းကို မယုံကြည်တော့။ ကျွန်မ လှုပ်ရှားမှုတိုင်းကို တစ်စုံတစ်ရာက စောင့်ကြည့်နေသလို ခံစားနေရသည်။ ဒီအသံက ကျွန်မနောက်ကို ကောက်ကောက်ပါအောင် လိုက်နေခဲ့ပြီဆိုခြင်းကို သံသယမရှိပါလေတော့။ အနေးနှင့်အမြန် ဆိုသလို သူ့အသံ ထွက်ပေါ်လာလိမ့်ဦးမည်သာ။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

စားပွဲပေါ်မှာ စာရွက်စာတမ်းတွေ တောင်လို ပုံနေသည်။ ထုံးစံအတိုင်း အလုပ်တွေ ပြည့်နေသည့် ပိတ်ရက်ကို ကျွန်မ မျှော်လင့်မိသည်။

*'နှင့် မှာ ဘာ ဖြစ် လို့ က လေး မ ရှိ တာ လဲ...'*

သူ့အသံက အကြိမ်တိုင်းမှာ ကျွန်မကို ချောက်ချားစေပါသည်။ အိမ်နီးနားချင်း အခန်းက စန္ဒရားသံ၊ ဓာတ်လှေကားသံ၊ ဒုတိယရိပ်သာလမ်းက ရဲကားဥသြသံ၊ သူ ကျွန်မကို မေးနေခဲ့ပြန်ပြီ။ အသံက ကျွန်မ နောက်တည့်တည့်မှာ၊ သူ မတ်တတ်ရပ်ပြီး နားထဲသို့ ပြောနေသလို ပီသလှသည်။ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ချင်လှသည်။ သို့သော် ဘာအတွက်လဲ၊ ဘယ်သူ့ရန်ကနေ ခုခံကာကွယ်မှာလဲ။

*'နှင် ဘာ လို့ က လေး မ ရှိ တာ လဲ...'* တဲ့။

မေးခွန်းကို ကျွန်မ မုန်းလှသည်။ ကလေးမရှိတဲ့ မိန်းမတစ်ယောက် ဖြစ်ခွင့် မရှိဘူးလား။ ကလေးအမေ တစ်ယောက်ကို 'နှင် ဘာလို့ ကလေးရှိနေတာလဲ'ဟု မည်သူမျှ မေးဖို့ စိတ်ကူးမရှိကြ။ သူ ဘာလို့ ဒါကို ထပ်ကာတလဲလဲ မေးနေတာလဲ၊ ကျွန်မ မကြားချင်ယောင်ဆောင်နေလိုက်သည်။

*'နှင် တစ် ယောက် တည်း မ နေ သင့် ဘူး၊ ဒါ မ ကောင်း ဘူး'*

သူ့အသံက ခပ်ဆတ်ဆတ် ဖြစ်လာသည်ကို သတိထားမိသည်။ အေမီ ပြောခဲ့တာ သတိရသည်။ သူနှင့် စကားပြော၊ သူ ဘာလိုချင်လဲ ဆိုတာကို နားထောင်။

*'နှင် ဟာ...'*

'ရှင် ဘယ်က လာတာလဲ...'

ကျွန်မ သူ့စကားကို ဖြတ်မေးလိုက်သည်။

တိတ်သွားသည်။ ကျွန်မ ထပ်မေးပြီး စောင့်နေလိုက်သည်။ သူ့မှာ ကျွန်မကို ပြန်ဖြေဖို့ တာဝန်ရှိနေဘိသကဲ့သို့။

*'ငါ... ငါ မ သိ ဘူး...'*

သူ့အသံက တိုးသွားသည်။

'ဘာ လို့ မ သိ တာ လဲ...'

*'ငါ မ မှတ် မိ ဘူး...'*

'ရှင် ကျွန် မ ဆီ က ဘာ လို ချင် တာ လဲ...'

*'ဘာ မှ မ လို ချင် ဘူး...'*

mgyoe.com

mgyoe.com

'ဒါ ဆို ရှင် ဘာ လို့ ကျွန် မ ကို မေး ခွန်း တွေ တစ် ချိန် လုံး မေး နေ တာ လဲ…'

'နင် ဘယ် သူ လဲ ဆို တာ ငါ သိ ချင် လို့…'

'ဘာ ဖြစ် လို့ လဲ…'

'ငါ က နင့် ထဲ မှာ နေ ရ တာ လေ၊ ငါ က နင့် ရဲ့ တစ် စိတ် တစ် ပိုင်း ဖြစ် နေ တာ လေ'

'မ ဟုတ် ဘူး၊ ရှင် က ကျွန် မ အ စိတ် အ ပိုင်း မ ဟုတ်ဘူး'

တုန်လှုပ်ချောက်ချားစွာ အပြင်းအထန် ကန့်ကွက်လိုက်သည်။

'ဟုတ် တယ်…'

'မ ဟုတ် ဘူး၊ ကျွန် မ ကိုယ့် ကိုယ် ကိုယ် သိ တယ်'

'သေ ချာ လို့ လား၊ ကိုယ့် ကိုယ် ကိုယ် တ ကယ် သိ တဲ့ လူ ရှိ လို့ လား'

'ရှင် က ကျွန်မ မ ဟုတ် ဘူး၊ သူ စိမ်း ပဲ'

ကျွန်မ နည်းနည်းမှ မလှုပ်ဝံ့။

'ငါ က နင့် အ စိတ် အ ပိုင်း ဖြစ် နေ ပြီ၊ နောက် လည်း ဖြစ် နေ ဦး မှာ'

ကျွန်မ မူးနောက်ရီဝေလာခဲ့သည်။

'ကဲ- ရှင်က ကျွန် မ အ စိတ် အ ပိုင်း ဆို ရင် ပါး စပ် ပိတ် ထား'

'ငါ က နင့် အ စိတ် အ ပိုင်း တစ် ခု ဆို ပေ မယ့် နင် ငါ့ ကို အ မိန့် ပေး လို့ မ ရ ဘူး၊ ငါ့ ကိုယ် ငါ ပိုင် တယ်၊ နင် မ ပိုင် ဘူး'

ကျွန်မလက်တွေ တဆတ်ဆတ်တုန်လာပြီ။

'နင် ဘာ လို့ ကြောက် နေ တာ လဲ….'

'ကျွန် မ ကြောက် တယ် လို့ ဘယ် သူ ပြော လဲ…'

'ဒါ ဆို ဘာ လို့ တုန် နေ တာ လဲ…'

'ချမ်း လို့…'

'နင် ဘာ ကို ကြောက် နေ တာ လဲ…'

'မ ကြောက် ဘူး လို့ ပြောနေတယ်…'

'နင် ကြောက် နေ ပါ တယ်၊ ကြောက် တယ် ဆို တာ ကို ငါ ကောင်း ကောင်း သိ တယ်'

ကျွန်မ နှုတ်ဆွံ့သွားမိသည်။

mgyoe.com

 SAMPLE BOOK 

'ဘာ ဖြစ် လို့ ရှင် က ကြောက် တယ် ဆိုတာကို ကောင်း ကောင်း သိ ရ တာလဲ'

ငြိမ်နေသည်။

*'ကြောက် ရွံ့ ခြင်း ဟာ ငါ့ နား မှာ အ မြဲ ရှိ နေ ခဲ့ တယ်၊ ငါ အား လုံး ကို ဆုံး ရှုံး ခဲ့ ရ တယ်'*

'ဘာ တွေ ဆုံး ရှုံး ခဲ့ တာ လဲ'

*'အား လုံး ပဲ၊ ငါ ဒီ လောက် ပဲ မှတ် မိ တယ်'*

အသံတိတ်သွား၏။ သူ ဆက်ပြောဦးမလားလို့ ကျွန်မ စောင့်နေခဲ့သည်။ ထလိုက်ပြီး တစ်ခန်းလုံး လှည့်ပတ်ကြည့်လိုက်သည်။

'ဘာ တွေ ဆုံး ရှုံး သွား တာ လဲ၊ ရှင် ဘယ် က လဲ၊ တစ် ခု ခု ပြော စမ်း ပါ'

ဘာသံမှ ထွက်မလာ။

'ရှင် ဘာ လို့ ပြန် မ ဖြေ တာ လဲ'

ဘာလို့ ကျွန်မ ဒီလို ဖြစ်နေတာလဲ၊ ကျွန်မ ဘယ်သူ့ကို စကားပြောနေတာလဲ၊ ကျွန်မမှာ ဒွိကိုယ်ရည်ကိုယ်သွေးများ ဖြစ်နေပြီလား။ တစ်ရက်၊ နှစ်ရက်နဲ့ ဒီလောက် ဖြစ်နိုင်ပါ့မလား။ ဒါ စိတ်ကစဉ့်ကလျား ဖြစ်ခြင်းပဲလား။

လက်ပ်တော့ ဖွင့်လိုက်သည်။ 'စိတ်ကစဉ့်ကလျားရောဂါ'ဟု ဂူးဂဲလ်မှာ ရိုက်ထည့်လိုက်သည်။ ဝီကီပီဒီးယားက 'အတွေးဖြစ်စဉ်များ ပြိုကွဲ၍ ခံစား တုံ့ပြန်နိုင်စွမ်း အားနည်းသွားသည့် စိတ်ရောဂါ'ဟု အဓိပ္ပာယ်ဖွင့်ပေးသည်။

*'ဘာအရိပ်လက္ခဏာမျှ မပြဘဲ ဆိုင်းမဆင့် ဗုံမပါ ကောက်ကာငင်ကာ ဖြစ်တတ်သည်'* တဲ့။ အောင်မယ်လေးလေ့၊ ဆက်ဖတ်သည်။

*'အတွေ့များသည့် လက္ခဏာများမှာ မြင်ယောင်၊ ကြားယောင် ဖြစ်ခြင်း၊ စကားပြောရာ၊ စဉ်းစားတွေးခေါ်ရာမှာ အထိန်းအကွပ်မဲ့လာခြင်း'* တဲ့။

ကွန်ပျူတာ ပိတ်လိုက်ရ ကောင်းမလား။ မြင်ယောင်၊ ကြားယောင် ဖြစ်ခြင်းတဲ့။ ဒါ ဘယ်လိုမျိုးပါလိမ့်။

စိတ်ညစ်စွာ ဆက်ဖတ်မိသည်။

*'မြင်ယောင်၊ ကြားယောင် ဖြစ်ခြင်းတို့ထဲတွင် အတွေးတွေ ရိုက်သွင်းခြင်း ခံရသည်၊ သို့မဟုတ် ခေါင်းထဲမှ နုတ်သွားခြင်း ခံရသည်ဟု ယုံကြည်မှုများ၊ တစ်ယောက်ယောက်၏ အတွေးတွေ၊ လှုပ်ရှားမှုတွေကို နားထဲမှာ ကြားနေသည်များ ပါဝင်သည်'* ဆိုပဲ။

mgyoe.com

ကဲ- ဆက်ဖတ်ဦး။

*'စိတ်ကစဉ့်ကလျားရောဂါ၏ အဓိကကုထုံးမှာ စိတ်ရောဂါ ဆေးဝါးများ ပေးခြင်းနှင့် လူမှုအသိုင်းအဝိုင်းက ပံ့ပိုးပေးခြင်းတို့ ဖြစ်သည်။ အလွန်ပြင်းထန်သည့် ရောဂါသည်များကိုတော့ ဝေဒနာရှင် သဘောတူသည် ဖြစ်စေ၊ (ဥပဒေ ရှိခဲ့ပါလျှင်) သဘောမတူသည် ဖြစ်စေ ဆေးရုံတက် ကုသစေရသည်။'*

စာကြောင်းတိုင်း စာကြောင်းတိုင်းက ကျွန်မကို စိတ်မသက်မသာဖြစ်စေသည်။ ကျွန်မမှာ စိတ်ဝေဒနာလည်း မရှိ၊ မြင်ယောင် ကြားယောင်တာမျိုးလည်း မရှိ။ သူ့အသံကို ကျွန်မ အာရုံပြု စိတ်ကူးနေတာမျိုး မဟုတ်၊ သူ့အလိုလိုပေါ်လာသည့် တကယ့်အစစ်အမှန် အသံရယ်ပါ။

အမေဇုန်မှာ ကြားနေရသည့် အသံများ ဆိုသည့် စာအုပ်တွေ ရှာကြည့်မိသည်။ စိတ်ကစဉ့်ကလျားရောဂါကို ကုသခြင်း၊ မြင်ယောင် ကြားယောင်ဝေဒနာ ကုထုံးများ၊ ဘုရားသခင်၏ အသံများကို ကြားရခြင်း ဆိုသည့် ခေါင်းစဉ်များက ခေတ်စားလှသည်။ သို့သော် ကျွန်မအတွက် မဟုတ်။

အသံများ ကြားရခြင်း ဆိုသည့် စာပုဒ်ကို ရှာကြည့်သည်။ အကြောင်းအရာ တစ်သန်းကျော် ကျလာသည်။ ပထမဆုံး အကြောင်းအရာက ရေဒီယိုပရိုဂရမ်တစ်ခု ဖြစ်နေသည်။ အဲဒီအောက်မှာတော့ အကြောင်းမဲ့ အသံကြားနေသူတို့ကို နားလည် ဖေးမကူညီဖို့ ကွန်ရက်လိပ်စာတွေ။ ရောဂါနာမည် မှားယွင်းတပ်မိခြင်း ဒေါ့ကွန်း ဆိုသည့် ဝက်ဘ်ဆိုက်ကတော့ ပြဿနာများနှင့် ကုထုံးဗျူဟာအမျိုးမျိုးကို တင်ဆက်ထားသတဲ့။ ဖွင့်ကြည့်လိုက်သည်။

အကြောင်းမဲ့ အသံတွေ ကြားစေနိုင်သည့် အကြောင်းများ-

(၁) စိတ်ကစဉ့်ကလျားရောဂါ

(၂) စိတ်ရောဂါ

(၃) စိတ်ကျရောဂါ

(၄) မြင်ယောင် ကြားယောင် ဖြစ်ခြင်း

ဝက်ဘ်ဆိုက်ကို ပိတ်ပြီး လက်ပ်တော့အဖုံးကို ဖျတ်ခနဲ ပိတ်ချလိုက်သည်။ ဒါတွေကို မမြင်ချင်။ ကျွန်မ ဖြစ်နေတာနဲ့ ဘာမျှ မဆိုင်။ ကျွန်မမှာဘာစိတ်ပိုင်းဆိုင်ရာ ပြဿနာမျှ မရှိ။ မေမေက နှစ်ရှည်လများ စိတ်ကျရောဂါကြောင့် ပရိုဇက် သောက်နေရတာ ကြာပြီ။ ကျွန်မ ယောက်မလည်း အတူတူပဲဖြစ်သည်။ လုပ်ဖော်ကိုင်ဖက် တချို့လည်း ထိုနည်းလည်းကောင်း။ သို့သော်ကျွန်မကတော့ ဘာဆေးမျှ မသောက်ခဲ့ဖူးပါ။

mgyoe.com

mgyoe.com  SAMPLE BOOK 

ပြီးတော့ အန္တိမတန်ခိုးတော်တို့၊ တတိယမျက်လုံးတို့၊ စိတ်စွမ်းအားတို့ ဘာတစ်ခုမျှ ကျွန်မ အယုံအကြည် မရှိ။

ခုလို အခြေအနေမှာ အလုပ်လုပ်ဖို့ ဆိုတာ မဖြစ်နိုင်။ တစ်နေ့လုံး ကျွန်မ စိတ်နဲ့ကိုယ်နဲ့ မကပ်သည့်အတွက် အိမ်သန့်ရှင်းရေး လုပ်မည်။ မီးဖိုခန်းကို သန့်ရှင်းရေး စလုပ်သည်။ ဖိနပ်တွေကို တိုက်သည်။ အဝတ်တွေကို စီသည်။

ပြီးတော့ ဗဟိုပန်းခြံထဲ ထွက်ခဲ့သည်။ ပြေးမည်။ ပြေးသည်။ ပြေးတာကို မရပ်နိုင်။ ခြေထောက်တွေက ကျွန်မကို ဆန့်ကျင်နေသည်။ ခါတိုင်း ပြေးနေကျထက် သုံးဆလောက် ပိုပြီးပြေးမိသည်။ မရပ်မနား။ ခြေထောက်တွေ ကိုက်လာသည်ထိ၊ နှလုံးတွေ ပေါက်ကွဲတော့မတတ် ဖြစ်သည်ထိ၊ ခြေထောက်တွေ ကြွက်တက်ချင်လာသဖြင့် အတင်းရပ်လိုက်ရသည်။ စတော်ဘယ်ရီခင်း အစွန်က သစ်ပင်တစ်ပင်ကို မှီရင်း အော်ဂလီဆန်လာသည်။ အန်မိသည်မှာ မရပ်မနား။

ထိုညမှာတော့ ထူးဆန်းသည့် ငိုရှိုက်သံတစ်ခုကြောင့် လန့်နိုးလာခဲ့သည်။ ပထမတော့ အိပ်မက်မက်နေသလိုလို မပီဝိုးတဝါး။ မိုက်ကယ် ရောက်လာပြီး ကျွန်မဘေးမှာ လာငိုညည်းနေတာလား။ မီးဖွင့်ပြီး ကြည့်လိုက်သည်။ ခုတင်ပေါ်မှာ တခြား ဘယ်သူမှ မရှိ။ ငိုရှိုက်သံက တိုးတိုးကနေ တဖြည်းဖြည်း ကျယ်လာသည်။ ခုတင်ပေါ်မှ ဆင်းလိုက်သည်။ အခန်းရှေ့တံခါးက ထွက်လာတဲ့ အသံလား၊ ဘေးအခန်းတွေကလား၊ မဟုတ်၊ တစ်လောကလုံး တိတ်ဆိတ်နေသည်။ ငိုရှိုက်သံကတော့ ပွဲတင်ထပ်မတတ် ကျယ်သထက်ကျယ်လာခဲ့ပြီ။

တစ်ခုခု မလုပ်လျှင်တော့ ကျွန်မ တကယ်ရူးရတော့မည် ထင်သည်။

**'ဟယ် လို... ဘယ် သူ လဲ...'**

ငိုသံက ပိုတောင်ဆိုးလာသည်။ ဒေါသကြောင့် ကြိတ်မနိုင်ခဲမရဖြစ်မှု ကြောင့် ငိုသည့်အသံမျိုး မဟုတ်။ စကားလုံးဖြင့် မဖော် ပြနိုင်လောက်အောင် ခံစားရသည့်အတွက် သည်းအူပြတ်မတတ် ငိုကြွေးနေခြင်းမျိုးသာ။

**'ခု ငို နေ တာ ရှင် လား၊ ရှင် ဘာ လို့ ပြန် မ ဖြေ တာ လဲ'**

သူ့ငိုသံကို ဆက်ကြားနိုင်စွမ်း မရှိတော့။ ကျွန်မ နားထက် နှလုံးသားကို ပိုဒုက္ခပေးနေသည်။ ရင်ကို ဆွဲကိုင်လှုပ်ယမ်းနေသလို ခံစားနေရသည်။ ဒီငိုသံက ခန္ဓာကိုယ်တွင်းက တစ်စုံတစ်ရာကို နှိုးဆွနေသလိုပင်။ ငိုသံကြောင့် ကျွန်မ စိတ်ထဲက ဝမ်းနည်းမှုတွေ ထကြွသောင်းကျန်းလာသည်။

ဟော– ကျွန်မကိုယ်တိုင် မျက်ရည်ဖြိုင်ဖြိုင် ကျရင်း ရှိုက်ကြီးတငင် ငိုမိပြီကော။ ကျွန်မ မီးတွေ အားလုံး ဖွင့်လိုက်သည်။ ရေဒီယိုကို အသံကုန်

mgyoe.com

mgyoe.com SAMPLE BOOK

ဖွင့်လိုက်သည်။ ဂီတသံက စူးစူးရှရှ ကျယ်ကျယ်လောင်လောင်။ ခဏနေတော့ အိမ်တံခါးမှ ခေါင်းလောင်းသံတွေ ညံလာသည်။ အိမ်နီးနားချင်းတွေက ကျွန်မ ရူးသွားပြီလားဟု မေးကြသည်။ ကူကယ်ရာမဲ့ ဖြစ်လွန်းလှသည့် ထိုတဒင်္ဂ ထိုတစ်ခဏမှာပင် ကျွန်မ အကူအညီ ရေရေလည်လည် လိုနေပြီ ဆိုတာ သိလိုက်ရသည်။

■ ■ ■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၅ )

တနင်္လာနေ့ နံနက် ဆယ့်တစ်နာရီ ထိုးခါနီး ဒေါက်တာအဲရစ်ဆင်၏ ရုံးခန်းထဲ မဝင်ခင်မှာ ကျွန်မ အကြောက်ကြီး ကြောက်နေခဲ့သည်။ ပြီးခဲ့သည့် စနေ၊ တနင်္ဂနွေမှာ ဘာအလုပ်မျှ မလုပ်နိုင်။ အလုပ်လုပ်မည်ကြံတိုင်း သူ့မေးခွန်းတွေ သူ့အသံတွေက ကျွန်မကို ကြောက်ဆုတ်သွားစေခဲ့သည်ချည်းသာ။ နှစ်နှစ်ခြိုက်ခြိုက် လည်း ဘယ်လိုမှ အိပ်မပျော်ခဲ့။ ဒါကြောင့် ဒီနေ့မနက်စောစောမှာ မူလီဂမ်ကို ပြောပြလိုက်ရသည်။ ကျွန်မ နေမကောင်းတာက ပိုဆိုးလာကြောင်း၊ ခေါင်းထဲ က ရိပ်ရိပ်ပါအောင် မူးပြီး ဗိုက်ကလည်း နာနေကြောင်း ဒါကြောင့် အထူးကု ဆရာဝန်နှင့် ပြဖို့ လိုနေပြီဖြစ်ကြောင်း ပြောခဲ့သည်။ လိမ်ရတာကို ရှက်မိသော် လည်း မတတ်နိုင်တော့။ သူ့ကို အမှန်အတိုင်း ပြောလို့မှ မဖြစ်ဘဲ။

ဒေါက်တာအဲရစ်ဆင်က စိတ်ရောဂါအထူးကု ဆရာဝန်။ အေမီ သူငယ်ချင်း၏ စိတ်ရောဂါ ခံစားနေရသည့် မောင်လေးက သူနှင့် ပြသည်တဲ့။ ထိုသူငယ်ချင်းကပင် ခုလို ကုသမှု ခံယူနိုင်ဖို့ အချိန်တိုအတွင်း စီစဉ်ပေးခဲ့သည်။

ဒေါက်တာအဲရစ်ဆင်က ကိုယ်တိုင် တံခါးလာဖွင့်သည်။ ကျွန်မထက် ငါးနှစ်၊ ခြောက်နှစ်ခန့် ကြီးမည့် ရှည်ရှည်သွယ်သွယ် အားကစားသမား တစ်ယောက် အဆက်အပေါက်မျိုးနှင့် ဆရာဝန်။ တင်းတင်းရင်းရင်း လက်ဆွဲနှုတ်ဆက်ပုံ၊

mgyoe.com

mgyoe.com  SAMPLE BOOK 

ရည်ရည်မွန်မွန်ရှိပုံ၊ တည်ငြိမ်သည့် ဟန်ပန်တွေကြောင့် ကျွန်မ ကြောက်စိတ်တွေ လျော့သွားသည်။ လေးဖက်ပတ်လည် ဆေးဖြူသက်သက် သုတ်ထားသည့် နံရံတွေနှင့် အခန်းကျဉ်းလေးတစ်ခုထဲ သူ ကျွန်မကို ခေါ်သွားသည်။ မျက်နှာချင်းဆိုင် လှုပ်ကုလားထိုင်ကြီး နှစ်လုံးကို ညွှန်ပြပြီး ထိုင်စေသည်။ သူ့လက်ထဲမှာ စာရွက်၊ ခဲတံကို ကိုင်ရင်း သူ့ဆီ လာရခြင်း အကြောင်းကို မေးပါတော့သည်။

ပြီးခဲ့သည့် သုံးရက်က ကျွန်မ ကြုံတွေ့ခဲ့ရသည့် ဖြစ်ကြောင်းရယ်ကုန်စင်ကို ကျွန်မ သူ့ကို ပြောပြလိုက်သည်။ သူက နားစိုက်ထောင်လိုက်၊ မှတ်စုရေးလိုက်၊ တစ်ခါတစ်ရံ မေးခွန်းတွေ မေးလိုက်နှင့်။

"ဘယ်လိုမှ ဒီတိုင်း ဆက်နေလို့ မဖြစ်တော့တာနဲ့ ခုလို ရောက်လာခဲ့တာပါပဲ၊ ကျွန်မကို ဆရာ ကူညီနိုင်မယ်လို့ မျှော်လင့်ပါတယ်"

ဟု ဆိုရင်း ကျွန်မ စကားကို အဆုံးသတ်ခဲ့သည်။

သူက ကျွန်မကို စိုက်ကြည့်ပြီး စကားစပြောသည်။ သူ့အသံက တိုးတိတ်ညင်သာလှသည်။

"ကျွန်တော် ခင်ဗျားကို ကူညီနိုင်ပါတယ်၊ စိတ်ချလက်ချသာ နေပါ၊ ခုခေတ် စိတ်ရောဂါသုံး ဆေးဝါးတွေက မယုံနိုင်လောက်အောင် အစွမ်းထက်လာပါပြီ"

ဘယ်လိုဖြစ်ပါလိမ့်၊ သူ့စကားကြောင့် ကျွန်မ အလုံးကြီး ကျသွားရမည့်အစား ပို၍ ပူပင်သောကရောက်လာခဲ့သည်။

"အကြောင်းမဲ့ အသံတွေ ကြားတယ် ဆိုတဲ့ ကိစ္စဟာ မရှားလှဘူးခင်ဗျ၊ စိတ်ကြောင့်ဖြစ်နိုင်သလို ရုပ်ပိုင်းဆိုင်ရာရောဂါတွေ ဖြစ်တဲ့ အယ်လ်ဇိုင်းမားတို့၊ ပါကင်ဆန်ရောဂါတို့၊ ဦးနှောက်ကင်ဆာကျိတ်တို့မှာလည်း တွေ့ရတတ်တယ်၊ စိတ်ကြောင့် ဖြစ်တာတော့ ပိုများတာပေါ့၊ တခြားအကြောင်းတွေကြောင့်လည်း ဖြစ်နိုင်သေးတယ် ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် များသောအားဖြင့် ကုသလို့ရပါတယ်၊ ခင်ဗျား ခုလောလောဆယ် ဖွဲသောက်နေတဲ့ဆေး ရှိသလား"

"ခါးနာ ကျောအောင့်တတ်လို့ အကိုက်အခဲပျောက်ဆေး အိုင်ဗျူပရိုဖန် သောက်တတ်ပါတယ်၊ ဒီလောက်ပါပဲ"

"ဟို- မူးယစ်ဆေးတွေ ဘာတွေရော"

"မရှိပါဘူး"

mgyoe.com

mgyoe.com  SAMPLE BOOK 

ဘောင်းဘီပေါ်က အစက်လေးတစ်စက်ကို အကြောင်းမဲ့ ပွတ်တိုက်နေမိသည်။

"အရက်ရော"

"အင်း- နည်းနည်းပါးပါးလောက်ပါပဲ"

"ဘယ်လောက် နည်းနည်းပါးပါးလဲ"

"ညစာစားရင်း ဝိုင်တစ်ခွက်တလေလောက်ပါ၊ တစ်ခါတလေ နှစ်ခွက်ပေါ့"

"လူမှန်းသူမှန်း မသိလောက်အောင် မူးရူးသွားတာမျိုး ရှိလား"

"အို- ကြာလှပြီ၊ ကောလိပ်မှာတုန်းက တစ်ခါပဲ"

သူက ခေါင်းကို ခပ်မြန်မြန် ညိတ်လိုက်သည်။

"ဆေးတချို့မှာ မြင်ယောင်၊ ကြားယောင် ဖြစ်တတ်တဲ့ ဘေးထွက်ဆိုးကျိုး ရှိတယ်၊ အသံတွေ ကြားရတယ် ဆိုတာလည်း ဆေးတွေကြောင့်မို့ ဖြစ်တတ်တယ်"

သူ ကျွန်မ ပြောတာတွေကို ယုံရော ယုံရဲ့လား၊ သံသယဖြစ်လာသည်။

"အဲဒီအသံက ခင်ဗျား ရင်းနှီးနေတဲ့ အသံမျိုးလား"

"ဆရာ ဘာကို ဆိုလိုတာလဲ"

"ဩော်- မိဘ၊ ချစ်သူ၊ သူငယ်ချင်း တစ်မျိုးမျိုးကို ဆုံးရှုံးလိုက်ရတဲ့ တချို့လူတွေမှာ အဲဒီ ဆုံးပါးသွားတဲ့လူတွေရဲ့ အသံကို ကြားနေတတ်တယ်"

"လွန်ခဲ့တဲ့ ဆယ့်လေးနှစ် ဖေဖေ ဆုံးသွားပြီးကတည်းက ကျွန်မ ဘယ်သူ့ကိုမှ မဆုံးရှုံးရသေးပါဘူး"

"ဒါဆို ဒီအသံကို ညွှန်ပြနိုင်တဲ့ လူတစ်ယောက်မှ မရှိဘူးပေါ့"

"အင်း- အသံက ကျွန်မကို တစ်ခုခု ခိုင်းနေတာမျိုး၊ စော်ကားနေတာမျိုးလည်း မရှိဘူးရှင့်"

ဆရာဝန်က ပြုံးလိုက်သည်။

"ခင်ဗျား ဒီကိစ္စတွေကို လေ့လာထားပြီးပြီပဲ၊ ခင်ဗျားအတွေးတွေကို လူတွေ သိနေတယ် ဆိုတဲ့ ခံစားချက်မျိုးရော ဝင်ဖူးလား"

"ဟင့်အင်း မဝင်ဖူးပါဘူး"

"တစ်ခါတလေ နောက်ကနေ လိုက်ခံရတာတို့၊ စောင့်ကြည့်ခံရတာတို့ အဲလို ခံစားချက်မျိုး ဖြစ်ဖူးလား"

"ဟင့်အင်း၊ ဒီအသံပဲ ကြားနေတာ"

mgyoe.com

mgyoe.com

"တချို့လူတွေက ခင်ဗျားရဲ့ အတွေးတွေကို လွှမ်းမိုးနေတယ်လို့ရော ခံစားဖူးလား"

"ဩော်… ဒါကတော့ အမြဲလွှမ်းမိုးဖို့ ကြိုးစားကြတာပဲ မဟုတ်လား ဆရာရယ်"

သူက ပြုံးလိုက်ပြန်သည်။ ကျွန်မကို စေ့စေ့စပ်စပ် ကြည့်သည်။ ကျွန်မ စိတ်တွေ တင်းကျပ်လာသည်။ သူ့ကို ကျွန်မ ဖွင့်ပြောခဲ့ပြီးသော်လည်း စိတ်က သက်သာမလာခဲ့။ ဆွေးနွေးမှုကို တော်လိုက်ရင် ကောင်းမလား။ အသံအကြောင်း စဉ်းစားမိတော့ တွန့်သွားသည်။ ကျွန်မ တကယ် အကူအညီ လိုနေသည်လေ။ ကျွန်မ သူ့ကို မေးလိုက်သည်။

"ဒီအသံ ဘယ်က လာတာလဲ၊ ဒါ မကြားတော့အောင် ဘယ်လို လုပ်ရမလဲ"

သူက ရှေ့တိုးနောက်ငင် ကုလားထိုင်ကို လှုပ်ရင်း စဉ်းစားနေသည်။

"အင်း- ခင်ဗျား ဖြစ်စဉ်ကို လေ့လာကြည့်သလောက်တော့ စိတ်ပိုင်းဆိုင်ရာ ပြဿနာပါပဲ၊ စိတ်ရောဂါ ဖြစ်လုနီးနီးပေါ့"

"အဲဒါက ဘာလဲ၊ ဘာဖြစ်လို့ ဖြစ်ရတာလဲ"

"ဒါက အခြေအနေပေါ် မူတည်ပြီး ကွာခြားပါတယ်၊ ဒီလိုကိစ္စမျိုးဟာ အင်မတန် စိတ်ပင်ပန်းတဲ့အခါ၊ အထူးသဖြင့် အပြောင်းအလဲတစ်ခုခု ကြုံတွေ့တဲ့ အထွတ်အထိပ်ကာလတွေမှာ ရုတ်တရက် ပေါ်လာလေ့ရှိတယ်၊ အိမ်နဲ့ ခွဲခွာပြီး တစ်ယောက်တည်း နေရတဲ့ အရွယ်ရောက်စ အချိန်မျိုးတွေ၊ အလုပ်သစ်တစ်ခုခု အစပျိုးရတဲ့ အခြေအနေတွေ၊ ခုနက ပြောခဲ့သလို မိသားစုဝင် တစ်ဦးဦး ဆုံးရှုံးလိုက်ရတဲ့အခါမျိုးတွေပေါ့၊ ခုတစ်လော ပုံမှန်ထက်ပိုတဲ့ အပြင်းအထန် စိတ်ဖိစီးမှုမျိုးတွေ ရှိခဲ့လား"

"ဟင့်အင်း၊ မရှိပါဘူး"

"စိတ်ကစဉ့်ကလျားရောဂါ ဖြစ်နိုင်ခြေကို လုံးလုံး ဖယ်ရှားလို့ မရသေးပေမယ့် ခင်ဗျား ပြောပုံအရတော့ ဖြစ်နိုင်ခြေ နည်းပါတယ်၊ အသေအချာသိဖို့အတွက်ကတော့ ဆက်ပြီး စောင့်ကြည့်ဖို့လိုမယ်၊ ခင်ဗျားအကြောင်းကိုလည်း ဒီထက် ပိုသိဖို့ လိုဦးမယ် ခင်ဗျ"

ကျွန်မမျက်လုံးထဲက အကြောက်တရားကို သူ မြင်သွားပုံပေါ်သည်။ သူက ဆက်ပြောသည်။

"စိတ်တော့မပူပါနဲ့၊ ဖြစ်ခဲ့ရင်တောင် ဆေးကုလို့ရပါတယ်၊ မိသားစု

mgyoe.com

mgyoe.com  SAMPLE BOOK 

ထဲမှာ စိတ်ဝေဒနာ ခံစားရသူ ရှိလား''

''မေမေ့မှာ စိတ်ကျရောဂါ ရှိပါတယ်''

''ဘယ်တုန်းက စဖြစ်တာလဲ''

''ကျွန်မ လူမှန်းသိတတ်စကတည်းကပဲ''

''ဒါဖြင့် ခင်ဗျားရော''

''ဟင့်အင်း၊ ကျွန်မမှာ မရှိပါဘူး''

''မောင်နှမတွေထဲမှာရော''

''မရှိဘူးရှင့်''

သူက စဉ်းစဉ်းစားစား ခေါင်းတဆတ်ဆတ် ညိတ်ရင်း မှတ်စု ရေးနေသည်။

''ဒါဖြင့် ခင်ဗျား မိသားစုဝင်တွေ၊ ဆွေမျိုးတွေထဲမှာ ဒီလို အသံတွေ ကြားဖူးတဲ့လူ ရှိသလား''

''ဖေဖေကတော့ ရင်ခုန်သံတွေ ကြားနိုင်ပါတယ်''

ဘာပြောလိုက်မိမှန်း မသိဘဲ ရုတ်တရက် လွှတ်ခနဲ ပြောမိသွားသည်။

ဒေါက်တာအဲရစ်ဆန်က ဟာသပြက်လုံးတစ်ခု ကြားလိုက်ရသလို ရယ်နေသည်။ ပြီးတော့ ကျွန်မကို ပြုံးကြောင်ကြည့်နေမှာမျိုး မတွေ့ချင်။ သူ မေးခွန်းတွေ မေးခဲ့သည်။ ထို့ကြောင့် သူ့ကို ဖြေရလိမ့်မည်။

''ဖေဖေက မြန်မာပြည်မှာ မွေးတာပါ၊ သူ့အဖေက ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားတယ်၊ သူက ဂြိုဟ်ကောင်လေးလို့ သူ့အမေက ယူဆပြီး သူ့ကို ပစ်သွားတယ်၊ အသက်ရှစ်နှစ်သားမှာ မျက်လုံးကွယ်သွားတယ်၊ အဲဒီအချိန်က စလို့ သူ့ရဲ့ အကြားအာရုံဟာ ထူးကဲလာခဲ့တယ်၊ တောင်ပံခတ်သံကတစ်ဆင့် ငှက်တွေကို သူ အမျိုးအမည် ခွဲနိုင်တယ်၊ ပင့်ကူအိမ်ထဲက ပင့်ကူ သားကောင် ချောင်းနေတာကို သူ သိတယ်၊ သူ ကြားနေရတာကိုး''

ဆရာဝန်က ကျွန်မကို အံ့သြတကြီး ပြုံးကြည့်နေသည်ကို တွေ့လိုက်ရသည်။ သူ့ကို ကျွန်မ အလေးအနက် ပြောနေသည်လား၊ နောက်နေသည်လား သူ မဝေခွဲတတ်ရှာ။ သူ စိတ်ရှုပ်နေပုံကို ကျွန်မ ကျေနပ်စွာ ကြည့်ရင်း ဆက်ပြောသည်။

''ပြီးတော့ ကျွန်မ ပြောခဲ့သလိုပဲ သူက လူတွေရဲ့ ရင်ခုန်သံကိုလည်း အဝေးကနေ ကြားနိုင်တယ်ရှင့်''

''ရင်ခုန်သံ... ဟုတ်လား''

mgyoe.com

mgyoe.com

ဒေါက်တာအဲရစ်ဆင်က သူ ကြားရတာ သေချာ၊ မသေချာ အတည်ပြု သလို မေးနေသည်။

"ဟုတ်တယ်၊ ဖေဖေက လူတစ်ယောက်ကို ရင်ခုန်သံကြားရုံနဲ့ ခွဲခြား နိုင်တယ်၊ လူတွေရဲ့ ရင်ခုန်သံဟာ သူတို့လေသံတွေလို ကွာခြားတယ် ဆိုတာကို သိတယ်၊ ရင်ခုန်သံဟာ လူ့အတွင်းစိတ်ရဲ့ ပြတင်းပေါက်ပဲတဲ့၊ အဲဒီမှာပဲ သူ ကြားဖူးသမျှ ရင်ခုန်သံတွေထဲမှာ အလှဆုံး ရင်ခုန်သံပိုင်ရှင် ကောင်မလေး တစ်ယောက်နဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်"

"အင်း- စိတ်ဝင်စားစရာပဲ"

သူ့အသံက စိုးရိမ်တကြီး ဖြစ်လာခဲ့သည်။

"တခြားရော ခင်ဗျား ဘာဖြစ်သေးလဲ၊ သူများ မမြင်တာတွေ မြင်နေ ရလား"

သူ မေးတာကို လျစ်လျူရှုရင်း ကျွန်မ ဆက်ပြောလိုက်သည်။

"အဲဒီ ကောင်မလေးနာမည်က မိမိတဲ့၊ သူက သိပ်လှပေမယ့် မွေးရာပါ ခြေခွင်နေလို့ လမ်းမလျှောက်နိုင်ရှာဘူး၊ ဒါကြောင့် ဖေဖေဟာ သူ့ကို ကျောပိုး သွားခဲ့ရတယ်၊ ဖေဖေက သူ့ရဲ့ ခြေထောက်တွေ၊ သူက ဖေဖေ့ရဲ့ မျက်လုံး ဖြစ်ခဲ့ကြတာပေါ့၊ ကျွန်မ ဆိုလိုတာ ဆရာ နားလည်ရဲ့လား"

ဒေါက်တာအဲရစ်ဆင်က ခေါင်းမြန်မြန်ညိတ်ပြသည်။

"ဒါပေါ့၊ ကျွန်တော် ကောင်းကောင်းနားလည်ပါတယ် မစွစ်ဝင်း"

"နောက်ပိုင်း ခွဲစိတ်ကုသမှု ခံယူပြီး မျက်လုံး ပြန်မြင်တဲ့အခါ သူ့ရဲ့ ထူးကဲတဲ့ အကြားအာရုံတွေ တဖြည်းဖြည်း ပျောက်သွားတယ်၊ လုံးလုံးမကြား တော့တာ မဟုတ်ပေမယ့် မှေးမှိန်သွားတဲ့ သဘောပေါ့"

"ဒါဆို ခင်ဗျားရော အဲသလို ရင်ခုန်သံတွေ ကြားနိုင်စွမ်း ရှိသလား"

သူက မေးခွန်းကို ဂရုတစိုက် မေးလိုက်သည်။

"ဟင့်အင်း၊ ရှိချင်တာ၊ ကံအကြောင်းမလှတော့ မရှိဘူးရှင့်"

သူက နာရီကြည့်နေသည်။ သူ့မျက်နှာက မတင်မကျ သံသယတွေ ပြည့်နေသည်။

*'နင် ဒီ ကို ဘာ လို ချင် လို့ ရောက် နေ တာ လဲ....'*

ဟော-သူ လာပြီ။

**'ငြိမ် ငြိမ် နေ စမ်း ပါ'**

ကျွန်မ သူ့ကို အမိန့်ပေးလိုက်သည်။

mgyoe.com

*'နင် ဒီ လူ ဆီ က ဘာ လို ချင် လို့ လဲ…'*

'အ ကူ အ ညီ ပေါ့၊ ကျွန် မ အ ကူ အ ညီ လို နေ တယ်…'

*'မ လို ပါ ဘူး…'*

'အိုး လိုတာပေါ့…'

*'သူ နင့် ကို မ ကူ ညီ နိုင် ဘူး…'*

'ဘာ ဖြစ် လို့ လဲ…'

*'နင် ပြော နေ တာ ကို သူ နား မှ မ လည် တာ၊ သူ က လူ တွေ ဟာ မျက် လုံး ရှိ မှ မြင် ရ မယ် ထင် နေ တာ၊ ဒီ လို လူ မျိုး က နင့် ကို ဘယ် လို ကူ ညီ နိုင် မှာ လဲ'*

'ရှင် ဒါ ကို ဘယ် လို လုပ် သိ တာ လဲ…'

*'အို ဒီ လောက် သိ သာ တာ ကို'*

"တစ်ခုခုများ မှားနေလား"

"ဘာမှားနေတာလဲ ဆရာ"

"ခင်ဗျား ဖြူဖပ်ဖြူရော်ဖြစ်ပြီး နှုတ်ခမ်းတွေ တရွရွ လှုပ်နေတယ်၊ အသံ ကြားရပြန်တာလား"

ခေါင်းညိတ်ပြလိုက်သည်။

"ဘာပြောနေတုံး ခု"

"ကျွန်မက ဘာအကူအညီမှ မလိုဘူးတဲ့"

နင် ပြောတာ ငါ ကောင်းကောင်းသိတယ် ဆိုသည့် အပြုံးမျိုး သူ့ မျက်နှာမှာ တွေ့လိုက်ရသည်။

"တခြားရော ဘာပြောသေးလဲ"

"ဆရာက ကျွန်မကို ကူညီနိုင်မှာ မဟုတ်ဘူးတဲ့"

"ဩော်- ဘာဖြစ်လို့တဲ့လဲ"

*'ပြော လိုက် လေ၊ သူ က မှ နင့် ကို နား မ လည် တာ…'*

ကျွန်မ ခဏ စဉ်းစားလိုက်သည်။

"ဟင့်အင်း၊ မပြောဘူး"

"အင်း- သူ့ကို ကျွန်တော် ခြိမ်းခြောက်နေတယ်လို့ ခင်ဗျား ခန္ဓာကိုယ် ထဲက အသံက ယူဆနေပုံပဲ၊ ဒါက အင်မတန် ထင်ရှားတဲ့ ကာကွယ်တုံ့ပြန်မှု ပုံစံပဲလေ"

*'သူ က အ ရူး ပဲ…'*

mgyoe.com

mgyoe.com

“သူ ပြောတာကို နားမထောင်နဲ့၊ မေ့ထားလိုက်”

“အဲသလောက် လွယ်မှတော့ ကျွန်မ ဆရာရှေ့ ဘယ်ရောက်လာပါ့မလဲ”

“သိပါတယ်၊ ဒါပေမဲ့ ကြိုးစားကြည့်ပါ၊ သူ ပြောပါစေ၊ အာရုံစိုက်ပြီး နားထောင်မနေနဲ့၊ အသာလေး လွှတ်ထားလိုက်၊ သူ ခင်ဗျားကို ဘာမှ လုပ်နိုင်တာမှ မဟုတ်တာ”

*‘သူ ဘာ ပြော နေ မှန်း သူ မ သိ ပါ ဘူး၊ သူ က ငပေါ၊ ငါ ပြော တာ ယုံ၊ သူ က ဆ ရာ ကြီး လုပ် နေ တာ…’*

ဟင်– ဆရာကြီး ဆိုပဲ၊ ဆရာကြီး ဆိုတာ ဘာပါလိမ့်၊ အစ်ကိုကြီးကို သတိရသည်။ အမေ့ကို သတိရသည်။ ခေါင်းတွေ ချာချာလည်လာသည်။

“ကဲ ကဲ ကျွန်တော် ခင်ဗျားကို ဖိုင်ပရီဆာ ညွှန်းလိုက်မယ်”

သူ့အသံက နံရံတစ်ချပ် ခြားနေသလိုလို။

“ညကျရင် ငါး မီလီဂရမ်သောက်၊ နောက်နေ့တွေမှာလည်း ညတိုင်း ညတိုင်း ခုနစ်ရက် ဆက်တိုက်သောက်၊ ဒါက ခင်ဗျားကို ကူညီနိုင်လိမ့်မယ်၊ ဒီဆေးမှာ ဘေးထွက်ဆိုးကျိုးလေးတွေတော့ ရှိပါတယ်၊ စစချင်း သောက်ခါစမှာ နုံးနေမယ်၊ အိပ်ချင်နေမယ်၊ အပြည့်အဝ အနားယူပါ၊ ဒီအပတ် အလုပ်မသွားတာ ကောင်းလိမ့်မယ်၊ တချို့လူနာတွေလည်း ဒီဆေးသောက်ပြီး ဝလာတယ်လို့ ပြောတယ်၊ မူးသလိုလို၊ ဝမ်းချုပ်သလိုလိုလည်း ဖြစ်တတ်တယ်၊ ဒါပေမဲ့ ခဏပါပဲ၊ သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှု ဆိုတာ ရှိစမြဲကိုး၊ ဒါပေမဲ့ နောက်အကျဆုံး ကျေးဇူးတော်နေ့ ပြီးရင်တော့ အလုပ်ပြန်လုပ်လို့ ရပါပြီ၊ နောက်တစ်ပတ်မှာ ပြန်လာခဲ့ပါ၊ နေလို့ထိုင်လို့ သိပ်ကောင်းလာလိမ့်မယ်လို့ ကျွန်တော် ကတိပေးပါတယ်”

ကဲ– လိုချင်တာ ရပြီ။ ရောဂါနာမည်တပ်၊ ဆေးပေး၊ ယုံယုံကြည်ကြည် ကုသခံ၊ ဒါဆို အလုပ်ဖြစ်ပြီ မဟုတ်လား။ ဩော်– ကျွန်မက သူ ပြောခဲ့သလို အလုပ်သစ်တက်ခါစမှာ စိတ်ဖိစီးတာ မဟုတ်။ ရုံးကနေ စိတ်ရှုပ်ထွေးစွာဖြင့် ကူကယ်ရာမဲ့ ထွက်ခွာခဲ့ရသူပါလေ။

ဆေးဆိုင်မှ စာရေးက ဆေး၏ ဘေးထွက်ဆိုးကျိုးတွေကို ဒုတိယအကြိမ်အဖြစ် အပြည့်အစုံ ရှင်းပြနေချိန်မှာ အာရုံစိုက် နားထောင်ဖို့ ကျွန်မ ပင်ပန်းလွန်းနေခဲ့ပြီ။ အိမ်ပြန်ရောက်တော့ ကုတ်အင်္ကျီ မချွတ်ဘဲ မီးဖိုခန်းထဲ တန်းဝင်

mgyoe.com

mgyoe.com
SAMPLE BOOK


သည်။ ဖန်ခွက်ထဲ ရေဖြည့်ပြီး အိတ်ကပ်ထဲမှ ဆေးထုပ်ကို ထုတ်သည်။ တစ်လုံး ယူသည်။

*'ဟဲ့- မ သောက် နဲ့၊ ထား လိုက်…'*

*'သူ ပြော တာ ကို လျစ် လျူ ရှု ထား'*

*'ဒါ နင့် အ တွက် ဘာ အ ကူ အ ညီ မှ မ ဖြစ် ဘူး…'*

*'နား မ ထောင် နဲ့၊ နား မ ထောင် နဲ့'*

*'မ သောက် ပါ နဲ့'*

*'သူ ဘာ ပြော ပြော ဂ ရု မ စိုက် နဲ့'*

ဆေးကို လျှာပေါ်တင်ပြီး ရေသောက်ချလိုက်သည်။

ခဏလေးနေတော့ မခံနိုင်အောင် ပင်ပန်းနွမ်းလျလွန်းသည့် ခံစားချက်တွေက ကျွန်မကို လွှမ်းမိုးသွားသည်။ အဝတ်အစား အပြည့်အစုံဖြင့် အိပ်ရာပေါ် ပစ်လှဲလိုက်ပြီး တစ်ချိုးတည်း အိပ်မောကျသွားတော့သည်။

■ ■ ■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၆ )

နောက်နေ့တွေမှာတော့ အသံသည် ကျွန်မကို မေးခွန်းတွေဖြင့် နှိပ်စက်မြဲ နှိပ်စက်ဆဲသာ။ ညညဆို သူ့ ငိုသံကြီးဖြင့် ကျွန်မ လန့်နိုးအောင်လည်း နှိုးတတ်သေးသည်။ အိပ်ရေးပျက်ရလွန်းသဖြင့် ကျွန်မ တစ်ကိုယ်လုံး ကိုက်ခဲနာကျင် နုံးခွေနေသည်။ ဘာကိုမျှ အာရုံမစိုက်နိုင်၊ သတင်းစာပင် တစ်မိနစ်မပြည့်ခင် ပစ်ချထားလိုက်မိသည်။ စာအုပ် ဆိုလျှင်တော့ ပြောမနေနဲ့တော့။

ဘာလုပ်လုပ်၊ ဘယ်သွားသွား၊ ဘာမြင်မြင် ထိုအသံအကြောင်းသာ တစ်ချိန်လုံး စဉ်းစားနေမိသည်။ သူ့အသံထွက်နေနေ၊ တိတ်နေနေ သူက ကျွန်မကို တစ်ချိန်လုံး စိုးမိုးနေခဲ့ပြီ။

မူလီဂမ်ဆီ အီးမေးလ် ထပ်ပို့ရသည်။ ကျွန်းမာရေးပြဿနာက ထင်တာထက် ဆိုးကြောင်း၊ ရောဂါအတိအကျ မသိသေးကြောင်း၊ စမ်းသပ် စစ်ဆေးမှုတွေ လုပ်ရဦးမည့်အကြောင်း၊ သူကလည်း စိတ်ပူပန်စွာ အီးမေးလ်ပြန်သည်။ အမြန် နေပြန်ကောင်းစေဖို့ ဆုမွန်ကောင်း တောင်းပေးသည်။

မြို့တော်တွင်း ရောက်တတ်ရာရာ လှည့်ပတ်သွားလာနေစဉ် တစ်ရက်မှာ ယူနီယံစကွဲယား မြေအောက်ဘူတာမှာ လူတစ်ယောက်ကို ကျွန်မ သတိထားမိခဲ့သည်။ ဝတ်စုံနက်နှင့် ရှပ်ဖြူ ဝတ်ဆင်ထားပြီး ကျွန်မနှင့် သက်တူရွယ်တူခန့်

mgyoe.com

ရှိသော ထိုလူသည် ခြေထောက်နားမှာ လက်ဆွဲသေတ္တာတစ်လုံး ချထားသည်။ လူတွေက ပျားပန်းခပ်မျှ သွားလာနေကြသော်လည်း သူကတော့ ရပ်နေသည့် နေရာမှာ မူလီစုပ်ထားသလို တစ်လက်မမျှ မရွေ့။ ရထားသံတွေ ဆူညံနေသည့် ကြားက သူ့အသံကို ကျွန်မ ပြတ်တောင်း ပြတ်တောင်း ကြားနေရသည်။

"ဘုရားသခင်၏ စကားသံကို နားစွင့်ကြလော့… ကျွန်ုပ်တို့အားလုံး အပြစ်သားချည်းသာ… ကိုယ်တော့်အပေါ် အကြွင်းမဲ့ယုံကြည်ကြလော့… သင်တို့အားလုံး လမ်းမှန်မှ သွေဖည်နေခဲ့ကြပြီ"

သူ့ကို ဘယ်သူမျှ ဂရုမစိုက်ကြ။ တချို့လူတွေက သနားသလိုလို၊ အားနာသလိုလိုနှင့် ရပ်နားထောင်တတ်သော်လည်း ခေါင်းထဲ ဘာမျှဝင်ပုံမပေါ်။ သူဘာလို့ ဒီလို လုပ်နေတာလဲ။ သူ့ကို ဘယ်သူက ဒီလိုလုပ်ဖို့ အမိန့်ပေးခဲ့လဲ။ သူရော အသံတွေ ကြားတတ်တဲ့ လူမျိုးလား။ နယူးယောက်ရဲ့ အကြီးဆုံး မြေအောက် ဘူတာရုံမှာ ရထားတွေ ဝင်ထွက်နေချိန် ဒါတွေ ပြောရမယ်လို့ စေခိုင်းခံရတာ လား။ အချိန်တွေ ကြာလာခဲ့ရင် ကျွန်မကိုရော အသံက ဘာတွေစေခိုင်းဦးမှာလဲ။

ကြောက်စိတ်တွေ ပြည့်နေပေမယ့် ဆရာဝန်ညွှန်းသည့် ဆေးကို နှစ်ကြိမ် သာ သောက်ဖြစ်သည်။ အသံက သတိပေး၍ မဟုတ်၊ ဘေးထွက်ဆိုးကျိုးကို ကြောက်၍ မဟုတ်။ ဆေးအပေါ်ထားသည့် ကျွန်မသဘောထားကြောင့်သာ။ ဓာတုဆေးဝါးတွေက ကျွန်မကို လွှမ်းမိုး လမ်းညွှန် ထိန်းချုပ်နေခြင်းကို သည်းမခံ နိုင်။ ခန္ဓာကိုယ်ထဲ လူစိမ်းတစ်ယောက် ဝင်နေသလိုလို မခံမရပ်နိုင်အောင် လေးလံလာခဲ့သည်။

ကျွန်မခန္ဓာကိုယ်၏ ကြွက်သားတစ်မျှင်ချင်းက ဆေးဝါးကို ငြင်းဆန် ကြသည်။ ဒီ ဆေးလုံးဖြူဖြူလေးတွေပေါ် လုံးဝဥဿုံ မှီခိုရမည့် ဘဝမျိုး မရောက်ချင်၊ သူ့ကျေးကျွန် မဖြစ်ချင်။ အသံကို ပျောက်ကွယ်အောင် လုပ်ဆောင် နိုင်သည့် တခြားနည်းလမ်းတွေ ရှိကိုရှိရလိမ့်မည်။ ဘာမှန်းမသိသေးပေမယ့် ကျွန်မ ကွဲပြားသော နည်းလမ်းတွေကို ကြိုးစားကြည့်မည်။ အေမီ့ အကြံဉာဏ် အတိုင်း နယူးယောက် အပ်ပ်စတိတ် သစ်တောတွေထဲက ကမ္ဘာ့ဌာန်းဌာနကို လိုက်သွားပြီး အာနာပါန ရှုမှတ်ကြည့်ရမလား။ ပကတိ တိတ်ဆိတ်ငြိမ်သက် သည့်နေရာမှာ ခေါင်းထဲက အသံက ပိုဆိုးလာမှာလည်း ကြောက်သေးသည်။

ဂန္ထဝင်ဂီတက နည်းနည်းအလုပ်ဖြစ်သည်။ ဆိုဖာပေါ်လှဲရင်း မိုးဇက်၊ ဘက်ချ်၊ ဟေဒင်တို့ကို နားထောင်နေချိန်မှာ အသံက တိတ်နေတတ်သည်။ တယော တွေ၊ ရှယ်လိုတွေ၊ စန္ဒရားတွေ၏ အသံက တစ္ဆေနိုင် မန္တန်လို အကျိုးသက်ရောက်

mgyoe.com

mgyoe.com

သည်လား မပြောတတ်။ ဂီတသံစဉ်တွေကြားမှာ သူ တိတ်တိတ်ငြိမ်ငြိမ် ရှိလှသည်ကတော့ အမှန်ပင်။ အဲ- တစ်ချိန်တည်းမှာ အလုပ် နှစ်မျိုး၊ သုံးမျိုး မလုပ်မိဖို့တော့ သတိထားရသည်။ ဂီတသံဖြင့် စာဖတ်၊ အိမ်သန့်ရှင်းရေးလုပ်၊ ချက်ပြုတ် ဒီလိုတွေ လုပ်လျှင်တော့ သူ ချက်ချင်း ဝင်လာနိုင်သည်။ ဆုံးဖြတ်၊ စာဖတ်မလား၊ တေးဂီတနားထောင်မလား၊ ချက်ပြုတ်ပြီးလို့ ညစာ အဆင်သင့်ဖြစ်မှ ဂီတကို နားထောင်ချင်ထောင်၊ နှစ်ခု တစ်ပြိုင်နက်တော့ မလုပ်လေနဲ့။ ကျွန်မက အလုပ်နှစ်ခု တစ်ပြိုင်နက် လုပ်ရသည်ကို အသားကျလှသဖြင့် ထိုကိစ္စမှာ အတော်ခက်သည်။ အသံက ဒါမျိုးကို သည်းမခံဘူး မဟုတ်လား။

ကျေးဇူးတော်နေ့မှာ အခြေအနေက ပိုလို့တောင် ဆိုးလာခဲ့သည်။ ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် အားလပ်ရက်ကို တစ်ယောက်တည်း အချိန်ဖြုန်းရသည်။ အေမီက ဘော်စတွန်က သူ့အမျိုးတစ်ယောက်ဆီ သွားလည်နေသည်။ တခြား သူငယ်ချင်းတွေကလည်း မိသားစုတွေနှင့် အသီးသီးအသက ပျော်ရွှင်ဖွယ်အချိန်တွေ ရနေကြသည်။ တိုင်းပြည်တစ်ဝက်လောက်က ခရီးထွက်နေကြသည်။ ဆန်ဖရန်စစ္စကိုက အစ်ကိုဖြစ်သူ၏ စိတ်မပါ့တပါ ဖိတ်ခေါ်ချက်ကို ကျွန်မငြင်းခဲ့ပြီးပြီ။

နယူးယောက်သည် ဤမျှ တိတ်ဆိတ်ခြောက်ကပ်သည်ကို တစ်သက်နှင့်တစ်ကိုယ် မကြုံခဲ့ဖူး။ လမ်းတွေပေါ်မှာ ကားလေးတစ်စစီးစ၊ နှစ်စီးစလောက်သာ ရှိသည်။ ဆိုင်တွေ အကုန်နီးပါး ပိတ်သည်။ ဒုတိယရိပ်သာလမ်းနှင့် ငါးဆယ့်ကိုး လမ်းထောင့်မှာ အမြဲတွေ့နေကျ အိမ်ခြေရာခြေမဲ့ လူတောင် ပျောက်နေသည်။ အစားအသောက် မှာဖို့ ဆိုင်ပေါင်း ခြောက်ဆိုင်လောက် ဖုန်းဆက်ကြည့်သည်။ တစ်ဆိုင်မျှ မဖွင့်။

ညစာစားချိန်မတော့ အဆောက်အအုံတစ်ခုလုံး ကြက်ဆင်သားကင်နံ့တွေ လှိုင်နေသည်။ အခန်းတွေထဲက ရယ်ပွဲဖွဲ့သံတွေ ပျံ့လွင့်လာသည်။ ဖန်ခွက်ချင်း ထိသံတွေ၊ ဟင်းနံ့တွေ၊ အချိုပွဲရနံ့တွေ ကြိုင်လှိုင်။ ကျွန်မအဖို့ကတော့ အထီးကျန် ရနံ့တွေပါပဲ။

ရေခဲသေတ္တာထဲက တွေ့တာတွေ ကောက်စားလိုက်ပြီး အသံက ကန့်ကွက်နေတုန်းမှာပဲ ဝိုင်နီ တစ်ပုလင်းလုံးနီးပါး သောက်ချလိုက်သည်။ သူ မှန်ပုံပါပဲ။ အရက်က ကျွန်မကို ကောင်းကျိုးမပေး။ ကိုယ့်ကိုယ်ကိုယ် သနားသည့် စိတ်က ပြင်းထန်စွာ ပေါ်ပေါက်လာခဲ့ပြီး ဆိုဖာပေါ်မှာ မျက်ရည်ဖြိုင်ဖြိုင် ကျရပြန်လေသည်။

mgyoe.com

တနင်္ဂနွေညနေမှာ အေမီ မက်ဆာချူးဆက်မှ ပြန်ရောက်လာခဲ့သည်။ သူ သွားနေစဉ်ကလည်း ကျွန်မတို့ အကြိမ်ပေါင်းများစွာ ဖုန်းပြောဖြစ်ကြသည်။ ဆေးတွေ မသောက်တော့ဘူးဟု ပြောလိုက်တော့ သူက စိတ်သက်သာရာ ရသွားပြီး တရားစခန်း လိုက်ခဲ့ဖို့ ခေါ်မြဲတိုင်း ခေါ်နေသည်။ သူ ကျွန်မအတွက် တကယ် စိတ်ပူနေတာကို သိပါ၏။ သူကတော့ ကမ္ဗဋ္ဌာန်းဌာနကို လိုက်ခဲ့သည့် အတွက် မကောင်းတာ မဖြစ်စေရဘူးဟု အာမခံနေ့ ခံနေသည်။ တကယ်လို့ မနေနိုင်တော့ရင် ချက်ချင်း အထုပ်အပိုးပြင်ပြီး မန်ဟက်တန်ကို သုံးနာရီအတွင်း ပြန်ရောက်နိုင်သည်ပဲ။ ဘာမျှ ဆုံးရှုံးစရာ မရှိ။

ကဲလေ– ဘယ်သွားသွား ကျွန်မအတွက်တော့ အရေးမကြီးတော့ပါ ဘူး။ ကျွန်မ တွင်းဆုံးကျနေခဲ့ပြီ။ ဘယ်လိုမှ သည်းခံနိုင်စွမ်းလည်း မရှိတော့။ ကျွန်မ တစ်နေရာရာတော့ သွားမှ ဖြစ်မည်။

■ ■ ■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၇ )

မြေသားလမ်းပေါ်မှာ တက္ကစီက ဖြည်းဖြည်းချင်း ပြန်ကွေ့နေသည်။ ကားသမား က ကျွန်မတို့ကို သနားကြည့် ကြည့်ရင်း ပြန်လည် ထွက်ခွာသွားခဲ့သည်။

ပကတိ တိတ်ဆိတ်ငြိမ်သက်လှသည့် ရပ်ဝန်းမှာ အေမီနှင့် ကျွန်မ ရပ်နေကြသည်။ ငှက်သံ၊ အင်းဆက်သံ၊ ယုတ်စွအဆုံး သစ်ပင်ဖျားကို လေတိုးသံ ပင် မကြား။

ဘေးဘီသို့ လှည့်ပတ်ကြည့်လိုက်သည်။ အရွက်မဲ့သစ်ပင်တွေ၊ ကျိုးတိုး ကျဲတဲ ချုံတွေ၊ ပိတ်ပေါင်းတွေက အုပ်မှိုင်းမှိုင်း ညှိုတိုတိုနှင့်။ ဗလာနယ်လိုပင်။ အေမီက ကျောပိုးအိတ်ကို လွယ်ကာ ကျွန်မကို ခေါင်းဆတ်ပြပြီး ရှေ့က ဦးဆောင် လျှောက်သည်။ တောအုပ်ထဲက လူသွားလမ်းလေးမှတစ်ဆင့် တောင်ကုန်းလေး တစ်ခုပေါ်က ထူးထူးဆန်းဆန်း အဆောက်အအုံ တစ်ခုဆီ ဦးတည်လျှောက် ခဲ့ကြသည်။ ထိုအဆောက်အအုံက အောက်ခြေမှာ ကွန်ဖရန့်စင်တာတွေလို ပြတင်းပေါက်ကြီးတွေနှင့် ကြီးကြီး ပြားပြား၊ အပေါ်ပိုင်းကတော့ စေတီလို အတွန့်အတက်တွေနှင့် ရွှေရောင်ဝင်းနေသည်။ ဗုဒ္ဓဘာသာ၏ သရုပ်သကန် သင်္ကေတအပြည့်နှင့် အဆောက်အအုံပေါ့။ ကျွန်မတို့ ထိုနေရာသို့ ဦးတည်၍ လျှောက်နေကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ကတုံးနီးပါး တိုသော ဆံပင်နှင့် ပန်းနုရောင် သင်တိုင်းဝတ်စုံ ဝတ်ထားသည့် (သီလရှင်) အမျိုးသမီးတစ်ဦးနှင့် ဝင်ပေါက်မှာ ဆုံသည်။ သူ့အပြုံးနှင့် နူးညံ့ သိမ်မွေ့သည့် ကိုယ်ဟန်အနေအထားကြောင့် သူ့အသက်ကို ခန့်မှန်းရခက်လှသည်။ သူက အေမီနှင့် ကောင်းစွာသိကျွမ်းပုံပင်။ ကျွန်မကိုလည်း လိုက်လိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်သည်။ ကျွန်မတို့ သူ့နောက်မှ လိုက်သွားကြသည်။ သူက ဒုတိယထပ်သို့ အသက်ရှူသံပြင်းပြင်းနှင့် တက်သွားသည်။ ကျွန်မတို့လည်း လိုက်တက်ကြသည်။ ဒီမှာတော့ တရားလာထိုင်ကြသည့် ဧည့်သည်(ယောဂီ)တွေ နေထိုင်ရန် အခန်းတွေ ဖွဲ့ထားသည်။

ကျွန်မရသည့် အခန်းက ရှစ်ပေ၊ ဆယ်ပေခန့်သာ ကျယ်သည်။ ခုတင်တစ်လုံး၊ ကုလားထိုင်တစ်လုံး၊ ဗီရိုသေးသေးတစ်လုံး၊ ခုတင်ဘေးက စားပွဲပေါ်မှာတော့ သစ်သား ဗုဒ္ဓရုပ်ပွားဆင်းတုတော်လေး ရှိသည်။ ဆင်းတုတော်ရှေ့က ပန်းအိုးထဲမှာ ပလတ်စတစ်ပန်းနီနီတွေ။ နံရံပေါ်မှာတော့ ကမ္ဘာ့ဌာန်းထိုင်နေသည့် ဗုဒ္ဓပုံတော်နှင့် ဘုရားဟော နှုတ်ကပါဌ်တော်-

ကိလေသာကို ပယ်သတ်ပြီးသော အကြင်သူမှာ ပူဆွေးသောက ဗျာပါဒသည် ဒုက္ခပေးနိုင်စွမ်း မရှိလေ။

မြန်မာပြည်က အစ်ကိုကြီးအကြောင်း ကျွန်မ တွေးမိသည်။ သူရော ဒီ ဒဿနကို အမြဲလက်ကိုင်ထားသလား။ ခိုင်ခိုင်မာမာ ကျင့်ကြံခဲ့သလား။ ဒါကြောင့်မို့ သူ ဘာကိုမှ သိပ်မတုန်လှုပ်ဘဲ နေနိုင်ခဲ့တာလား၊ ဒီလောက် ဆင်းရဲနွမ်းပါးနေတာကိုတောင် သည်းခံနိုင်တာလား။

သီလရှင်က ကျွန်မတို့ကို ရေချိုးခန်း၊ အိမ်သာနေရာများကို ပြပေးသည်။ ပထမထပ်က ဘုံထမင်းစားခန်းသို့ လိုက်ပြသည်။ ရေခဲသေတ္တာနှင့် ကြောင်အိမ်တွေထဲက အစားအသောက်တွေက အားလုံးအတွက်တဲ့။ တခြား ယောဂီ ငါးယောက် ရှိသည်တဲ့။ ဆန္ဒရှိလျှင် ညနေ လေးနာရီမှာ ရှုမှတ်ရမည့် ကမ္မဌာန်းအချိန်မှာ စတင် တရားထိုင်၍ ရပြီတဲ့။ ညနေ ခြောက်နာရီမှာ ညစာ စားကြရမည်တဲ့။ အားလုံး ကိုယ်ထူကိုယ်ထစနစ်တဲ့။

အေမီက တရားမထိုင်ခင် လက်ဖက်ရည် သောက်ချင်သေးလား မေးသည်။ ကျွန်မ ငြင်းလိုက်သည်။

အခန်းထဲမှာ ကျောပိုးအိတ်ကိုချ၊ အခန်းတံခါးကို ပိတ်ရင်း ပြတင်းတံခါးကို ဖွင့်လိုက်သည်။

mgyoe.com

mgyoe.com

SAMPLE BOOK


ကားသံ၊ ဥသြသံ၊ ဂီတသံ ဘာသံမျှ မရှိသည့် သီးခြားကမ္ဘာတစ်ခု အတွင်း ကျွန်မ သက်ဆင်းမိပြီ။

သူ့အသံလည်း မကြားရ။

နယူးယောက်မှ ထွက်လာကတည်းက သူ အသံတိတ်နေသည်။ တကယ်တော့ သူ ဘာမျှ သိပ်မပြောသည်မှာ အတော်လေး ကြာနေခဲ့ပြီ။ ဘာကြောင့်များ သူ ရုတ်တရက် နှုတ်ဆိတ်သွားရပါလိမ့်။

'ဟယ် လို' မထူး။

'ရှင် ဘယ် မှာ လဲ'

ဘာသံမျှ မကြား။

ခုတင်ပေါ်လှဲရင်း စိတ်မရှည်စွာ သူ့အသံကို စောင့်နေမိသည်။ ကျွန်မမှာ တစ်ဖက်က ဒီအသံ ထာဝရပျောက်ကွယ်သွားစေချင်သည့် ဆန္ဒတွေ မိုးလုံးပြည့်လျှံနေသလောက် တခြားတစ်ဖက်ကလည်း ဒီအသံ ဘယ်က လာသလဲ၊ သူ ဘယ်သူလဲ၊ သူ ကျွန်မဆီက ဘာလိုချင်သလဲ ဆိုတာကို ပြင်းပြင်းပြပြ သိချင်နေမိပြန်တော့သည်။

စုပေါင်းကမ္ဘဌာန်းထိုင်ကြသည့် ဓမ္မာရုံကြီးက အပြင်က ကြည့်ရတာထက် များစွာ ပိုမိုကျယ်ဝန်းသည်။ လူတွေ ရာပေါင်းများစွာ စုပေါင်း တရားထိုင်၍ ရလောက်အောင်ပင်။ ကော်ဖေးနီခင်းသော ကြမ်း၊ အခန်းထောင့်က စောင်နီတွေနှင့် ထိုင်ဖုံ အပြာတွေ၊ ဗုဒ္ဓဆင်းတုတော် အရွယ်စုံရှိသော မှန်ခန်း ဘုရားစင်ကြီး ရှေ့မှာတော့ ပန်း၊ ရေချမ်း၊ ဆီမီးအပြင် လိမ္မော်သီး၊ ငှက်ပျောသီး၊ ကွတ်ကီး၊ ခဲဖွယ်ဘောဇဉ်တွေ ကပ်လှူထားသဖြင့် ချိုမြမြ ရနံ့တွေ တစ်ခန်းလုံး ကြိုင်နေသည်။

ကျွန်မ ရောက်သွားတာ နောက်ကျသဖြင့် အေမိ အပါအဝင် တခြားလူတွေ တရားရှုမှတ်နေကြပြီ။ ထိုင်ဖုံတစ်ခုနှင့် စောင်တစ်ထည် ယူရင်း သူတို့နောက်မှာ ထိုင်လိုက်သည်။ မျက်လုံးအစုံကို မှိတ်လိုက်သည်။ ယောဂီများ၏ ဖြည်းဖြည်းမှန်မှန် အသက်ရှူသံကို နားစွင့်နေလိုက်သည်။ သူတို့၏ ငြိမ်းချမ်းမှုက ကျွန်မနှင့် လားလားမျှ မဆိုင်။ ကျွန်မ နှလုံးက တဒိတ်ဒိတ်ခုန်နေသည်။ အသက်ရှူသံက မြန်နေသည်။ ခေါင်းထဲမှာ ထိန်းချုပ်မရသည့် အသံတစ်သံ အမြဲတမ်း ရှိနေသည်။ အတွေးတွေက ရိပ်ခနဲ ရိပ်ခနဲ ပြေးနေသည်။ လေအဟုန်မှာ ဖြတ်သန်းသွားကြသည့် တိမ်တိုက်တွေလို။ မူလီကမ်၏ ချုံပုတ်လို ထူထဲသော မျက်ခုံးတွေ၊ အစ်ကို၏ မေမေ့ထံမှ အမွေဆက်ခံပာန်တူသည့် နားရွက်သေးသေး

mgyoe.com

mgyoe.com SAMPLE BOOK


လေးတွေ၊ အစ်ကိုကြီးဦးဘ၏ အစိမ်းရောင် လုံချည်နွမ်းနွမ်း၊ ရေခဲလွှာတစ်ချပ် ကန့်ရေပြင်ထဲ တဖြည်းဖြည်း ပျော်ဝင် နစ်မြုပ်သွားသည်။ မတိုက်ရသေးသည့် ကျွန်မ ဖိနပ်တွေ၊ ချဉ်နေပြီဖြစ်သည့် ကျွန်မ ရေခဲသေတ္တာထဲက နို့ဘူး။

အာရုံစိုက်ပြီး ဝင်သက်၊ ထွက်သက်ကို ကြည့်လေလေ အတွေးတွေက ယောက်ယက်ခတ်လေသာ။ ယောဂသင်တန်းမှာ ထိုင်တုန်းကလည်း ဒီလိုပါပဲ။ ဆရာဖြစ်သူ၏ 'ဥုံ-ဥုံ' ဆိုသည့် အသံနက်နက်ကို ကျွန်မ အာရုံစိုက်၍ မရ။ အင်း- ဗုဒ္ဓ၏ ငြိမ်သက်ခြင်း၊ တိတ်ဆိတ်ခြင်း၊ သင့်တင့်စွာ နှလုံးသွင်းခြင်း တို့သည် ကျွန်မထံ ရောက်မလာနိုင်ခဲ့ကြ။ ကိုယ့်ကိုယ်ကိုယ် ဒေါပွလာသည်။ ခဏတစ်ဖြုတ်လောက် ဖြစ်ဖြစ် ဘာမျှ မတွေးဘဲ ငြိမ်ငြိမ်လေး ထိုင်နေလို့ မရ တော့ဘူးလား။ ဘာလို့များ ဒီလောက် အတွေးရေယဉ်ကြောထဲ မျောနေရတာလဲ ဟယ်။

မျက်လုံးတွေ ပြန်ပွင့်လာသည်။ အချိန်က ဆယ်မိနစ်ပင် မပြည့်သေး။ ဒီလောက် ကယောက်ကယက် အတွေးတွေ ပြည့်နေပြီး နောက်ထပ် လေးဆယ့်ငါး မိနစ်လောက် မလှုပ်မယှက် ဘာကိစ္စ ထိုင်နေရမတုံး။ အချိန်ကို ဒီထက် ပိုအကျိုး ရှိအောင် သုံးလို့ မရဘူးလား၊ လမ်းလျှောက်၊ စာဖတ်၊ ညစာ အဆင်သင့်ဖြစ်ပြီ လား သွားကြည့်။

ထရပ်တော့မလို စဉ်းစားနေတုန်းမှာ နောက်က ခြေသံ ကြားလိုက်ရ သည်။ ကလေးတစ်ယောက်လို သွက်လက်ပေါ့ပါးသည့် ခြေသံ၊ လှည့်ကြည့် လိုက်မိသည်။ နီညိုရောင် သင်္ကန်းနှင့် ညိုညိုပုပု အာရှသား အသွေးအရောင်နှင့် ဦးပဉ္စင်းကြီးတစ်ပါး၊ ကျွန်မ ဘေးမှာ ဝင်ထိုင်လိုက်သည်။ မျက်လုံးချင်း ဆုံမိ ကြသည်။ ဦးပဉ္စင်းကြီး၏ မွေးရာပါ ခပ်ပြုံးပြုံး မျက်နှာတော်က ကျွန်မကို နှုတ်ဆက်နေသယောင်ယောင်။ တစ်ယောက်နှင့် တစ်ယောက် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက သိကျွမ်းနေဘိသကဲ့သို့။ ကျွန်မ မျက်လုံးတွေ ဦးပဉ္စင်း ကြီးထံမှ မခွာနိုင်။ သူက ကိုင်းမည်းနှင့် ရောမ မျက်မှန်ထူကြီးကို တပ်ထား သည်။ နှာခေါင်းချွန်ချွန်၊ မျက်လုံးသေးသေး၊ နှုတ်ခမ်းပြည့်ပြည့်နှင့်၊ သူ့နှုတ်ခမ်း တွေ မြင်တော့ အလှအပ ပြုပြင်ရာမှာ သုံးသည့် ဘိုတော့စ် ထိုးဆေးကိုတောင် သတိရမိသေးသည်။ ပြုံးယောင်သန်းပြီး ငြိမ်းချမ်းလှသည့် ဦးပဉ္စင်းကြီးသည် တင်ပျဉ်ခွေ ထိုင်ရင်း မျက်လုံးတွေ ပိတ်သွားခဲ့ပြီ။ သူ့ခန္ဓာကိုယ်က တဖြည်းဖြည်း ပျော့ပျောင်းသထက် ပျော့ပျောင်းလာသယောင်။

mgyoe.com

mgyoe.com

ကျွန်မလည်း မျက်လုံးပြန်မှိတ်ပြီး ထပ်ကြိုးစားကြည့်သည်။ ခုတစ်ကြိမ်မှာတော့ ခုနက ဦးပဉ္ဇင်းကြီး မျက်နှာကို တစ်ချိန်လုံး မြင်နေပြန်တော့သည်။ ကျွန်မ ပို၍ပို၍ စိတ်တိုလာသည်။ တင်ပါးတွေ ကျိန်းလာသည်။ ခါးတွေ ကိုက်လာသည်။ လည်ချောင်းတွေ ယားလာသည်။ တကယ့် ငရဲခန်းပဲ၊ နှိပ်စက်ခန်းပဲ။ အမှတ်မိဖို့ ဆိုတာက အဝေးကြီးမှာ။

တရားဖြုတ်နိုင်ပြီ ဖြစ်ကြောင်း အချက်ပြသံ ထွက်လာသည်။

အောင်မယ်လေး… တော်ပါသေးရဲ့။

မျက်လုံးတွေ ဖျတ်ခနဲ ပြန်ဖွင့်လိုက်သည်။ ဟော– အနားက ဦးပဉ္ဇင်းကြီး မရှိတော့။ တစ်ခန်းလုံး လှည့်ပတ်ကြည့်လိုက်သည်။ ဘယ်မှာမှ မတွေ့။ အေမီက တရားမဖြုတ်သေး၊ ကျန်ယောဂီတွေက ဖြည်းဖြည်းချင်း အားယူထကြသည်။ ဦးပဉ္ဇင်းကြီးကတော့ အစအနပင် ရှာမရအောင် ပျောက်ဆုံးသွားခဲ့ပြီ။

ညစာစားချိန်မတော့ ယောဂီအားလုံးနှင့် ဆုံရပါသည်။ သူတို့အားလုံး နယူးယောက်မှ လာသူများသာ။ ကျွန်မနှင့် သက်တူရွယ်တူလောက် ယောဂနည်းပြဆရာ တစ်ယောက်၊ လွန်ခဲ့သည့် တစ်နှစ်လောက်က ဇနီးသည် ဆုံးပါးသွားခဲ့သည့် အယူသည် မုဆိုးဖိုကြီးတစ်ယောက်၊ သူ သေချာမသိသည့် တစ်စုံတစ်ရာကို ရှာဖွေဖို့ စိတ်အားထက်သန်နေသည့် ကျောင်းသူကောင်မလေး တစ်ယောက်၊ 'ဆိတ်ငြိမ်ခြင်း၏ စွမ်းပကား' အမည်ရှိ စာတစ်အုပ် ရေးဖို့ ကြိုးစားနေသည့် ဂျာနယ်လစ်တစ်ယောက်၊ သက်သတ်လွတ်ဟင်းကို စားနေရင်း သူ့စကားတွေထက် သူ့စာအုပ်က ပိုအဓိပ္ပာယ်ရှိပါစေကြောင်း ကျွန်မ မျှော်လင့်နေမိသည်။ ခုနက ဦးပဉ္ဇင်းကြီးကို အတွေးထဲက ဖျောက်၍မရ။ အေမီ့ကို ဖျတ်ခနဲ ကြည့်မိသည်။ ကျွန်မတို့နှစ်ယောက်ကြားမှာ အကြည့်တစ်ချက်က လုံလောက်သည်ပဲ။

အေမီက ကျွန်မအခန်းသို့ အိတ်တစ်လုံးဖြင့် ရောက်လာခဲ့သည်။ အိတ်ထဲမှ ဖယောင်းတိုင်တစ်တိုင်၊ ဖန်ခွက်လေး နှစ်လုံး၊ ဝိုင်ဖောက်တံနှင့် ဝိုင်တစ်ပုလင်းကို ထုတ်လိုက်သည်။

"ဟဲ့– ဒီမှာ ခွင့်ပြုလို့လား"

အေမီ့ကို မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ပြောမိသည်။ ရှေ့နေစိတ်က ကျွန်မကို လွှမ်းမိုးထားသည်ကိုး။

အေမီက ပြုံးဖြဲဖြဲလုပ်ရင်း နှုတ်ခမ်းရှေ့ လက်ညှိုးတေ့ပြသည်။

အခန်းမီးကို ပိတ်သည်။ ဖယောင်းတိုင်ကို ထွန်းသည်။ ပုလင်းကို တိတ်တိတ်ဆိတ်ဆိတ် ဖောက်သည်။ ဝိုင် နှစ်ဖန်ခွက် ထည့်သည်။ ခုတင်ပေါ်

mgyoe.com

mgyoe.com


ထိုင်လိုက်ကြသည်။

"ဗုဒ္ဓက ဟောထားတယ်ဟဲ့၊ သူ ဘာမှ မသိမှန်း သိတဲ့လူဟာ ပညာရှိပဲတဲ့"

"ဒါဆို ဝိုင်သောက်ရင်း ဂုရုဖြစ်အောင် ကျင့်ကြံမယ်ပေါ့လေ"

အေမီက အားတက်သရော ခေါင်းညိတ်ပြနေသည်။

"ဒါဆို နင် ဗုဒ္ဓဘာသာရော ဟုတ်ရဲ့လား"

"အင်း- ဖြစ်လုဖြစ်ခင်ပါပဲ"

"ဟဲ့- ဘာတုံး၊ ဖြစ်လုဖြစ်ခင် ဆိုတာ"

"ဗုဒ္ဓက ဟောခဲ့တယ်၊ သံသရာဝဋ်ဆင်းရဲတဲ့၊ ရှင်သန်ခြင်းဟာ ဝဋ်ဒုက္ခလို ဆင်းရဲသတဲ့"

"အဲဒီတော့"

သူ ဘာပြောချင်တာလဲ၊ ကျွန်မ သိချင်လာသည်။

အေမီက ကျွန်မနား ကပ်လိုက်ပြီး လေသံလေးနှင့် ပြောသည်။

"ငါကတော့ သံသရာဝဋ်ဆင်းရဲလို့ မထင်ဘူး၊ ရှင်သန်ခြင်းဟာ ချစ်ခြင်းမေတ္တာအတွက်လို့ ထင်တာ"

"ချစ်ခြင်းမေတ္တာနဲ့ ဝေဒနာဟာ ခေါင်းမဟုတ်ရင် ပန်း ဆိုတာမျိုးတော့ မဟုတ်ဘူး ထင်တယ်၊ အပြန်အလှန် ဖြည့်ဆည်းနေတာမျိုးများလား"

"ဒီမယ် ဂျူလီယာ၊ တကယ်ချစ်တတ်တဲ့လူဟာ ဘယ်တော့မှ ဒုက္ခဝေဒနာကို မခံစားရဘူး"

သူ့အသံက ပို၍ပင် တိုးညင်းလာခဲ့သည်။

"ဟယ်- အေမီကလည်း"

"ဟုတ်တယ် ဂျူလီယာရဲ့၊ ငါ့ကို ယုံစမ်းပါ"

သူက ပုံမှန်အတိုင်း ပြန်ထိုင်ကာ ပြုံး၍ ဝိုင်ခွက်ကို မြှောက်လိုက်ရင်း-

"ချစ်တတ်သူတွေအတွက်"

ဟု ဆိုလိုက်သည်။ ကျွန်မလည်း အားကျမခံ-

"ဝေဒနာရှင်တွေအတွက်"

ဟု ဆိုရင်း သောက်လိုက်ကြသည်။

ဒီအကြောင်း ဆက်မပြောလိုတော့သဖြင့် မျက်မှန်ထူကြီးနှင့် ဘုန်းကြီးအိုကြီး တစ်ပါးကို တွေ့မိသေးလားဟု အေမီ့ကို မေးလိုက်သည်။ အေမီက ခေါင်းခါပြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါပေမဲ့ သီလရှင်ကြီး ပြောတာ ကြားလိုက်တယ်၊ မြန်မာပြည်က ဘုန်းကြီးတစ်ပါး ဒီကို ရောက်နေတယ်တဲ့"

"ဟုတ်လား၊ တခြား ဘာဆက်ပြောသေးလဲ"

"ဘုန်းကြီးက အတော်အသက်ကြီးပြီတဲ့၊ မြန်မာပြည်မှာတုန်းက သူ့မှာ တပည့်သာဝကတွေ အများကြီးပဲတဲ့၊ သူက အင်မတန် ထင်ရှားကျော်စော ဘုန်းတန်ခိုးကြီးတယ် ဆိုပဲ၊ ဘာလို့ ဒီရောက်လာလဲ ဆိုတာတော့ မသိဘူး၊ ရောက်နေတာ တစ်လလောက် ရှိပြီတဲ့၊ သစ်တောထဲမှာ တဲကျောင်းလေးနဲ့ နေတယ် ပြောတယ်၊ ရိပ်သာထဲ သိပ်လာလေ့မရှိဘူးတဲ့၊ ဒီနေ့ နင် တွေ့လိုက်တယ် ဆိုတော့ ရယ်စရာပဲ"

ကျွန်မတို့နှစ်ယောက် ဖယောင်းတိုင်မီးကို အကြောင်းမဲ့ ငေးနေမိကြသည်။

"ဒီလာတာနဲ့ ပတ်သက်လို့ နင့်အသံက ဘာပြောသေးလဲ"

"ဘာမှ မပြောဘူး"

"အင်း- ဒီလာရင် ကောင်းတာတွေပဲ တွေ့ရမယ်လို့ နင့်ကို ငါ ပြောခဲ့သားပဲ၊ နင် ငါ့စကားကို ခုထက် ပိုနားထောင်သင့်တယ်"

"အင်း- တကယ်ပဲ အသံပျောက်သွားပြီလား ဆိုတာတော့ မသေချာ သေးပါဘူး"

"ဒါဆို ဘာတုံး"

"မသိဘူးလေ၊ ငါ ဘယ်သိပါ့မလဲ"

"အေးလေ အချိန်က စကားပြောမှာပေါ့၊ မနက်ဖြန် ပြန်ချင်လား၊ ဒါမှမဟုတ် ခဏ ဆက်နေဦးမလား"

ခေါင်းညိတ်ပြလိုက်သည်။ ဖန်ခွက်ချင်း အသာအယာ ထိလိုက်ကြသည်။ အောင်မြင်သော ဗျူဟာရှင်ကြီး နှစ်ယောက်ပေါ့လေ။

ညဘက်မှာ ရေခဲသည်ထိ အေးသည်။ မြက်ဖျားတွေမှာ ရေခဲမှုန်တွေ ကပ်နေသည်။ တခြားယောဂီတွေ အရုဏ်ချိန် တရားမှတ်နေခဲ့ကြပြီပဲ။ စင်္ကြံလမ်းက နှင်းတွေကြားမှာ သူတို့ခြေရာတွေ တွေ့နေသည်။ ထူထူထဲထဲ ဝတ်ရင်း အပြင်ထွက်လိုက်သည်။ လေက အေးစိမ့်သန့်ရှင်းနေသည်။ ဆောင်းရနံ့တွေ တထောင်းထောင်း ထနေသည်။ ရွက်ကြွေသစ်ကိုင်းတွေက မြေကြီးထဲမှ တိုးထွက်လာသော ဘီလူးကြီးတွေလိုပင်။

mgyoe.com

mgyoe.com SAMPLE BOOK

နေထွက်လာပြီ။ ကောင်းကင်က ပုစွန်ဆီရောင်။

ကိုယ့်ကိုယ်ကိုယ် တရားထိုင်ခြင်းဖြင့် မနှိပ်စက်ချင်တော့၊ လမ်းလျှောက်ထွက်တာ ပိုကောင်းသည်။ ရိပ်သာမှ သစ်တောထဲသို့ သွားသော လူသွားလမ်းကလေးကို ထင်ထင်ရှားရှား တွေ့ရသည်။

စမ်းချောင်းလေးတစ်ခု ဖြတ်စီးနေသည်။ သစ်ကိုင်းဖျားမှ နှင်းဥလေးတွေ စမ်းချောင်းထဲ တစက်စက်ကျ၊ ကျွန်မ ခြေထောက် အောက်မှာတော့ သစ်ကိုင်းတွေ ကျိုးကြေသံ တဖြောက်ဖြောက်။

*'ငါ တို့ ဒီ ကို ဘာ လို့ ရောက် နေ ကြ တာ လဲ…'*

သူ့အသံ ကြားရ၍ပျော်သလား၊ မပျော်တာ သေချာသည်။ သို့သော် စိတ်သက်သာရာ ရသွားသလိုပင်။

'ကျွန် မ အ ဖြေ ရှာ နေတာ'

*'ဘာ ရဲ့ အ ဖြေ လဲ'*

'ရှင့် အ သံ ဘာ လို့ ကြား နေ တာ လဲ၊ ရှင် ဘယ် က လာ တာ လဲ ဆို တာ ပေါ့'

ငြိမ်နေသည်။

'ရှင် ခု တစ် လော ဘယ် ရောက် နေ တာ လဲ…'

ဘာမှ မတုံ့ပြန်။

'ရှင့် မှာ ဘာ ပြ သ နာ ရှိ လို့ လဲ…'

*'ငါ ဒီ က ထွက် ချင် တယ်…'*

'ဘာ ဖြစ် လို့ လဲ…'

*'ကြောက် လို့'*

သူ့အသံက တိုးတိုးလေး …

'ဘာ ကို ကြောက် တာ လဲ…'

*'ငါ သိပ် ကြောက် တာ ပဲ၊ ငါ့ ကို ကယ် ပါ…'*

သူ့အသံက နယူးယောက်မှာတုန်းကလို ဝေါက်ဆတ်ဆတ်၊ မာထန်ထန် မဟုတ်တော့။ အားနည်းဖျော့တော့ပြီး သနားစရာပင် ကောင်းသေးသည်။

'ဘာကို ကြောက်တာလဲ ပြောလေ…'

*'မ သိ ဘူး…'*

အတော်ကြာကြာ ငြိမ်သွားသည်။

mgyoe.com

'ဖိ နပ် တွေ၊ အ နက် ရောင် ဘွတ် ဖိ နပ် တွေ၊ ပြောင် လက် နေ တယ်၊ လက် လွှန်း လို့ ရောင် ပြန် ဟပ် ပြီး ငါ့ အ ကြောက် တ ရား ငါ ပြန် မြင် နေ ရ တယ်'

'ဘယ် သူ့ ဘွတ် ဖိ နပ် တွေ လဲ…'

'သေ ခြင်း တ ရား ရဲ့ ဘွတ် ဖိ နပ် တွေ…'

'ဘယ် သူ က စီး ထား တာ လဲ…'

'တ မ န် တော် တွေ…'

'ဟင်– ဘာ တ မန် တော် လဲ…'

'အ ကြောက် တ ရား ရဲ့ တ မ န် တော် တွေ…'

'ဘယ် သူ က သူ တို့ ကို လွှတ် လိုက် တာ လဲ…'

မဖြေ။

'ရှင် မှတ် မိ တာ ပြော၊ ရှင် ဘာ မှတ် မိ လဲ….'

'စေ တီ ဖြူ ဖြူ လေး တွေ၊ အ နီ ရောင် အ ကွက် တွေ၊ မြေ ကြီး ပေါ် မှာ၊ သစ် တော ထဲ မှာ၊ ပါး စပ် က နေ ထွက် ကျ နေ တာ၊ ငါ့ အ တွေး၊ ငါ့ အိပ် မက်၊ ငါ့ ဘ ဝ အား လုံး ကို အ ရောင် ခြယ် ပစ် ခဲ့ တယ်…

'သွေး လား၊ ရှင့် သွေး ကို ပြော တာ လား…'

'ငါ့ မျက် နှာ ကို လာ စဉ် တယ်၊ မျက် လုံး ထဲ ဝင် ကုန် တယ်၊ ပူ လိုက် လောင် လိုက် တာ အ ရ မ်း ပဲ၊ အ မယ် လေး'

သူ့အသံက ငိုသံပါလာသည်။ ကျွန်မ ရှုံ့မဲ့လိုက်မိသည်။

'နောက် တော့ ဘာ ဆက် ဖြစ် လဲ…'

'နာ လိုက် တာ အ ရ မ်း ပဲ…'

'ဘယ် က နာ တာ လဲ၊ ဘာ ဖြစ် လို့ လဲ…'

'အ တိ တ် ကို သ တိ ရ စေ တဲ့ မှ တ် ဉာဏ် တွေ က ပေါ့'

'အ တိတ်၊ မှတ် ဉာဏ်၊ ဟုတ် လား၊ ရှင် ဘယ်က လာ ခဲ့ တာ လဲ'

'နှင် ကောင်း ကောင်း သိ တဲ့ ဒေ သ တစ် ခု က…'

'ဘယ် ဒေ သ တုံး၊ ဘယ် နေ ရာ တုံး…'

'ကျွန်း ပေါ် က လာ ခဲ့ တာ…'

'ဟင် ဘာ ကျွန်းလဲ…'

mgyoe.com

mgyoe.com SAMPLE BOOK


(ဗမာလိုပြောသံ) *'သေ ဆုံး သူ များ၊ အ ထိး ကျန် သူ များ၊ အ သက် ရှင် နေ သူ များ သံ သ ရာ ကျွန်း ကို သွား မည်'*

'ဘယ် လို၊ ဘယ် လို၊ အဲ ဒါ ဘာ အ ဓိ ပ္ပာယ် လဲ၊ ရှင် ဘာ တွေ ပြော နေ တာ လဲ'

သူ ခုနက စကားလုံးတွေကို ဒုတိယအကြိမ် ရေရွတ်လိုက်ပြန်သည်။

'ရှင် ပြော နေ တာ ဘာ စ ကား လဲ…'

*'ငါ ဆက် မ သွား နိုင် တော့ ဘူး၊ ငါ့ ကို ကူ ညီ ပါ'*

'ဘယ် လို ကူ ညီ ရ မှာ လဲ…'

*'ဒီ မှာ မ နေ ပါ နဲ့၊ ငါ ပြန် မ သွား ချင် ဘူး..'*

'ပြန် သွား မယ်၊ ဟုတ် လား ဘယ် ကို ပြန် သွား မှာ လဲ…'

*'ကျွန်း ကို…'*

'ကျွန် မ တို့ ဘယ် ကျွန်း မှ သွား စ ရာ အ ကြောင်း မ ရှိ ဘူး…'

*'ဟယ်- ရှိ တာ ပေါ့၊ ခု ပဲ ဦး တည် နေ ပြီ ကို…'*

'ရှင် ဘာ ပြော နေ မှန်း ကျွန် မ နား မ လည် ဘူး၊ ရှင်း ပြ ပါ ဦး'

ငြိမ်သွားပြန်သည်။

'ခ ဏ နေ ပါ ဦး၊ ထွက် မ သွား ပါ နဲ့ ဦး၊ စဉ်းစားပါဦး'

အဖြေ ပြန်မရတော့။

သူ့ရဲ့ ဟိုတစ်စ ဒီတစ်စ မှတ်ဉာဏ်တွေကို ဘယ်လို ဆက်စပ်ရမလဲ၊ ကျွန်မ ကောင်းကောင်းသိတဲ့ နယ်မြေဒေသတဲ့၊ သေမင်းရဲ့ ဘွတ်ဖိနပ်တွေတဲ့၊ အကြောက်တရားရဲ့ ဘယာနက တမန်တော်တွေတဲ့၊ အဲဒါတွေက ဘာအဓိပ္ပာယ် လဲ၊ နှင်းထုထဲမှာ လမ်းပျောက်ခြင်းထက် ဆိုးနေပြီ။

ရုတ်တရက် ချက်ချင်း သစ်ပင်တွေကြားမှ သစ်တဲကလေးကို တွေ့လိုက် ရသည်။ တကယ့်ကို မြေစိုက်တဲသာသာကလေး။ သက်ငယ်တစ်ထည် လွှန်းထား သည့် ကြိုးတန်းကို တဲရှေ့မှာ တွေ့ရသည်။ တစုံတစ်ယောက်က လက်ယပ် ခေါ်နေဘိသကဲ့သို့၊ ကျွန်မ တို့ဆိုင်းမနေဘဲ ထိုတဲလေးရှိရာသို့ ခပ်သုတ်သုတ် လှမ်းလိုက်သည်။

ရှေ့ပြတင်းပေါက်ကြီးမှတစ်ဆင့် မနေ့က မြင်ခဲ့သည့် ဘုန်းကြီးအိုကြီး ကို လှမ်းမြင်နေရသည်။ သူက အခန်းအလယ်မှာ ဂျပန် မြက်ဖျာတစ်ချပ်ပေါ် ထိုင်ရင်း စာတစ်အုပ် ဖတ်နေသည်။ သူ့ဘေးက မီးလင်းဖိုထဲမှာတော့ မီးတရဲရဲ။

mgyoe.com

mgyoe.com
SAMPLE BOOK


တံခါးခေါက်ပြီးတာနဲ့ အဖြေကို စောင့်မနေဘဲ တံခါးဖွင့် ဝင်သွားလိုက်သည်။ ဘုန်းကြီးက မော့ကြည့်ရင်း ပီသသည့် ဗြိတိသျှ လေဖြင့် ပြောလိုက်သည်။

"ဝင်ခဲ့ပါ၊ တွေ့ရတာ ဝမ်းသာပါတယ်"

ဖိနပ်များကို ချွတ်ရင်း အထဲဝင်လိုက်သည်။ တံခါးပြန်ပိတ်လိုက်သည်။ သူ့ရှေ့မှာ မသေချာ မရေရာစွာ ရပ်နေမိသည်။ ကျွန်မ ဒီကို ဘာလာလုပ်တာလဲ။

"လာပါ၊ ထိုင်ပါ"

သူက သူ့ရှေ့ကို ညွှန်ပြ၍ ထိုင်စေသည်။

ကျွန်မ ကြောက်ဆုတ် ကြောက်ဆုတ်ဖြင့် ရပ်နေမိသည်။

စကား မပြောဖြစ်ကြ။ ဘုန်းကြီးက စောင့်ဆိုင်းခြင်း အလုပ်မှာ ပါရဂူမြောက်ပုံပေါ်သည်။ နောက်ဆုံးတော့ ကျွန်မ ရှေ့တစ်လှမ်း တိုးကာ ထိုင်ချလိုက်ရသည်။

"ကျွန်မ ဘယ်သူလဲ ဆိုတာ ဘုန်းကြီး သိလား"

"ကျုပ်က ဘုန်းတော်ကြီး၊ အကြားအမြင်ဆရာမှ မဟုတ်တဲ့ ဒကာမရဲ့"

ဘုန်းတော်ကြီးက ပြုံးတုံးတုံး တုံ့ပြန်၏။

ငြိမ်သွားကြပြန်သည်။ ထင်းမီးဖိုထဲက ထင်းတွေ မီးစွဲသံ တဖျစ်ဖျစ်သာ ကြားနေရသည်။ ဘုန်းကြီးက ကျွန်မကို စိုက်ကြည့်နေသည်။ သူ့အကြည့်က ဘာတောင်းဆိုမှုမှ မပါသလိုပင်။

"ဘုန်းကြီးက မြန်မာပြည်ကဆို"

သူ ခေါင်းညိတ်ပြသည်။

"ကျွန်မ ဖေဖေလည်း မြန်မာပြည်ကပဲ"

ခေါင်းညိတ်ပြပြန်သည်။

"မြန်မာပြည်မှာတုန်းက လူတွေ ဘုန်းကြီးဆီလာပြီး အကူအညီတောင်းကြတယ်လို့ ကျွန်မ ကြားတယ်"

"အင်း- တစ်ခါတလေပါ"

"သူတို့ကို ဘယ်လို ကူညီတာလဲ"

"သူတို့ ဇာတ်ကြောင်းတွေကို နားထောင်ပြီး သူတို့ကို သတိပေးတာပေါ့"

"ဘာကို သတိပေးတာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK


“ဘုန်းကြီးတို့အားလုံး သိပေမယ့် အတော်များများ မေ့နေကြတဲ့ အမှန်တရားတွေကိုပေါ့”

“ဘယ်လို အမှန်တရားမျိုးလဲ”

“ဒကာမလေးက တယ်စိတ်လောတာပဲ”

“အဲဒါက မကောင်းလို့လား”

“မြက်ပင်တွေကို မြန်မြန်ရှည်စေချင်လို့ ဆိုပြီး အတင်းဆွဲလို့ ဘယ်ရှည်ပါ့မလဲ၊ ဒကာမလေး တရားထိုင်ဘူးလား”

“ဟုတ်ကဲ့၊ မနေ့ကပဲ ထိုင်တယ်လေ၊ ဘုန်းကြီးရဲ့ဘေးမှာလေ”

“အဲဒါက တရားထိုင်တာ မဟုတ်ဘူး၊ ဘာမှမလုပ်တဲ့ ငုတ်ကြီး ထိုင်နေတာ၊ ဒါက အင်မတန် ကွဲပြားတယ်”

“ဘုန်းကြီး ဘယ်လိုလုပ်သိလဲ”

ဘုန်းကြီးက ပြုံးတော်မူသည်။

“ကဲ ကဲ… ဘုန်းကြီး ကူညီပါ့မယ်”

“ဘာနဲ့ ကူညီမှာလဲ”

“လုပ်ကြည့်ပါ”

ကျွန်မမှာ ငြင်းဆန်နိုင်အား မရှိ။

သူ ကျွန်မနှင့် မျက်နှာချင်းဆိုင် တည့်တည့်ထိုင်လိုက်သည်။ ဒူးချင်း ထိမတတ်။ ဘာမျှမလုပ်ဘဲ သူ အသာငြိမ်သက်စွာ စောင့်နေပြန်သည်။ သူ့နောက်ကျောက မီးလင်းဖိုကတော့ မီးရှိန်ကောင်းစွာ တောက်လောင်လျက်။ တမ်ကမ္ဘာလုံးက အချိန်တွေကို ကျွန်မ တစ်ယောက်တည်း ပိုင်ဆိုင်နေသလို ခံစားမှုမျိုး ဝင်လာသည်။ မြန်နေသည့် ကျွန်မ အသက်ရှူသံတွေ အချိန်ကြာလာသည်နှင့်အမျှ ဖြည်းဖြည်းမှန်မှန် ဖြစ်၍လာသည်။ အေးစက်နေသည့် ကျွန်မလက်တွေကို ဘုန်းကြီးက အသာဆုပ်ကိုင်လိုက်သည်။ လက်ဖဝါးတွေကို ဖြန့်ရင်း သူ ကြည့်နေသည်။ ကျွန်မ မျက်စိမှိတ်ထားလိုက်သည်။ သူ့ အသက်ရှူသံ မှန်မှန်ကို ကြားရသည်။ လက်နွေးနွေး၏ အထိအတွေ့ကို ခံစားရသည်။ မြင့်လှစွာသော အရပ်မှ သစ်ရွက်ကလေးတစ်ရွက် မြေကြီးပေါ် ဖြည်းဖြည်းချင်း ညင်သာစွာ ကျလာသလို ခံစားမှုမျိုး ရနေသည်။ အချိန်ကို သိမှုအာရုံတွေ အားလုံး ပျောက်သွားခဲ့သည်။

♦

mgyoe.com

mgyoe.com SAMPLE BOOK

ရိပ်သာကို ကျွန်မ ပြန်ရောက်တော့ အေမိက နံနက်စာစားပြီး ပန်းကန်တွေတောင် ဆေးနေပြီ။

"ဟဲ့ နင် ဘယ်ပျောက်နေတာလဲ"

"တောထဲ ရောက်နေတာ"

"တရားသွားထိုင်တာလား"

ခေါင်းညိတ်ပြလိုက်သည်။

"ဟို ဘုန်းကြီးအိုကြီးနဲ့လား"

ခေါင်းညိတ်ပြရပြန်သည်။ သူ ကျွန်မအကြောင်း တယ်သိတာပဲ။ သူက မျက်စပစ်ရင်း ဆက်ပြောနေသေးသည်။

"ဘုန်းကြီးအိုကြီး ဖြစ်နေတာ ဆိုးတာပဲနော်၊ ဘုန်းကြီးပျိုလေးဆို ကောင်းမှာ" တဲ့လေ။

နောက်တစ်နေ့မနက်မှာ နေမထွက်ခင်ကျွန်မ နိုး၍နေလေပြီ။ ဘုန်းကြီးအိုကြီးထံ ချက်ချင်း ပြေးသွားချင်သော်လည်း တခြား ယောဂီတွေ တရားထိုင်ချိန်ထိ အောင့်အည်း စောင့်ဆိုင်းနေရသည်။ အားလုံး သွားကြချိန်မတော့ အိပ်ရာထ၊ အဝတ်အစား လဲရင်း ထွက်လာခဲ့သည်။

"လာပါ၊ ထိုင်ပါ"

သူက ကျွန်မကို မြင်သော်လည်း အံ့အားသင့်ဟန် မရှိ။

"လှဲချင်လည်း လှဲပါ"

ကျွန်မ ဖိနပ်တွေချွတ်၊ တဲထဲဝင်ပြီး ကြမ်းပေါ် လှဲလိုက်သည်။ ထိုအခါမှပင် ကျွန်မ အေးလွန်း၍ ခိုက်ခိုက်တုန်နေကြောင်း သတိထားမိသည်။ ဘုန်းကြီး အိုကြီးက စောင်တထည်ထုတ်၍ လွှမ်းပေးသည်။ ကျွန်မနားမှာ တင်ပလ္လင်ခွေ ထိုင်ရင်း နားထင်တွေပေါ် သူ့လက်ချောင်းတွေက ခဏ ထောက်ထားသည်။ ပြီးတော့ သူ့လက်ဖဝါးအစုံကို ကျွန်မခေါင်းအောက်မှာ ခေါင်းအုံးသဖွယ် ခံပေးထားသည်။ သူ့လက်တွေက နွေးလှသည်။ သက်သောင့်သက်သာရှိလှသည်။ ကျွန်မ အသက်ရှူမှန်လာသည်။ တုန်ခိုက်နေတာတွေ ပျောက်သွားသည်။ အစ်ကိုကြီး ဦးဘနှင့်အတူ ရှိနေစဉ် ကြုံခဲ့ဖူးသည့် နွေးထွေးတည်ငြိမ်မှုကို ခံစားရသည်။ ဘုန်းကြီး၏ လက်အစုံကို ကျွန်မ ယုံကြည်ကိုးစားနိုင်သည်ပဲ။

"ဒကာမလေးကို ဘာတွေက ဒုက္ခပေးနေတာလဲ"

တစ်ခါတလေတော့ တစ်ခွန်းတည်းသော အမေးသည်ပင် လုံလောက်ပြီ။

mgyoe.com
SAMPLE BOOK


ဘုန်းကြီးကို ကျွန်မ ဘဝဇာတ်ကြောင်းကို တင်လျှောက်၏။ ထူးကဲလွန်ကြူးသည့် ချစ်ခြင်းတရားနှင့် ကျွန်မ ပတ်သက်ခဲ့ရပုံများ၊ မနေလိုက်ရသည့် ဘဝများ၊ တောင်ပံခတ်ပုံကွဲပြားသော လိပ်ပြာများ၊ အထီးကျန်စာမျက်နှာများ၊ အဂ္ဂဘုံကို ပိန်းပိတ်အောင်မှောင်စေသည့် တောင်ပံခတ်ချက်များ၊ ကြေကွဲခြင်း၏ ရောင်စဉ်တန်းများ၊ သူ့အသံ၊ သူ့မေးခွန်းများနှင့် ကျွန်မ၏ အကြောက်တရား၊ သူ၏ အကြောက်တရားများ။

ပြောနေရင်း မျက်ရည်တွေ တသွင်သွင် စီးကျလာခဲ့သည်။ ရာသက်ပန် မြှုပ်နှံထားချင်သည့် အရာများက ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်ပေါက်လာခဲ့သည်။

ဘုန်းကြီးက ဘာမှ မပြော။

ကျွန်မ စကားလုံးတိုင်းကို သူ အသေအချာ နားလည်သည် ဆိုတာကို ကျွန်မ သိသည်။ သူ ကျွန်မမျက်နှာပေါ်မှ ဆံနွယ်စလေးများကို ဖယ်ရှား၍ မျက်ခုံးတွေကို အသာအယာ ပွတ်သပ်ပေးနေသည်။ သူ့လက်ချောင်းတွေက ကလေးတစ်ယောက်လို နူးညံ့လှ၏။ နောက်ဆုံးတော့ သူ့စကားသံ ထွက်လာခဲ့သည်။

"အင်း- ဒကာမလေးဟာ ပုံမှန်မဟုတ်တဲ့ ကိစ္စတွေနဲ့ ကြုံတွေ့ခဲ့ရတာကိုး၊ ဒီကိစ္စမျိုး ဘုန်းကြီး တစ်သက်လုံးမှာ တစ်ခါပဲ ကြုံခဲ့ဖူးပါတယ်"

သူက ဖြည်းဖြည်းမှန်မှန် ဆက်ပြောသည်။

"ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်တွေမှာ သံသရာဆိုတာ ရှိတယ် ဒကာမလေး၊ ဘဝအသစ်တဖန် ပြန်လည်မွေးဖွားခြင်း ဆိုတာကို ယုံကြည်ကြတယ်၊ ကွယ်လွန်အနိစ္စရောက်သွားပေမယ့်၊ တစ်နည်းအားဖြင့် ခန္ဓာကိုယ်က သေဆုံးသွားပေမယ့် ငြိမ်းသွားတဲ့ ဆီမီးခွက်တစ်ခုကနေ နောက်ထပ် ဆီမီးခွက်အသစ်တစ်ခုကို မီးကူးလိုက်သလို ခန္ဓာသစ်၊ ဘဝသစ် ပြန်ရတတ်တယ်၊ ဒါကိုပဲ ဘဝကူးခြင်းလို့ ခေါ်ကြတယ်၊ အဲ နားလည်အောင် လွယ်လွယ်ပြောရရင်တော့ အရင်ဘဝက လုပ်ခဲ့တဲ့ ကံအကြောင်းတရားတွေက နောက်ဘဝမှာ အကျိုးပေးတတ်တယ်၊ ကောင်းတာ လုပ်ရင် ကောင်းတာ ဖြစ်မယ်၊ မကောင်းတာ လုပ်ခဲ့ရင် မကောင်းတာ ဖြစ်မယ်ပေါ့ကွယ်၊ ကံဆိုတာ ကုန်သွားလေ့မရှိဘူးကွဲ့၊ ဒါကြောင့် ဆိုးယုတ်ခဲ့တဲ့ လူတွေကို နောက်ဘဝကျရင် ခွေးဖြစ်မယ်၊ မျောက်ဖြစ်မယ်၊ သန်းဖြစ်မယ်လို့ ဗုဒ္ဓဘာသာဝင်တွေ ပြောကြတာပေါ့၊ ဘုန်းကြီး ထွင်ပြောတာ မဟုတ်ဘူးနော်"

ဘုန်းကြီးက ခဏနားလိုက်သည်။ သူ့စကားတွေက ဘာအဓိပ္ပာယ်လဲ၊ ကျွန်မနဲ့ ဘာပတ်သက်နေလို့လဲ။

mgyoe.com

mgyoe.com

"ဒကာမလေး ကိစ္စကတော့ လိမ်ညာ ပြောဆိုတာလို့ ဘုန်းကြီး မထင်ပါဘူး၊ တစ်ခုခု မှားနေတာ သေချာပါတယ်၊ ခုနက ပြောသလို ခန္ဓာဟောင်းက ချာပြီး ခန္ဓာသစ်ဖြစ်တည်မှု လုပ်ငန်းစဉ်ကြီးရဲ့ အမှားအယွင်းပေါ့၊ ဘုန်းကြီး ရှင်းပြပါ့မယ်"

ဘုန်းကြီးက မီးဖိုထဲ ထင်းထပ်ထည့်ပြီး ကျွန်မနား လာပြန်ထိုင်သည်။

"ဒကာမလေး ကြားရတဲ့အသံဟာ မိန်းမသံ မဟုတ်လား"

"ဟုတ်ကဲ့"

"စေတီဖြူဖြူလေးတွေ၊ မြေကြီးပေါ်က အနီရောင်အကွက်တွေကို သူ မှတ်မိတယ်၊ အနက်ရောင်ဘွတ်ဖိနပ်တွေကို ကြောက်တယ်လို့ သူ ပြောတယ်၊ ဟုတ်လား"

"ဟုတ်ကဲ့"

"မနေ့က ဒကာမလေး နားမလည်တဲ့ စကားတွေ သူ ပြောသွားတယ် ဆို"

"ဟုတ်ကဲ့"

"အဲဒါ ဗမာစကားကွဲ၊ အဓိပ္ပာယ်ကတော့ သေသူတွေရော၊ အထီးကျန်သူတွေရော၊ ချစ်ခင်ရသူတွေရော အားလုံးဟာ သံသရာ ဆိုတဲ့ ကျွန်းကြီးပေါ် သွားကြရတာပဲတဲ့လေ၊ ဒီအသံပိုင်ရှင်ဟာ မြန်မာပြည်က ဖြစ်လိမ့်မယ်၊ သေပြီးတဲ့နောက် ခန္ဓာသစ် ဘဝသစ် မရနိုင်သေးဘဲ လှည့်လည်သွားလာနေတဲ့ ဝိညာဉ်ခန္ဓာ ဖြစ်လိမ့်မယ်၊ ဆိုတော့ ဒကာမလေး ခန္ဓာကိုယ်ထဲမှာ စိတ်နှစ်ခု၊ ဝိညာဉ်နှစ်ခု ရောက်နေတဲ့ သဘောပေါ့"

ကျွန်မ ငေါက်ခနဲ ထထိုင်လိုက်မိသည်။ ဘုန်းကြီးက အံ့အားသင့်ဟန်၊ ကျွန်မက သံသယ အသီးသီး အသက တွေဝေနေကြသည်။

"ခန္ဓာတစ်ခု စိတ်ဝိညာဉ် နှစ်ခုတဲ့လား"

"အင်း- ဟုတ်တယ်ကွဲ့"

"ကျွန်မ မယုံဘူး"

ရှင်းပြလို့ရသည့် အရာတိုင်းသည် အမှန်တရား မဟုတ်၊ အမှန်တရားတိုင်းသည် ရှင်းပြ၍ မရ။

"ဘုန်းကြီးက ဒကာမလေးကို အပြစ်တင်တာ မဟုတ်ပါဘူး၊ ဒါက အင်မတိ အင်မတန် ဖြစ်ခဲတဲ့ကိစ္စပါ၊ ဒါပေမဲ့ ဖြစ်ခဲ့တာကိုတော့ ဖြစ်ခဲ့တယ်လို့ပဲ မှတ်ရလိမ့်မယ်"

mgyoe.com

mgyoe.com


“ဒါဖြင့် သူက ကျွန်မ ခန္ဓာကိုယ်ထဲမှာ ဘယ်လောက် ကြာအောင် နေနေမှာလဲ”

“ဒကာမလေး သေဆုံးချိန်အထိပေါ့”

“ဟာ– ဒါဆို တစ်သက်လုံးပေါ့၊ သူ့ကို ဖယ်ထုတ်လို့ မရတော့ဘူးလား”

ဘုန်းတော်ကြီးက ခန္ဓာကိုယ်ကို အနည်းငယ် ရှေ့တိုးနောက်ငင် ယိမ်းထိုးနေရင်း ကျွန်မလေက်များကို ကိုင်ဆွဲကာ ပြောလိုက်သည်။

“တစ်ခုတော့ ရှိတယ်၊ သူ ဘယ်သူလဲ ဆိုတာရယ်၊ သူ ဘယ်လို သေဆုံးခဲ့တာလဲ ဆိုတာရယ်ကို ရှာနိုင်ရင်တော့ သူ့ကို ကောင်းရာမွန်ရာကို ပို့ပေးဖို့ နည်းလမ်း တွေ့နိုင်လိမ့်မယ်၊ ဒါဆို သူ ဒကာမလေး ခန္ဓာထဲက ထွက်သွားလိမ့်မယ်၊ ဒါပေမဲ့ အဲဒီအတွက် သွားရမယ့် ခရီးက သိပ်ဆေးမှာ၊ ဘယ်ကို သွားရမယ် မှန်း မသိတဲ့ ခရီးရှည်ကြီးဖြစ်မှာ အသေအချာပဲ၊ ဒကာမလေး ဒီအတွက် အဆင်သင့် ဖြစ်ပြီလား”

■ ■ ■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၈ )

ဆံပင်တွေကြားက လေနွေးကလေး ဖြတ်တိုက်သွား၏။ မျက်စိကန်းလောက်အောင် ကျိန်းလှ ပြင်းလှသည့် နေက ခေါင်းပေါ်တည့်တည့် ရောက်နေပြီ။ လေယာဉ်နောက်မြီးစွန်း၏ အရိပ်ကို ခိုရင်း၊ မျက်လုံးတွေကို လက်တစ်ဖက်နှင့် ကာရင်း ပတ်ဝန်းကျင်ကို လှေလာနေမိသည်။ ဟဲဟိုးလေဆိပ် ဆိုသည်က ပိစိညှောက်တောက်ကလေးပါကလား။ ဆိုက်ရောက်ရော ထွက်ခွာပါ ပါဝင်သည့် အဆောက်အအုံသေးသေးလေး တစ်ခု၊ ပြေးလမ်းလေးတစ်ခု၊ သစ်ပင်တွေ ထိပ်ဖျားထက်ပင် နိမ့်သေးသည့် လေကြောင်းပြ မျှော်စင်လေးတစ်ခု ဒါပဲတဲ့။ ကျွန်မတို့ လေယာဉ်က လေဆိပ်မှာ တစ်စီးတည်း ထီးတည်း။ တခြားဂြိုဟ်ကနေ ကျူးကျော်ဝင်ရောက်လာသည်နှင့်ပင် တူ တူသေးတော့။

လေယာဉ်မှူးက အင်ဂျင်တွေကို စက်သတ်လိုက်သည်။ လေတိုးသံတွေကြောင့် ကျွန်မ နားတွေ အူနေသည်။ တခြားခရီးသည်တွေ ဖြစ်သည့် အီတလီ ခရီးသွားအုပ်စုတစ်ခု၊ ဗမာခရီးသည်အချို့နှင့် ဘုန်းကြီးနှစ်ပါးတို့က တော့ ဆိုက်ရောက်ရေယာထဲ သုတ်ခြေတင်သွားကြပြီ။ အထုပ်အပိုးတွေ လာသယ်သည့် ကားကလေးနှင့် လူသုံးယောက်ကတော့ အလုပ်တွေ ရှုပ်နေသည်။ လေတစ်ချက် နှော့လိုက်တော့ တစ်ကွင်းလုံး ဖုန်တွေ ဖွေးနေအောင်

mgyoe.com

m g y o e . c o m

SAMPLE BOOK


ထသွားသည်။ အိတ်ကလေး ဆွဲပြီး လူတွေနောက် လိုက်ရသည်။ ကျီးကြည့်၊ ကြောင်ကြည့်နှင့် ဘယ်ရောက်နေသလဲ ဆိုတာ သေချာအောင် ကြည့်ရသေးသည်။

ဘုန်းတော်ကြီးနှင့် စကားပြောပြီးသည့် နောက်ပိုင်းရက်တွေမှာ ကျွန်မ အိပ်မက်ထဲမှာ နေနေရသလို ခံစားခဲ့ရသည်။ နောက်ဆုံး သူ အကြံပေးသလို ကျွန်မဆီ ရောက်နေသည့် ခန္ဓာမဲ့အသံ၏ ဓာတ်မြစ်ကို လိုက်ဖို့ ဆုံးဖြတ်လိုက်သည်။ အေမီကတော့ မတွေဝေဘဲ လုပ်စရာရှိတာ လုပ်ဖို့ တွန်းအားပေးသည်။ ခရီးရှည်ကြီးအတွက် အမောတကော ပြင်ဆင်ရသည်။ ဗန်ကောက်ထိ တမေ့တမြော လေယာဉ်စီး၊ လေယာဉ်ဆိုက်တာ နောက်ကျ၊ ရန်ကုန်ကူးဖို့ အချိန်မမီ၊ အကြာကြီး ထိုင်စောင့်၊ ခရီးစဉ်တစ်လျှောက်လုံးလည်း ကျွန်မ ငူငူငေါင်ငေါင်သာ၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းက လေးလံလှသည်။ အစ်ကိုကြီးနှင့် တွေ့ဖို့ အချိန် တစ်မိနစ်ပင် မစောင့်ချင်တော့။ ကျွန်မကိုယ်ထဲက အသံ၏ လာရာလားရာကို ဖော်ထုတ်ဖို့ အစ်ကိုကြီး ကူညီမှ ဖြစ်မည်။

လေဆိပ်ရှေ့မှာ ဘာကားမျှ မရှိ။ ဂိုဒေါင်လေး တစ်လုံးရှေ့က သဲမြေပေါ်မှာ မှန်တွေ ချထားသော တိုယိုတာ အစုတ်တစ်စီး ရပ်ထားသည်။ ဒရိုင်ဘာက ထိုင်ခုံပေါ်မှာ ထိုင်ငိုက်နေသည်။ တက္ကစီ ဆိုသည့် စကားလုံးကို ဆေးနက်ဖြင့် ကားတံခါးမှာ ရေးထားသည်။ စိတ်ညစ်ညျူးစွာဖြင့် သူ့ကားကို အသာခေါက်လိုက်သည်။ ဒရိုင်ဘာက တုတ်တုတ်ပင် မလှုပ်။ ဒုတိယအကြိမ် ခပ်ပြင်းပြင်း ခေါက်တော့ မှုန်ရီနေသည့် မျက်လုံးများဖြင့် ခေါင်းမော့ကြည့်သည်။

"ကလောကို လိုက်ပို့ပေးနိုင်မလား"

ဒရိုင်ဘာက လှိုက်လှိုက်လှဲလှဲကြီး ပြုံးသည်။ အားရပါးရ သမ်းသည်။ အပြင်ထွက်သည်။ အညောင်းဆန့်သည်။ လုံချည် ပြင်ဝတ်သည်။ ကားနောက်ဖုံးကို ဝက်အူလှည့်တစ်ချောင်းဖြင့် ဖွင့်သည်။ ကျွန်မ အထုပ်အပိုးတွေကို ထည့်သည်။ နောက်ဖုံးက ပိတ်၍မရ၊ ဝါယာကြိုးတစ်ချောင်းဖြင့် သံချေးတက်နေသည့် အပေါက်ထဲ ထိုးထည့်ပြီး နာနာတုပ်သည်။ ကားတံခါးကို အတွင်းဘက်မှ ဖွင့်ပေးသည်။ ထိုင်ခုံတွေက ပောင်းလှ နွမ်းလှသည်။ ရှေ့ခန်းမှာလည်း ဘာမျှ အကောင်းမရှိ၊ ဝါယာကြိုး နက်-ဝါ-နီတွေ ထိုးထိုးထောင်ထောင် ထွက်နေသည်။ ကျွန်မ အတော်စိတ်ညစ်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူကတော့ စိတ်အားထက်သန်စွာ ခေါ်နေသည်။ မထူးပါဘူး။ကျွန်မ ဝင်ထိုင်လိုက်သည်။ ထွက်လာပြီး ခဏနေတော့ လမ်းဘေးဆိုင်လေး တစ်ဆိုင်မှာ ရပ်သည်။ ဒရိုင်ဘာက ကွမ်းထုပ်နှင့် စီးပယ်ပန်းကုံးကို ဆိုင်ထဲမှ ယူလိုက်သည်။ ပန်းရနံ့မွှေးမွှေးက တစ်ကားလုံး ပျံ့လွင့်သွားသည်။

လေတိုးတော့ အေးလာသည်။ ပြတင်းပေါက်မှန်ကို တင်ဖို့ လက်ကိုင်က နှစ်ဖက်စလုံးမှာ မရှိ။ ဒရိုင်ဘာက နောက်ကြည့်မှန်မှတစ်ဆင့် ကျွန်မကို ကြည့်နေကြောင်း ခံစားမိသည်။

"အေးလို့လား ခင်ဗျ"

"နည်းနည်းပါ"

ခေါင်းညိတ်လိုက်ပြီး အရှိန်လျှော့လိုက်သည်။ သို့သော် နောက်တစ်ကွေ့မှာ အရှိန်ပြန်တင်ပြီး နဂိုအတိုင်း မောင်းတာပါပဲ။

"ကလော ဘယ်ကို ပို့ပေးရမလဲ ခင်ဗျ"

"ကလော ဟိုတယ် ရှိသေးလား"

"ရှိပါတယ်"

"အင်း- အဲဒီကို ပို့ပေး"

နောက်ကြည့်မှန်မှတစ်ဆင့် ဒရိုင်ဘာနှင့် မျက်လုံးချင်း ဆုံမိသည်။ သူက ပြုံးရင်း ခေါင်းယမ်းနေသည်။ သူ့သွားတွေက ကွမ်းချိုးတက်ကာ ရဲပတောင်း ခတ်နေသည်။

"တခြားဟိုတယ်မှာ တည်းပါလား ခင်ဗျာ"

"ကလောဟိုတယ်က ဘာဖြစ်လို့လဲ"

သူ ခဏ အသံတိတ်သွားသည်။ စကားလုံး ရွေးနေပုံပင်။

"ဘာမှတော့ မဖြစ်ပါဘူး၊ ကျွန်တော်တို့ ဒေသခံတွေက အဲဒီဟိုတယ်ကို မကြိုက်ကြဘူး ခင်ဗျ"

"ဘာဖြစ်လို့လဲဟင်"

"သရဲ သိပ်ခြောက်တယ်လို့ ဆိုကြတယ် ခင်ဗျ"

အိုး- သူ ဒီလို ပြောမှာကို ကျွန်မ သိသင့်တာပေါ့။

"ဘယ်လို သရဲမျိုးတဲ့လဲ"

မသိမသာ သက်ပြင်းချရင်း မေးမိသည်။

"အင်း- ဝမ်းနည်းစရာ ဇာတ်လမ်းတစ်ပုဒ်ပါပဲ၊ စစ်အတွင်းတုန်းက ဒီဟိုတယ်က ဆေးရုံဖြစ်ခဲ့ဖူးသတဲ့၊ အဲဒီမှာ အင်္ဂလိပ်တွေ အများကြီး သေခဲ့သတဲ့၊

mgyoe.com

m g SAMPLE BOOK

သူတို့ဟာ ခုချိန်ထိ မကျွတ်မလွတ်ဘဲ ဟိုတယ်ထဲ လျှောက်သွားနေကြသတဲ့၊ ပြောကြတာပဲ''

''ကျွန်မတော့ မယုံပါဘူး၊ ရှင် တွေ့ဖူးလို့လား''

''ဘယ်တွေ့ဖူးပါ့မလဲ''

''ကဲ- ဒါပဲ ကြည့်လေ''

''ဒါပေမဲ့ ကျွန်တော်က ကလောဟိုတယ်မှာ နေတာမှ မဟုတ်ဘဲ''

သူက ခေါင်းတခါခါဖြင့် ပြုံးနေပြန်သည်။

''အဲဒီ သရဲတွေကို မြင်ဖူးတဲ့လူနဲ့ရော စကားပြောဖူးလား''

''ဟင့်အင်း၊ ကျွန်တော့် ခရီးသည်တွေလည်း အဲဒီမှာ မနေကြဘူး''

''ကျွန်မ အဲဒီမှာ နေဖူးတယ်၊ နှစ်ပတ်တောင် ကြာတာ၊ သရဲ တစ်ကောင်မှကို မမြင်မိပါဘူး''

ကြည့်ရတာ သူ တခြား ဟိုတယ်တစ်ခုခုနှင့် ချိတ်ဆက်ထားပုံပါပဲ။ ခဏနေတော့ ဒီအကြောင်း မပြောဖြစ်ကြတော့။

တောင်ပတ်လမ်းကို တက်လာခဲ့ကြသည်။ ယာခင်းတွေကို ကြည့်ရတာ မသက်သာလှ။ ကားလမ်းနှင့် မနီးမဝေးမှာ ကျွဲတစ်ကောင်နှင့် ထွန်ယက်စိုက်ပျိုးနေသူ တစ်ဦးကို တွေ့ရသည်။ ခုနက မိုးရွာထားပုံ ပေါ်သည်။ လူရော ကျွဲရော ရွှံ့အလိမ်းလိမ်းဖြင့်။ သခင်နှင့် တိရစ္ဆာန် နှစ်ဦးစလုံးက အရိုးပြိုင်းပြိုင်းနှင့်၊ အချိန်မရွေး လဲကျ သေဆုံးတော့မလို။

ကိုက်တစ်ရာ၊ နှစ်ရာလောက် အကွာမှာ ရွှေရောင်စေတီလေးက နေရောင်အောက်မှာ ပြိုးပြိုးပြက်ပြက် ဝင်းလက်နေသည်။ တောင်တန်းတွေ၊ ယာခင်းတွေ၊ သစ်ပင်တွေ၊ ဝါးပင်တွေကြားမှာ စေတီတွေ၊ ဘုန်းကြီးကျောင်းတွေကို မပြတ်တမ်း မြင်နေရသည်။

တစ်နေရာမှာတော့ ခေါင်းမာလှသည့် နွားနှစ်ကောင် ပေရပ်နေသည့်အတွက် ကားလမ်းပေါ် ကန့်လန့်ဖြတ် ရပ်နေသည့် နွားလှည်းကြောင့် ရပ်စောင့်ရသေးသည်။

တစ်နာရီခန့် အကြာမှာတော့ ကလောဟိုတယ်ရှေ့ ရောက်လာခဲ့သည်။ ဒရိုင်ဘာက ကျွန်မ အထုပ်အပိုးတွေ ချပြီး သူ့လိပ်စာ ကတ်ပြားလေး ပေးသည်။ အကယ်၍ စိတ်ပြောင်းသွားပြီး တခြား ဟိုတယ် ပြောင်းနေချင်သည် ဆိုလျှင် ဆက်သွယ်ပါတဲ့။ ဟိုတယ်ဝန်ထမ်းတွေကိုတော့ တစ်ယောက်တလေ ပင် မမြင်။

mgyoe.com

mgyoe.com
SAMPLE BOOK


တံခါးကတော့ ဟောင်းလောင်း ပွင့်နေသည်။ ထို့ကြောင့် ကိုယ့်အထုပ် ကိုယ်ဆွဲရင်း ဟိုတယ်ထဲ ဝင်လိုက်သည်။ ကောင်တာရှေ့ ရောက်တော့ အတိတ် ဖြစ်ရပ်တွေ အလုံးအရင်း စီးဝင်လာခဲ့သည်။ နံရံပေါ်မှ ဗန်ကောက်-ပဲရစ်- တိုကျို-နယူးယောက်-ရန်ကုန် ဆိုသည့် အချိန်ပြနာရီတွေက တစ်လုံးမျှ မမှန်။ နံရံဆေးတွေက နေလောင်ထားသည့် အသားအရေလို မွဲခြောက်ခြောက်။ သော့စင်ထဲမှာ သော့တစ်ချောင်းမျှ မမြင်။ အရင်တစ်ခေါက်ကလည်း မမြင်၊ ခုလည်း မမြင်။ နီယွန်မီးအလင်းရောင် အေးစက်စက်တွေ၊ ပေါ်လစ်တိုက်ထား သည့် ကြမ်းခင်းတွေ၊ လေအဝှေ့မှာ ပျင်းပျင်းရိရိ လေးတိလေးတွဲ့ လှုပ်နေသည့် ခန်းဆီစ အဝါလေးတွေ။

အိမ်ပြန်ရောက်လာသလို ခံစားရသည်။ ဒီဟိုတယ်မှာ နှစ်ပေါင်း များစွာ နေသွားသကဲ့သို့ပင်။

"ဟယ်လို"

ဘာအသံမျှ ပြန်မကြား။

ဧည့်ခန်းမှာတော့ တီဗွီ ဖွင့်ထားသည်။ တီဗွီရှေ့မှာ လူငယ်တစ်ယောက်၊ ခုံပေါ်မှာ အိပ်ပျော်နေသည်။

"ဟယ်လို- ဟယ်လို"

တံခါးကိုလည်း ခေါက်၊ အကျယ်ကြီးလည်း အော်ရသည်။ တီဗွီရှေ့ က လူငယ် အိပ်မှုန်စုံမွှားဖြင့် ထလာသည်။ ကျွန်မကို အံ့သြတကြီး ကြည့်နေ သည်။ ဧည့်သည် ရောက်လာလိမ့်မည် ဆိုတာ သူ့မျှော်လင့်ချက်တွေထဲမှာ မပါသလိုမျိုး။

ကျွန်မအခန်းက အခန်း (၁၀၁)၊ အရင်အခန်းအတိုင်း အပြောင်းအလဲ မရှိ။

မျက်နှာကြက်အမြင့်ကြီး၊ လေးဖက် ပတ်ရံ နံရံ ဖြူဖြူ၊ အိပ်ရာ နှစ်ခု ကြားက စားပွဲပုကလေး၊ စားပွဲနှင့် လက်တင်ကုလားထိုင် နှစ်လုံး၊ ဒါ့အပြင် ပျက်နေသည့် ကိုရီးယားလုပ် ရေခဲသေတ္တာလေးကလည်း အရင်အတိုင်း၊ နေရာ မယွင်း ရှိနေဆဲ။

ကောင်တာက ကလေးမလေးက သိပ်ကို ပျူငှာဖော်ရွေပါသည်။ အင်္ဂလိပ် စကားလည်း မဆိုးလှ။ သို့သော် ဦးဘကိုတော့ မသိတဲ့။

အစ်ကိုကြီးနှင့် ပထမဆုံး စတင်ဆုံစည်းခဲ့သည့် လက်ဖက်ရည်ဆိုင် သို့ ကျွန်မ ချီတက်လာခဲ့မိသည်။ သူ ဘယ်မှာနေလဲ၊ ဘယ်မှာရှိလဲ ဆိုတာကို

mgyoe.com

mgyoe.com SAMPLE BOOK


ဒီဆိုင်က တစ်ယောက်ယောက်ကတော့ ကျွန်းသေပေါက် သိလိမ့်မည်။ လမ်းကလေးတွေက အနည်းငယ် ပိုသပ်ရပ်လာသလို ရှိသည်။ ပန်းပင်တွေလည်း ပိုစိမ်းလန်းစိုပြည်လာသည်။ လမ်းသွားလမ်းလာတွေကလည်း လက်ချင်းချိတ်၍ ပျော်ပျော်ကြီး လျှောက်နေကြသည်။ ကျွန်မကို တပြုံးပြုံး နှုတ်ဆက်ကြသည်။ ရောမစက်ဘီးကြီးကို မတန်မရာ စီးနေသည့် ကောင်ငယ်လေး တစ်ယောက်က ကျွန်မကို 'ဟောင်းအာယူ'တဲ့ လှမ်းနှုတ်ဆက်သည်။ ဘာမျှ ပြန်မဖြေနိုင်ခင်မှာ သူ လမ်းချိုးတစ်ခုထဲ ဝင်ရောက် ပျောက်ကွယ်သွားခဲ့သည်။

ခု လမ်းဆုံလမ်းခွသို့ ရောက်ပြီ။ မှတ်ဉာဏ်တွေကို အလုပ်ပေးရပြီ။ ညာဘက်မှာ ဂေါက်ကွင်းငယ်လေးတစ်ခု ရှိခဲ့သည့် ပန်းခြံကလေး၊ ပန်းခြံဝင်ပေါက်ရှေ့ သစ်ပင်ရိပ်မှာ မြင်းလှည်းနှစ်စီး ရပ်ထားသည်။ ဘယ်ဘက်လမ်းကတော့ မြို့ထဲသွားသည့်လမ်း၊ ဟုတ်ပြီ၊ ဘယ်ဘက်လမ်းအတိုင်း လိုက်လာခဲ့သည်။ ကလေးတွေ စာအံသံ ဆူညံနေသည့် စာသင်ကျောင်းလေး တစ်ကျောင်းကို ဖြတ်လာခဲ့သည်။

ဒီနောက်မှာတော့ ကျွန်မ အစ်ကိုကြီးနှင့် ဆိုက်ဆိုက်မြိုက်မြိုက်တွေ့တော့သည်။ သူ လမ်းလျှောက်ပုံကို အဝေးက ကြည့်ရုံနှင့် ကျွန်မ တန်းသိသည်။ ညာဘက်လက်က လုံချည်စလေးကို မ ကာ မ ကာဖြင့် ဆတ်တောက်ဆတ်တောက် လမ်းလျှောက်တတ်သော အစ်ကိုကြီး။ ကျွန်မရှိရာ တည့်တည့်သို့ လျှောက်လှမ်း၍ လာနေပါပကော။ ရင်ခုန်လိုက်တာ။

မျက်ရည်ဥတွေ အလိုလို တွဲခိုလာခဲ့သည်။ နှုတ်ခမ်းကို တင်းတင်းကိုက်ရင်း မျက်ရည်တွေကို မျိုချနေရသည်။ ကျွန်မ စာမလာ၊ သတင်းမကြားအကြာကြီး နေခဲ့မိသည်။ နှလုံးသား အလိုကိုလိုက်ဖို့ ဆိုတာ ခက်ခဲလွန်းခဲ့မိသည်။ ဒီဆယ်နှစ်အတွင်း ကျွန်မ ဘာတွေ လုပ်နေခဲ့မိပါလိမ့်။

အစ်ကိုကြီးက ကျွန်မကို ရပ်ကြည့်နေသည်။ ခြေလှမ်းတွေ နှေးသွားခဲ့ကြသည်။ ခုတော့ မျက်နှာချင်းဆိုင် တွေ့ကြပြီ။

တစ်ယောက်က အရပ်မြင့်၍ တစ်ယောက်က ပုသည့် မောင်နှမနှစ်ယောက်။ တစ်ယောက်က သက်လတ်ပိုင်း၊ တစ်ယောက်က အဘိုးကြီးပေါက်စ အဖေတူ အမေကွဲ မောင်နှင့် နှမ။

အစ်ကိုကြီးကို အတင်းပွေ့ဖက်လိုက်ချင်သော်လည်း ခန္ဓာကိုယ်က စိတ်အလိုကို မလိုက်၊ ရွံ့နေမိသည်။ နောက်ဆုံးတော့ အစ်ကိုကြီးကပဲ ရှေ့တိုးကာ လက်တွေ ဆန့်တန်းရင်း ကျွန်မမျက်နှာကို သူ့လက်တွေနှင့် တုန်ရီစွာ

mgyoe.com

mgyoe.com SAMPLE BOOK

ထိတွေ့ရင်း နှစ်ယောက်ကြားက စိတ်တံတိုင်းကို ဖြိုချပေးခဲ့သည်။ နွမ်းလျ ဝေသီသည့် မျက်ဝန်းအစုံဖြင့် သူ ကျွန်မကို ကြည့်နေသည်။ သူ့မျက်ဝန်းတွေက တဖြည်းဖြည်း စွတ်စိုပြည့်လျှမ်းပြီး မျက်ရည်စက်တို့ ပေါက်ခနဲ ပေါက်ခနဲ ကျလာသည်။ နှုတ်ခမ်းတွေက တုန်တုန်ရီရီ။

"ကြာခဲ့ပြီနော်"

ကျွန်မ အသံက တိုးလွန်းလှသည်။

"အင်း-ဟုတ်တယ်၊ အစ်ကိုကြီး လေဆိပ်လာမကြိုနိုင်တာ ခွင့်လွှတ်ပါ ငါ့နှမရယ်"

"အို- အစ်ကိုကြီးကလည်း၊ ကျွန်မ လာမှန်း အစ်ကိုကြီးမှ မသိဘဲ"

"ဟုတ်လား၊ မသိဘူးလား"

သူ ပြုံးသည်။ ခဏမျှသာပါ။

ကျွန်မ အစ်ကိုကြီးကို ဖက်ထားလိုက်သည်။ သူက ခြေဖျားလေး ထောက်၍ ခေါင်းကို ကျွန်မ ပခုံးပေါ် ခဏမှီထားလိုက်သည်။

အိပ်မက်တို့သည် အချို့က ကြီးလွန်းပြီး အချို့က သေးလွန်းသည် ကော။

"ပစ္စည်းတွေရော"

"ဟိုတယ်မှာလေ"

"အင်း- နောက်မှ သွားယူတာပေါ့၊ အစ်ကိုကြီး အိမ်မှာ နေမယ် မဟုတ်လား"

သူ့သစ်တဲကလေးကို ကျွန်မ ပြန်လည်မြင်ယောင်လာသည်။ ဧည့်ခန်း ထဲက ပျားတွေ၊ ဆိုဖာခုံဟောင်းတွေ၊ အိမ်အောက်မှ ဝက်။

"မသိသေးပါဘူး အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကိုလည်း ဒုက္ခမပေးချင် ပါဘူး"

"ဒုက္ခတဲ့လား ဂျူလီယာ၊ သုခပါကွယ်၊ အစ်ကိုကြီးအတွက် သုခပါ"

သူက မျက်ခုံးလေးပင့်ရင်း ဆက်ပြောနေသည်။

"အစ်ကိုကြီးဟာ တခြားကမ္ဘာခြမ်းကနေ တကူးတက လာတွေ့တဲ့ နှမဖြစ်သူကို ဟိုတယ်မှာ နေခိုင်းတယ် ဆိုတာ သိရင် ကလောကလူတွေက ကဲ့ရဲ့ကြမှာ မေးစရာတောင် မလိုဘူးကွဲ့"

အစ်ကိုကြီးက ကျွန်မလက်ကို ဆွဲရင်း သူ လာရာလမ်းကို ပြန်လှည့် သည်။

mgyoe.com

mgyee.com

SAMPLE BOOK


''ကဲ- လက်ဖက်ရည်သောက်မယ်၊ တစ်ခုခု စားမယ်၊ ညည်းလည်း ဆာရောပေါ့၊ လေယာဉ်ပျံပေါ်မှာရော ဝဝလင်လင် ကျွေးကြရဲ့လား''

လမ်းတစ်ဖက်ခြမ်းသို့ ကူးပြီး စားသောက်ဆိုင်တစ်ခုထဲ ဝင်သွားသည်။ ထီးအကြီးကြီးတွေအောက်မှာ စားပွဲပု၊ ထိုင်ခုံပုကလေးတွေနှင့်၊ နေရာအတော်များများက လူတွေ ပြည့်နေသည်။ စားပွဲလွတ်တစ်လုံးမှာ ထိုင်လိုက်ကြတော့ ကျွန်မ ဒူးတွေက စားပွဲပေါ် ထိုးထိုးထောင်ထောင်။

ဘေးခုံမှာ မိန်းမနှစ်ယောက်၊ ဟိုဘက် ဘေးခုံကတော့ အစိမ်းပုပ်ရောင် စစ်ဝတ်စုံတွေနှင့် စစ်သားနှစ်ယောက်၊ ဦးဘက သူတို့ကို ခေါင်းညိတ်နှုတ်ဆက်သည်။ ချောင်းခြောက် တစ်ချက် ဟန့်လိုက်ရင်း-

''ဒီဆိုင်က ဟိုလက်ဖက်ရည်ဆိုင် ပိုင်ရှင်တွေပဲ ပိုင်တာ၊ တို့များ ပထမဆုံး တွေ့ကြတဲ့ ဆိုင်ပေါ့''

ဟု သူ ပြောသည်။

စုတ်တီးစုတ်ပွဲ လက်ဖက်ရည်ဆိုင်လေး မျက်စိထဲ မြင်ယောင်လာသည်။ ဒါ အတော်ကြီးမားတဲ့ တိုးတက်မှုပေါ့။ အစ်ကိုကြီး ဦးဘကတော့ ကျွန်မ တွေးနေသည်ကို သိနေသည့်အလား။

''ဟုတ်တယ်၊ ညည်းက သူတို့အတွက် ကံကောင်းခြင်း လက်ဆောင်ပေါ့ဟဲ့'' တဲ့။

စကားတစ်လုံးမျှ မဆိုဘဲ သူ ကျွန်မကို ထိုင်ကြည့်နေသည်၊ လက်ဖက်ရည်က အက်စ်ပရက်ဆို ခွက်ဟွေနှင့် ရောက်လာသည်။ ကျွန်မအတွက် ခွက်ထဲမှာ ယင်ကောင်တစ်ကောင် ကျသေနေသည်။ လက်ညှိုးထိုးပြတော့ စားပွဲထိုးမလေးက အိုး-ဆောရီးဟု ဆိုကာ ဇွန်းကလေးတစ်ချောင်းဖြင့် ယင်ကောင်သေကို ခပ်ထုတ်လိုက်သည်။ ကျွန်မ အံ့ဩလွန်းသဖြင့် စကားတစ်လုံးမျှ မဆိုနိုင်ဘဲ ကြောင်ကြည့်နေစဉ်မှာ သူ ပြန်ထွက်သွားသည်။

''အသစ်တစ်ခွက် ယူမယ် မဟုတ်လား ဂျူလီယာ''

အစ်ကိုကြီးကို ခေါင်းမြန်မြန် ညိတ်ပြရသည်။

အမယ်လေးလေ့၊ အစ်ကိုကြီးက သူ့ခွက်နှင့် ကျွန်မခွက် လဲပေးလိုက်ပါသကော။

''ဟယ်- ကျွန်မ ပြောတာ အဲလို မဟုတ်ဘူးလေ''

ဘာပဲပြောပြော ဒီလက်ဖက်ရည် အရသာကတော့ မြန်မာပြည်မှ တစ်ပါး တခြားနေရာမှာ ရှာမတွေ့နိုင်တာ သေချာသည်။ နို့ဆီ၊ နို့စိမ်းတို့၏

mgyee.com

ချိုမြ ဆိမ့်သက်မှုမှာ အဖန်ခွက်၊ အခါးခွက်ကလေး စွက်ထားသော ကောင်းလှသည့် အရသာ။

အစ်ကိုကြီးက ကျွန်မကို အကြည့်မပျက်ဘဲ လက်ဖက်ရည်ကို တစ်ငုံငုံလိုက်သည်။ စပ်စုသည့်၊ စူးစမ်းသည့်၊ သုံးသပ်သည့် အကြည့်မျိုး လုံးလုံးမဟုတ်။ ချစ်ခြင်းမေတ္တာအပြည့်ဖြင့် ငေးနေခြင်းသာ။ မတွေ့ရတာ ဆယ်နှစ်ကြာ။ ထိုကာလရှည်ကြီးကို ကျော်ဖြတ်ခဲ့ကြသည့် မောင်နှမနှစ်ယောက်မှာ ပြောစရာစကား မရှိတော့ပြီလော။ ကျွန်မ စကားစရန် ကြံသော်လည်း အစ်ကိုကြီး၏ ချစ်မေတ္တာမျက်ဝန်းတွေကို မတားရက်။ စားပွဲထိုးမလေးက အငွေ့တထောင်းထောင်းထနေသည့် ခေါက်ဆွဲနှစ်ပွဲ ယူဆောင်လာသည်။

"တဒင်္ဂ တစ်ခဏတာ ဖြစ်တည်မှုကို ဆန့်ကျင် တွန်းလှန်၊ စိတ်အလျင်ထက် ရှေ့ကြိုရောက်အောင်လည်း မသွား၊ အတိတ်မှာ တဝဲလည်လည် ကျန်ရစ်မနေအောင်လည်း စွမ်းဆောင်၊ ဒါဟာ ဆိုက်ရောက်ခြင်းရဲ့ အနုပညာ၊ တစ်ချိန်ကို တစ်နေရာတည်းမှာ နေရင်း တည်ရှိခြင်းရဲ့ အလှအပနဲ့ အကျည်းတန်မှုတွေကို ခံစားစုပ်ယူ၊ ကြောက်ရွံ့ခြင်းကင်းစွာ လွှမ်းမိုးခံလိုက်ပါ၊ မင်း တည်ရှိနေရခြင်းရဲ့ အနုပညာတဲ့ ဂျူလီယာရဲ့၊ အစ်ကိုကြီး ပြုပြင်နေတဲ့ 'ခရီးသွားခြင်း' ဆိုတဲ့ စာအုပ်ထဲမှာ ပါတာလေ၊ မင်း ကြိုက်ရဲ့လား"

ခေါင်းညိတ်ပြလိုက်သည်။ အဲဒီစကားလုံးတွေရဲ့ အဓိပ္ပာယ်ကိုတော့ ကျွန်မ အသေအချာ မသိပါချေ။ အစ်ကိုကြီးက ခေါင်းကလေး စောင်းကာ ကျွန်မကို ပြုံးကြည့်နေပြန်သည်။

"ငါ့နှမက သိပ်ချစ်စရာကောင်းတာပဲ၊ အစ်ကိုကြီး စိတ်ကူးထားတာထက်တောင် ပိုချစ်စရာကောင်းသေး"

ကျွန်မ ရှက်ရှက်နှင့် ရယ်နေရသည်ပေါ့။

"ဒီနေ့ ဆယ့်ငါးရက်နေ့ပဲ၊ တိုက်တိုက်ဆိုင်ဆိုင်"

ကျွန်မ ပြောလိုက်သည်။ သူ သဘောပေါက်မှာပါလေ။

"သိပါ့၊ ဘယ်မေ့လိမ့်မလဲ ဂျူလီယာရယ်"

အရိပ်တစ်ခု သူ့မျက်နှာမှာ ဖြတ်သန်းသွားသည်။

"ဖေဖေနဲ့ မိမိအတွက် ပူဇော်ပွဲတွေ သူတို့ လုပ်ကြသေးလား အစ်ကိုကြီး"

အစ်ကိုကြီး ဦးဘက ခေါင်းယမ်းရင်း ဘေးဘီသို့ စိတ်မသက်မသာ ကြည့်လိုက်သည်။ သူက ရှေ့တိုးရင်း လေသံလေးဖြင့် ပြောနေသည်။

"စစ်တပ်က ပေးမလုပ်တော့ဘူးကွဲ့"

mgyoe.com

"ဟင်– ဘာဖြစ်လို့လဲ"

ကျွန်မအသံက အလွန်ကျယ်လောင်စွာ ထွက်လာသည်။

သူက မျက်နှာရှုံ့သွား၏။ ဘေးဝိုင်းက စစ်သားတွေက ထအထွက်မှာ ကျွန်မတို့ကို စပ်စပ်စုစု ကြည့်နေကြသည်။ ပြီးတော့ စစ်ဂျစ်ကားပေါ် တက်ကာ ဝူးခနဲ မောင်းထွက်သွားကြသည်။ ဆိုင်ထဲမှာ ဖုန်တလုံးလုံး ကျန်ရစ်ခဲ့သည်။ ကျွန်မ ချောင်းတောင် ဆိုးလာသည်။ အစ်ကိုကြီးကတော့ အေးဆေးပဲ။

"စစ်တပ်က ဆန္ဒပြတာတွေ၊ စုဝေးတာတွေ မကြိုက်ဘူးကွဲ့"

"ချစ်သူနှစ်ဦးအတွက် အထိမ်းအမှတ်ပွဲလေးပဲကို"

"ဘာပွဲဖြစ်ဖြစ် စုတာ ရုံးတာကို ကြိုက်ကို မကြိုက်တာ။ သေနတ်နဲ့ လူတွေဟာ ဘာကို အကြောက်ဆုံးလဲ သိလား၊ သေနတ် ကိုင်ထားတဲ့ တခြားလူတွေကို မဟုတ်ဘူးနော်၊ လူမိုက် လူရမ်းကားတွေဟာ တခြား လူမိုက်တွေကို အကြောက်ဆုံးလား၊ မဟုတ်ဘူး၊ တစ်ကိုယ်ကောင်းသမားတွေ အကြောက်ဆုံး ကရော ဘာလဲ၊ အားလုံးဟာ ချစ်ခြင်းမေတ္တာကို အကြောက်ဆုံးကွဲ့"

"ဒါပေမဲ့လည်း မိမိ အိမ်ကို ပန်းစည်းတွေ ယူသွားကြရုံပဲ မဟုတ် လား၊ အဲဒါ ဘာအန္တရာယ်ရှိလို့လဲ"

"ချစ်တတ်တဲ့လူတွေဟာ အကြောက်အလန့်မရှိတဲ့အတွက် အန္တရာယ် သိပ်ကြီးတာပေါ့"

အစ်ကိုကြီးက ပိုက်ဆံရှင်းမည် ပြုသည်။ စားပွဲထိုးကလေးမလေးက သူ့ကို ဗမာလို ပြောနေသည်။ သူက ပြန်ပြောပြီး ရယ်နေကြသည်။ ဘာတွေ ပြောနေမှန်းတော့ မသိ။

"ကဲ– ပိုက်ဆံမယူဘူးတဲ့ ဆိုင်ရှင်က"

"ကျေးဇူးတင်ပါတယ်"

"သူက ညည်းကို ကျေးဇူးတင်နေတာ"

"ဟင်– ဘာဖြစ်လို့လဲ"

"ကြင်နာသနား စာနာထောက်ထားတာကို ပြခွင့်ရလို့တဲ့"

ဘာတွေပြောနေမှန်း မသိ၊ သူ့ဒဿနကို စောကြောဖို့ ကျွန်မ မောလွန်း လှပြီ။ ခေါင်းညိတ်ရင်း ထရပ်လိုက်သည်။

"မြင်းလှည်း ငှားလိုက်မယ်လေ၊ ငါ့နှမ ပင်ပန်းနေရောပေါ့"

"နေပါစေ မဝေးပါဘူး လမ်းလျှောက်နိုင်ပါတယ်"

အစ်ကိုကြီးက ချောင်းဆိုးပြန်သည်။ ချောင်းခြောက် ပြင်းရှရှ။

mgyoe.com

mgyoe.com SAMPLE BOOK


''အအေးမိနေလား အစ်ကိုကြီး''

သူက ခေါင်းခါပြရင်း ကျွန်မလက်မောင်းကို ဆွဲကာ လျှောက်လာသည်။ သို့သော်လည်း ကျွန်မက ဦးဆောင်ပြီး မြန်မြန် သွက်သွက် လျှောက်လိုက်သည်နှင့် အစ်ကိုကြီးက လက်မောင်းကို ဆွဲဆွဲထားသလို ခံစားမိသည်။ နေမင်းကား လက်တံတွေ ရှည်ထွက်လာခဲ့ပြီ။ မကြာခင် တောင်တန်းကြီးတွေနောက်သို့ ပုန်းကွယ်သွားတော့မည်။ လေက သိသိသာသာ အေးလာခဲ့ပြီ။

ကျွန်မ ပစ္စည်းတွေ ထုပ်ပိုးပြီး ယူလာလိုက်သည်။ ဟိုတယ်ခကို နှစ်ညစာ ရှင်းလိုက်သည်။ အစ်ကိုကြီးကတော့ အပြင်းအထန် ကန့်ကွက်နေသည့် ကြားက ကျောပိုးအိတ်ကို မရမက လွယ်ပြီး ရှေ့မှ စိုက်စိုက်စိုက်စိုက် ဖြင့် သွားနှင့်ချေပြီ။

■ ■ ■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၉)

သူ့အိမ်ကို ဘယ်လိုများ ပြုပြင်ထားလဲဆိုတာ သိချင်လိုက်တာ သေမတတ်။ ကျွန်မ ပို့ခဲ့သည့်ငွေနှင့်ဆိုလျှင် သူ တစ်အိမ်လုံး အသစ် ပြန်ဆောက်၍ ရသည်ပဲ။

မြစ်ဘက်ဆင်းသည့် လမ်းကျဉ်းကလေးအတိုင်း ဆင်းလာခဲ့ကြသည်။ လမ်းလေးက သင်္ဘောပင်တွေ၊ ငှက်ပျောပင်တွေ စီတန်းလျက်။ အစ်ကိုကြီးသည် မကြာခဏ ရပ်ကာ အမောဖြေနေရသည်။ သို့သော်လည်း ကျောပိုးအိတ်ကို လုံးဝမပေး။ သစ်သားတံတားလေးကတစ်ဆင့် မြစ်ကိုကူး၊ ဖောက်နက်သည့် ကမ်းပါးယံကို တက်၊ လေပြင်းပြင်းတိုက်လျှင် တိမ်တွေကြား လွင့်သွားမလားထင်ရသည့် ခနော်ခနဲ့ တဲစုလေးတွေကို ဖြတ်လာခဲ့ကြသည်။ ခြံဝင်းတွေထဲမှာ အမှိုက် မီးရှို့ထားသဖြင့် မီးခိုးဖြူဖြူလေးတွေ ကောင်းကင်ပေါ်တက်နေသည်။ ကစားနေကြသော ကလေးများက ကျွန်မတို့ကို ငြိမ်ပြီး ရပ်ကြည့်နေကြသည်။

ပန်းနီနီလေးတွေ ပွင့်နေသည့် စက္ကူပန်းချုံကြီးက ဂိတ်ပေါက်ဝကိုပင်ဖုံးနေလေပြီ။ ထို့ကြောင့် အစ်ကိုကြီး၏ အိမ်ကလေးသည် မြင်ကွင်းထဲမှ ပျောက်နေသည်။ သူ့အိမ်ကလေးက ကျွန်မ မှတ်ဉာဏ်ထဲကအတိုင်း အပြောင်းအလဲဘာမျှ မရှိ၊ သံချေးတက် သွပ်တွေ မိုးထားသည့်၊ ဝရန်တာသေးသေးလေးနှင့် ရေနံ့သုတ် ကျွန်းအိမ်မည်းမည်းကလေး၊ အိမ်အောက်မှ ဝက်ကလည်း ဒီအတိုင်းပင်။

mgyoe.com

mgyoe.com

ဝရန်တာလေးပေါ် လှေကားမှတစ်ဆင့် တက်လိုက်ကြသည်။ တစ်ချက်ကြည့်ရုံဖြင့် အိမ်တွင်းအပြင်အဆင်က အရင်အတိုင်းပဲ ဆိုတာ သိလိုက်သည်။ အညိုရောင် ဆိုဖာထိုင်ခုံကြီး၊ ကုလားထိုင်နှစ်လုံး၊ စားပွဲလေး၊ ဗီရိုမည်းမည်းနှင့် လန်ဒန်မျှော်စင်ပန်းချီကား၊ နံရံပေါ်က အနီရောင်စင်ကလေးပေါ်မှာတော့ မိမိဓာတ်ပုံနှင့် သူ့ဆီ ကျွန်မ နယူးယောက်ကနေ ပို့ပေးလိုက်သည့် ဖေဖေ့ဓာတ်ပုံတို့ကို ယှဉ်တွဲထားသည်။ ဓာတ်ပုံတွေရှေ့မှာ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းတွေ။ ကျွန်မ အမှတ်မမှားဘူး ဆိုလျှင် အရင်က ဒါ ဘုရားစင်ပါ။

အိမ်ထဲမှာ နေရာအနှံ့ ရေပုံးသေးသေးလေးတွေ ခံထားတာ တွေ့ရသည်။ ပျားအုံကြီး ရှိရာနေရာသို့ ကမန်းကတန်း ကြည့်မိသည်။

"ဟယ်… ပျားတွေရော"

"ပျံသွားကြပြီ၊ တစ်နေရာရာမှာ အုံဖွဲ့နေကြမှာပေါ့"

ကျောပိုးအိတ်ကို ချရင်း အစ်ကိုကြီးက ပြောလိုက်သည်။

အမယ်လေး ကောင်းလိုက်တာ၊ စိတ်သက်သာရာ အတော်ရသွားသည်။

"ပျားတွေအစား မြွေနှစ်ကောင် ရောက်လာခဲ့တယ်"

"အောင်မယ်လေး… ဘာနှစ်ကောင်"

"မြွေဟောက်နှစ်ကောင်"

"အစ်ကိုကြီး မနောက်နဲ့နော်"

သူက ကျွန်မကို အံ့သြသလို ကြည့်ရင်း–

"အစ်ကိုကြီးတို့ သူ့စည်း ကိုယ့်စည်း ထားပြီး နေခဲ့ကြတယ်"

ဟု ဆိုလိုက်သည်။

"ဟင့်အင်း– ဟင့်အင်း၊ မြွေဟောက်ဆိုတာ သိပ်အဆိပ်ပြင်းတာ၊ တစ်ချက်ပေါက်တာနဲ့ သေမှာပဲ"

"သူတို့ ဘာဒုက္ခမှ မပေးကြပါဘူး"

မနေနိုင် မထိုင်နိုင် ထွန့်ထွန့်လူးနေသည့် ကျွန်မကို ကြည့်ရင်း အစ်ကိုကြီးက အံ့သြနေသည်။

ကျွန်မ စားပွဲပေါ် ခုန်တက်လိုက်သည်။

"ဘယ်မလဲ အဲဒီ မြွေတွေ"

"မသိဘူးကွဲ့"

"ဘာရယ်… မသိဘူး ဟုတ်လား"

mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်မ ရှုးချင်သလိုလို အော်ချင်ဟစ်ချင်သလိုလို ဖြစ်လာသည်။

"တစ်ရက်မှာတော့ သူတို့ ပျောက်သွားကြတယ်"

"ဟင်- အဲဒါ ဘာအဓိပ္ပာယ်လဲ၊ ဘယ်တုန်းက ပျောက်သွားတာလဲ"

သူက စဉ်းစားနေသည်။

"အင်း- သေချာမမှတ်မိဘူး၊ အချိန်က အစ်ကိုကြီးအတွက် အရေးမှ မပါတာ၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကလား၊ နှစ်နှစ်လောက် ရှိပြီလား မသိ"

"ဟင်- ဒါဆို ဒီမှာ မရှိတော့ဘူးပေါ့"

"အင်းလေ ဘာဖြစ်လို့တုံး"

အသက်ရှူ အတော်ချောင်သွားသည်။

"အစ်ကိုကြီး မကြောက်ဘူးလား"

"ဘာကို ကြောက်ရမှာလဲ၊ ကောင်မလေးကလည်း"

သူ နောက်နေခြင်း မဟုတ်ပါ၊ ကျွန်မ အသည်းအသန် ကြောက်နေသည်ကို အမှန်တကယ် နားမလည်နိုင်ခြင်း ဖြစ်သည်။ ကျွန်မ သူ့ မျက်ဝန်းတွေက တစ်ဆင့် သိနေသည်။ သူ ဘာပြောနေတာလဲ ဆိုတာ သိချင်လိုက်တာ ဆိုသည့် အဓိပ္ပာယ်ရသော မျက်ဝန်းညို သေးသေးလေးတွေ။

"အကိုက်ခံရပြီး သေမှာကို ကြောက်ရမှာပေါ့ အစ်ကိုကြီးရဲ့"

သူက အကြာကြီး စဉ်းစားပြီးမှ အဖြေပေးသည်။

"မကြောက်ပါဘူး၊ အစ်ကိုကြီး ကြောက်တာ အဲဒါ မဟုတ်ဘူး"

ကျွန်မ သူ့ကို မနာလိုတောင် ဖြစ်လာသည်။

"ကဲ- ညည်းက အစ်ကိုကြီး ခုတင်မှာ အိပ်နော်"

သူက ခန်းဆီးစ အစိမ်းလေးကို လှပ်ကာ အခန်းကလေးကို ပြသည်။ သစ်သားခုတင်လေး တစ်လုံး၊ စားပွဲပုလေး တစ်လုံး၊ ကုလားထိုင်လေး တစ်လုံး နှင့် မျက်နှာကြက်ကနေ မီးသီးလေးတစ်လုံး တွဲလောင်းကျနေသည့် အခန်းလေး။

"ဖျာလည်း ရှိတယ်၊ ဖျာကတော့ အစ်ကိုကြီးရဲ့ ဓိမ်ခံပစ္စည်းပေါ့အေ"

သူက ဂုဏ်ယူဝင့်ကြွားစွာ ပြောနေသည်။

"ကဲ- လက်ဖက်ရည် သွားလုပ်လိုက်ဦးမယ်"

မီးဖိုထဲ သူ ဝင်သွားတော့ ကျွန်မ လိုက်ဝင်သွားလိုက်သည်။ ပန်းကန် စင်လေးပေါ်မှ ပန်းကန်ခွက်ယောက်တွေ၊ အောက်အဆင့်မှ ကြက်ဥတွေ၊ ခရမ်းချဉ်သီး တွေ၊ ကြက်သွန်ဖြူတွေ၊ ချင်းတွေ၊ အာလူးတွေ၊ အခန်းထောင့်က ထင်းတွေ။

mgyoe.com

mgyoe.com
SAMPLE BOOK


အစ်ကိုကြီးက မီးမွေးသည်။ မီးပြောင်းဖြင့် မှုတ်သည်။ ထင်းထည့်သည်။ မီးခိုးတွေက ခေါင်မိုးပေါက်မှ တလူလူထွက်။

ဒီလိုနေရာမျိုးမှာ ကျွန်မ တကယ်နေနိုင်လို့လား။ ဆောင့်ကြောင့်ထိုင် အိမ်သာကို သုံးရမည်။ ရေတွင်းထဲက ရေကို ချိုးရမည်။ အင်း- ကလောပတိုတယ် ကို ပြန်ဖို့ ဘယ်လိုများ ပြောရပါ့မလဲနော်၊ ခက်လိုက်တာကို။

လင်ပန်းလေးပေါ်မှာ လက်ဖက်ရည်ခွက်ဘူး၊ မတ်ခွက်နှစ်ခွက်၊ နေကြာစေ့လှော် တစ်ပန်းကန်၊ ကျွန်မတို့မောင်နှမ ဧည့်ခန်းထဲ ပြန်ထွက်လာ ခဲ့ကြသည်။

အေးလာပြီ၊ ကျောပိုးအိတ်ထဲက လုံးစွပ်ဆွယ်တာ ထုတ်ဝတ်လိုက် သည်။ ရေပုံးတစ်ပုံးကို ခလုတ်တိုက်မိသည်။

"အစ်ကိုကြီး ဘာလို့ ရေပုံးတွေ လျှောက်ထားထားတာတုံး"

သူက ခုမှ ရေပုံးတွေကို သတိထားမိပုံရသည်။

"သြော်- ရေယိုတယ်လေ၊ ဒါကြောင့် ရေခံထားတာ၊ မပူပါနဲ့ အိပ်ခန်း က ရေမယိုပါဘူး"

"အိမ်ကို ဘာလို့ မပြင်တာလဲ"

"ဈေးကြီးတယ်ကွဲ့၊ သစ်ဈေးက ခေါင်ခိုက်နေတာ"

"ဟင်- ကျွန်မ ပို့ပေးတဲ့ ငွေနဲ့ဆို အိမ်အသစ်တောင် ဆောက်လို့ ရတာကို"

သူက ခေါင်းလေးစောင်းကာ ကျွန်မကို ကြည့်ရင်း-

"အင်း- အမှန်ပဲ"

ဟု စဉ်းစားရင်း ပြောနေသည်။

"ဒါဆို ဘာလို့ မဆောက်တာလဲ၊ ငွေတွေ ဘယ်ရောက်သွားလဲ"

မေးပြီးမှ လွန်သွားမှန်း သိလိုက်သည်။ သူ့ကို ပေးပြီးသည့်နောက်မှ တော့ သူ ဘာလုပ်လုပ်ပေါ့။ ကျွန်မက ပုလိပ်စစ် စစ်နေစရာ မလို။

"အင်းလေ ဒါက အစ်ကိုကြီး ကိစ္စပါ၊ ကျွန်မက အိမ်လေးကို ပြင်ဖို့…"

"ညည်းမေးတာ မှန်တာပဲ ကောင်မလေးရဲ့၊ ဒီငွေတွေကို ငါ ဘာလုပ် လိုက်မိပါလိမ့်၊ ခဏလေး စဉ်းစားပါရစေဦး၊ တချို့ကို လက်ဖက်ရည်ဆိုင်ရှင် ကို ပေးလိုက်တယ်၊ စားသောက်ဆိုင်သစ် ဖွင့်နိုင်အောင်လို့၊ အိမ်နီးနားချင်းရဲ့ မိန်းမက ရန်ကုန်မှာ ဆေးရုံတက်ဖို့ ငွေမရှိဘူး၊ သူ့ကို နည်းနည်းပေးတယ်၊

mgyoe.com

mgyoe.com SAMPLE BOOK


မိတ်ဆွေတစ်ယောက်ရဲ့ သားက တောင်ကြီးမှာ ပညာသင်ဖို့ ငွေလိုတယ်၊ သူ့ကို နည်းနည်းပေးတယ်''

တော်ပါတော့ အစ်ကိုကြီးရယ်၊ ဆက်မပြောပါနဲ့တော့၊ သူ တစ်ခု ပြောလိုက်တိုင်း အရှက်တရားက ကျွန်မကို သည်းထန်စွာ လာရိုက်ခတ်သည်။

''လွန်ခဲ့တဲ့ နှစ်နှစ်လောက်က မိုးခေါင်တော့ သီးနှံအထွက်ညံ့တယ်၊ တောင်သူတွေ ဒုက္ခရောက်ကြတယ်၊ သူတို့ကို နည်းနည်းစီ ပေးရတယ်''

သူ ခဏငြိမ်သွားသည်။ ပြီးတော့ ထ အော်သည်။

''ဟုတ်ပြီ ဟုတ်ပြီ၊ မေ့နေလိုက်တာ အစ်ကိုကြီးအတွက် ဝယ်ထားတာ ရှိတယ်၊ သိပ်ကောင်းတာ''

ကက်ဆက်ကလေးတစ်လုံးကို ယူလာပြီး ဂုဏ်ယူဝင့်ကြွားစွာ ပြနေသည်။

''ဒါ ငါ့နှမ ပေးတဲ့ငွေနဲ့ အစ်ကိုကြီး ဝယ်ထားတဲ့ ပစ္စည်းပေါ့၊ ရန်ကုန် လူကြုံရှိတိုင်း အခွေသစ်တွေ မှာမှာလိုက်တယ်၊ ခဏလေး''

သူက အခွေတစ်ခွေကို ကက်ဆက်ထဲထည့်ကာ ဖွင့်လိုက်ပြီး ကျွန်မ ကို မျှော်လင့်တကြီး ကြည့်နေသည်။

ဂန္ထဝင်ဂီတသံ ထွက်ပေါ်လာခဲ့သည်။

''ညနေ ညနေဆို ဒီဂီတကို အိမ်နီးနားချင်းတွေ လာနားထောင်ကြ တယ်ကွဲ့၊ သိပ်ကောင်းတာ''

သံစုံတီးဝိုင်း၏ ဂီတသံကို ကျွန်မ အာရုံစိုက် နားထောင်နေမိသည်။ ဂီတသံက ရင်းနှီးသလို ရှိသော်လည်း နားထဲမှာ ထူးဆန်းနေသည်။ ဘီသိုဗင် သို့မဟုတ် ဘရေဟမ်၏ ဂီတကို မူးရူးနေသည့် ဂီတသမားနှစ်တွေ စုပြီး ထင်သလို တီးမှုတ်နေကြသလိုပင်။ တရုတ်ကက်ဆက်က အသံထွက်မမှန်၊ အသံရှိန် မမှန် ပါကလား။

''အစ်ကိုကြီး ကက်ဆက်က အသံထွက်တာ တစ်မျိုးပဲ''

''ဟင်- ဟုတ်လား''

ခေါင်းညိတ်ပြလိုက်သည်။ ကြောင်တွေ ဝိုင်းအော်သလို စူးစူးရှရှ မြန်မြန်ကြီး ထွက်နေသည့် ဂီတသံကြောင့် နားတွေတောင် အူပြီး နာလာသည်။

အစ်ကိုကြီးက ဘာပြောရမှန်း မသိသလို ခဏ တိတ်နေပြီး ပြောပြန်သည်။

''ကိစ္စမရှိပါဘူးကွယ်၊ ဒီဂီတဟာ သိပ်လှတာပါ၊ ဘယ်လို အသံမျိုး ဖြစ်ဖြစ် အစ်ကိုကြီးအတွက် အဆင်ပြေပါတယ်''

mgyoe.com

mgyoe.com  SAMPLE BOOK 

မျက်လုံးမှိတ်ရင်း တယောသံတွေကို သူ နားဆင်နေသည်။

"အစ်ကိုကြီးအတွက်ကတော့ ဒါက ပိုကောင်းတယ်၊ ဒါက ညံ့တယ်လို့ နှိုင်းယှဉ်စရာမှ မရှိဘဲကွယ်၊ ဒါဟာ ပျော်ရွှင်စရာကောင်းတဲ့ ဘဝတစ်ခု ရဖို့ လျှို့ဝှက်ချက်ကွဲ့ ငါ့ညီမရဲ့"

ဟုတ်ပ၊ အစ်ကိုကြီးသည် ဂီတစည်းချက်နှင့်အတူ စီးမျော ပျော်ဝင်နေသည်ပဲ။ သူ မျက်လုံးတွေ မှိတ်ပြီး သာယာကျေနပ်နေချိန်မှာပင် တယောသံတွေ တိခနဲ ရပ်သွားပြီ ရုတ်တရက် မှောင်ကြီးကျသွားသည်။ အရိပ်ပင် မမြင်ရ။ အင်းဆက်ကလေးတွေ အော်သံနှင့် အိမ်နီးနားချင်း အသံတွေသာ လွှမ်းသွားခဲ့သည်။

"အင်း– မီးပျက်ပြန်ပြီ၊ ခုတစ်လော ခဏခဏ ပျက်တော့တာပဲ"

အစ်ကိုကြီးက သက်ပြင်းချရင်း ထရပ်သည်။ မီးခြစ် ခြစ်သံနှင့်အတူ သူ့မျက်နှာကို ပြန်မြင်ရသည်။ သူက တစ်အိမ်လုံးအနှံ့ ဖယောင်းတိုင်တွေ လိုက်ထွန်းသည်။ နွေးထွေး ဖျော့တော့သည့် ဖယောင်းတိုင်အလင်းက ယိမ်းနွဲ့နေသည်။ သူက မတ်ခွက်ထဲ လက်ဖက်ရည် ဖြည့်ပေးရင်း–

"တစ်ခါတလေလည်း မီးက ခဏနဲ့ ပြန်လာတယ်၊ တစ်ခါတလေလည်း မလာတော့ဘူး၊ နောက်နေ့မှ ပြန်လာတော့တယ်"

ဟု မရေမရာ ပြောသည်။

လက်ဖက်ရည် သောက်ရင်း ပင်ပန်းနွမ်းနယ်မှုကို ခံစားရသည်။

အစ်ကိုကြီးက ကုလားထိုင်ပေါ် ပြန်ထိုင်ရင်း–

"ကဲ– ပြောပါဦး၊ ညည်းရော ဘယ့်နှယ်တုံး၊ အချိန်ကောင်း အခါကောင်း နက္ခတ်ကောင်းတွေ ကြုံရဲ့လား၊ ဆုံရဲ့လား"

ကောင်းပါတယ်၊ ကျေးဇူးပါ၊ သိပ်ကောင်း၊ ဒီလိုပါပဲ၊ ပြဿနာမရှိ၊ ပိုဆိုးလာသလား မသိ။

အဲသလို မေးလာလေတိုင်း ဖြေခဲ့ဖူးသည့် အဖြေတွေကို အမှတ်ရမိသည်။ အစ်ကိုကြီးကို အဲသလို ပေါ့ပြက်ပြက် ဖြေ၍ မဖြစ်။ စော်ကားသလို ဖြစ်လိမ့်မည်။

"အစ်ကိုကြီးက တယ်မေးတတ်တာပဲ"

ကျွန်မ ဝေ့လည်ကြောင်ပတ် ဖြေလိုက်သည်။

"မမေးတတ်ပါဘူးအေ၊ ခပ်တုံးတုံး မေးခွန်းပါ၊ ဒီလို မေးမိတာကို ခွင့်လွှတ်ပေတော့ နှမရေ၊ နှစ်ပေါင်းများစွာ ကြာပြီးမှ ပြန်တွေ့ရတာကို အချိန်

mgyoe.com

m gyoe.com SAMPLE BOOK

အခါကောင်းစရာ လိုလို့လား နော၊ ဘဝ ဆိုတာက အံ့သြစရာ အလှည့်အပြောင်းတွေလည်း ကြုံနိုင်တာကိုး၊ ကံဆိုးမလိုလိုနဲ့လည်း ကောင်းတတ်၊ ကောင်းမလိုလိုနဲ့လည်း ဆိုးတတ်တယ်ကော၊ အစ်ကိုကြီးက ငါ့ညီမ မေတ္တာထား ခံရရဲ့လား၊ ပျော်ရဲ့လားပဲ သိချင်တာပါ''

ဖယောင်းတိုင်မီး အလင်းအောက်မှ သူ့ကို ခိုးကြည့်ရင်း မငိုမိအောင် အားတင်းထားရသည်။ သူ့အမေးကို 'ဟုတ်ကဲ့ရှင့်' ဟု မဖြေနိုင်လို့လား၊ အစ်ကိုကြီး စကားက နှလုံးသားထဲမှာ သိပ်ခံစားရ၍လား မသိ၊ ငိုချင်လာသည်။

မေတ္တာထား ခံရရဲ့လားတဲ့၊ မေမေကတော့ မေတ္တာထားတာ သေချာသည်။ အစ်ကိုကတော့ မသေချာ။ အေမီက သေချာသည်။ လူနှစ်ယောက် မေတ္တာနှစ်မျိုးဖြင့် အချစ်ခံရတာတော့ အမှန်ပါပဲ။ တခြားလူတွေတော့ ခေါင်းထဲ မဝင်လာ။

တော်ပြီလား၊ လုံလောက်ပြီလား၊ ဘာအတွက်လဲ၊ ပျော်ဖို့အတွက် လူဘယ်နှယောက်လောက်ရဲ့ အချစ်ကို ခံရဖို့ လိုသလဲ၊ တစ်ယောက်တည်းလား၊ နှစ်ယောက်လား၊ ငါးယောက်လား၊ ဆယ်ယောက်လား၊ မျက်စိအောက်က အပျောက်မခံအောင် ဂရုစိုက်တတ်သည့် တစ်ယောက်ဆို၊ လုံလောက်ပြီလား။ ကြောက်ရွံ့ခြင်းမှ ကင်းဝေးစေမည့် တစ်ယောက်၊ ရှင်သန်ခြင်း၏ အဓိပ္ပာယ်ကို ပေးစွမ်းနိုင်သည့် တစ်ယောက်။ အဲသလို လူမျိုးတော့ ကျွန်မဘဝမှာ မရှိခဲ့ပါ။

အချစ် ဘယ်က စသလဲ၊ အချစ် ဘယ်မှာ ဆုံးသလဲ။

အစ်ကိုကြီး၏ မျက်လုံးတွေက ကျွန်မ လက်သူကြွယ်တွေဆီ ရောက်လာသည်။ သူ ဘာကို ဆိုလိုတာလဲ ဆိုတာ ကျွန်မ ကောင်းကောင်းသိသည်။

''မိုက်ကယ်နဲ့ ကိစ္စကတော့ ပြောရမှာ အရှည်ကြီးပဲ အစ်ကိုကြီးရယ်''

သက်ပြင်းချရင်း ကျွန်မ ပြောလိုက်သည်။ တစ်သက်တာ ထာဝရ အချစ် မဖြစ်နိုင်တော့ပေမယ့် ငံ့လင့်နေတုန်းပါပဲလေ။

ကျွန်မ မသက်မသာ ဖြစ်နေတာကို အစ်ကိုကြီးက ချက်ချင်းသိသည်။

''မေးမိတာ ခွင့်လွှတ်တော့ နှမရေ၊ ခရီးရောက်မဆိုက် အလိုက်ကမ်းဆိုးမသိ မေးမိတယ်၊ အစ်ကိုကြီး စိတ်မကောင်းပါဘူးကွယ်၊ ဒါကလည်း အစ်ကိုကြီး စိတ်လှုပ်ရှားနေတာကိုး၊ ညည်းကို မတွေ့ရတော့ဘူး ထင်ရာက ရုတ်တရက် ပြန်တွေ့ရတာကိုး အေ၊ တော်ပြီ မမေးတော့ဘူးနော်''

သူက နှုတ်ခမ်းပေါ် လက်ညှိုးလေး တင်ရင်း ပြောရှာသည်။

သူ လုပ်ပြနေပုံကြောင့် ကျွန်မ ရယ်ချင်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

''ပြောပြမှာပေါ့ အစ်ကိုကြီးကလည်း၊ ခုတော့ အိပ်ချင်ပြီ''

သူ ခုန်ထလိုက်သည်။

''အား- ဟုတ်တာပေါ့ ညှဲ့ပါ့ကွာ၊ ကဲ- ကဲ- အိပ်ရာပြင်ပေးမယ်''

ဆိုဖာခုံရှည်ပေါ်မှာပဲ အိပ်မည်ဟု ကျွန်မ အတင်းအကျပ် ပြောသည်။ အကြိတ်အနယ် ဈေးဆစ်အပြီးမှာတော့ သူ လက်ခံလိုက်ရသည်။ ကျွန်မအတွက် စောင်ထူထူတစ်ထည်၊ ခေါင်းအုံးတစ်လုံး ယူပေးပြီး ဖယောင်းတိုင်မီးတွေ တစ်တိုင်ပြီး တစ်တိုင် လိုက်မှုတ်သည်။ စားပွဲပေါ် ဓာတ်မီးတင်ပေးပြီး အိမ်သာကို သွားတတ်ရဲ့လား မေးသည်။ သက်သောင့်သက်သာ ရှိရဲ့လား၊ အဆင်ပြေရဲ့လား ထပ်ကာထပ်ကာ မေးပြီး ကျွန်မ နဖူးခေါင်းလေးကို ပွတ်သပ်ပေးရင်း ကောင်းကောင်း အိပ်ပျော်စေကြောင်း ဆုမွန်ကောင်းတွေ တောင်းပေးနေသည်။

သူ အိမ်ရှေ့မှာ တစ်ခုခု လုပ်နေသည်။ ရေသံတွေ ကြားရသည်။ ချောင်းဆိုးသံတွေ ကြားရသည်။ ခုတင်ပေါ် တက်သံ တကျွိကျွိ ကြားရသည်။ ခဏနေတော့ နောက်ဆုံးလက်ကျန် ဖယောင်းတိုင်မီး ငြိမ်းသွားခဲ့သည်။

ဆိုဖာခုံက ထင်တာထက် ပိုဇိမ်ကျသည်ပဲ။ ဒီခုံကြီးပေါ် ပထမဆုံးအကြိမ် အိပ်ခဲ့ရတုန်းက အင်မတန် စည်းစိမ်ရှိတာကို ပြန်အမှတ်ရသည်။ ဒီညတော့ အဆမတန် ပင်ပန်းနေပေမယ့် အိပ်ပျော်ဖို့ ခက်လိမ့်ဦးမည်ပင်။

နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် ဖေဖေ့ကို သတိရသည်။ ဖေဖေ့အကြောင်း တွေးမိသည်။ သူ ကျွန်မနားမှာ ထိုင်၊ ကျွန်မ လက်ကလေးကို ကိုင်ပြီး သူ့အသံ နူးနူးညံ့ညံ့လေးနဲ့ သာယာညင်းပျောင်းစကားတွေ ပြောတာ ကြားချင်လိုက်တာ။ ခုနက ဘယ်သူတွေ အချစ်ကို ခံရလဲဆိုတာ စဉ်းစားတော့ ဖေဖေ့ကို မေ့ချန်ခဲ့သည်။ မရဏကမ္ဘာသို့ ရောက်နေပေမယ့် ဖေဖေ့မေတ္တာက ကျွန်မပေါ် သက်ရောက်ဆဲသာ။ ဘယ်သူမှ ဒါကို ယူဆောင်သွားနိုင်စွမ်း မရှိ။

ထိုအတွေးက စိတ်ချမ်းမြေ့စေပေမယ့် အိပ်၍တော့ မပျော်နိုင်သေးပါ။ မကြာခင် အဖော်ရောက်လာတော့မည်ကို ကျွန်မ သိနေသည်။ ဆိုဖာပေါ်လှဲရင်း အင်းဆက်သံလေးတွေကို နားစွင့်နေရင်း... ဟော...။

*'ဒီ က ထွက် သွား စမ်း ပါ...'*

ကျွန်မ ထွက်လာပြီးကတည်းက ခုမှ သူ ပေါ်လာခဲ့သည်။ သူ ဘာလိုချင်လဲ ဆိုတာ ကျွန်မ သိပါသည်။ နယူးယောက်မှာကတည်းက ဒီခရီးကို မလာဖို့ သူ အကြိမ်ပေါင်းများစွာ သတိပေးခဲ့သည်။

'ဘာ လို့ ထွက် သွား ရ မ တုံး၊ ကျွန် မ ဒီ မှာ နေ မှာ...'

mgyoe.com

'အဲ လို မ လုပ် ပါ နဲ့၊ မြန် မြန် ထွက် သွား ပါ၊ သိပ် နောက် မ ကျ ခင် သွား ပါ…'

'ဘာ ဖြစ် လို့ လဲ'

'ငါ ဒီ နေ ရာ ကို သိ တယ်၊ နင် ဘယ် ရောက် နေ လဲ ဆို တာ သိ တယ်၊ ဒီ နေ ရာ ဟာ နင့် အ တွက် ကံ ဆိုး ခြင်း တွေ ပဲ ဆောင် ယူ လာ မှာ'

'ဘယ် လို ကံ ဆိုး ခြင်း တွေ လဲ…'

'နင့် ကို လာ ခေါ် ကြ မှာ…'

'ဘယ် သူ မှ လာ မ ခေါ် ပါ ဘူး…'

'ဒါ နင့် အ ထင် လေ၊ နင် မှ သူ တို့ ကို မ သိ တာ'

'ဘယ် သူ တွေ လဲ…'

'ဘွတ် ရှူး အ နက် တွေ ပေ့ါ၊ နေ့ ဖြစ် ဖြစ်၊ ည ဖြစ် ဖြစ်၊ သူ တို့ ကြိုက် တဲ့ အ ချိန် လာ နိုင် တယ်၊ သူ တို့ ကြိုက် တဲ့ လူ ကို ခေါ် နိုင် တယ်'

'ကျွန် မ ကို ခေါ် လို့ မ ရ ပါ ဘူး'

'ရ တယ်၊ နင် လည်း တူ တူ ပဲ…'

'ကျွန် မ အစ် ကို ကြီး က ကာ ကွယ် ပေး လိမ့် မယ်…'

'ဘယ် သူ မှ မ ကာ ကွယ် ပေး နိုင် ဘူး…'

'ကျွန် မ က နိုင် ငံ ခြား သူ ပဲ…'

'သူ တို့ ဂ ရု မ စိုက် ဘူး၊ အ ဘိုး ကြီး ၊အ ဘွား ကြီး၊ မိန်း မ၊ က လေး ကြိုက် တဲ့ လူ ကို ကြိုက် သ လို ခေါ် သွား နိုင် တယ်'

'နေ ပါ ဦး၊ ခေါ် ပြီး ဘာ လုပ် ကြ တာ လဲ…'

'ဇာတ် လမ်း တွေ မျိုး စုံ ကြား ရ လိမ့် မယ်၊ အဲ ဒီ ကို ရောက် နှင့် ပြီး သား လူ တွေ ဆီ က၊ ပြန် လာ လို့ ရ တဲ့ လူ တွေ ဟာ အ ရမ်း ပြောင်း လဲ သွား တယ်…'

'သူ တို့ ရှင့် ကို ခေါ် သွား တာ လား…'

'ငါ မ ဟုတ် ဘူး…'

'ဒါ ဖြင့် ဘယ် သူ တုံး…'

'ငါ့ သား၊ အဲ ဒါ ပို ဆိုး တယ်၊ ကျန် ရစ် ခဲ့ သူ ဟာ ဒဏ် ရာ ဗ ရ ပွ၊ ပြောင်း လဲ ရ တာ ပဲ'

mgyoe.com